# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### လွတ်မြောက်အောင် အားထုတ်

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင်ပြေးလွှားတတ်သော စိတ်ကိုထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။ **စိတ္တဝဂ်(ဓမ္မပဒ-၃၇)**


၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၃၀ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၃၀၁)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ရန်ကုန်တိုင်းဒေသကြီးရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၉**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် တိုင်းဒေသကြီးအစိုးရ၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လမ်းညွှန်အမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေနှင့် တရားသူကြီးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ✻


နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် တိုင်းဒေသကြီးအစိုးရ၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် လမ်းညွှန်အမှာစကား ပြောကြားစဉ်။

သတင်းစဉ်

❝ ဒီမိုကရေစီစနစ်တွင် တရားဥပဒေစိုးမိုးရေးသည် အဓိက ကျသောကြောင့် ဒီမိုကရေစီကို လိုလားပါက ဥပဒေကို လေးစားလိုက်နာရန်နှင့် လူပုဂ္ဂိုလ် တစ်ယောက်နှင့် တစ်ယောက်၊ အဖွဲ့အစည်း တစ်ဖွဲ့နှင့် တစ်ဖွဲ့ အပြန်အလှန်ရှိသေလေးစားမှုရှိရန်လို ❞




KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# စုပေါင်းအင်အားဖြင့် သဘာဝအန္တရာယ်ကို ရင်ဆိုင်

ကမ္ဘာတစ်ဝန်း ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများက ၂၁ ရာစု ဦးပိုင်းကာလမှစကာ သိသိသာသာ ထင်ထင်ရှားရှားဖြစ်လာသည်ဟု သုတေသီတို့က ဆိုစမှတ်ပြုကြသည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းလိုလိုတွင် ကြုံတွေ့ကြရပြီး ယင်း၏အကျိုးဆက် အနေဖြင့်မှု ကောင်းကျိုးထက် ဆိုးကျိုးကို ပိုမိုခံစားကြရသည့် နိုင်ငံများကသာ အများစုဖြစ်သည်။ မိုးခေါင်ခြင်း၊ အပူလှိုင်းကျရောက်ခြင်း၊ မုန်တိုင်း တိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းခြင်း၊ ရေကြီးခြင်း၊ တောင်ကျရေစီးဆင်းခြင်း၊ မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ပြင်းပြင်းထန်ထန်၊ အကြိမ်ရေများများဖြစ်ပေါ်ကာ သဘာဝဘေး အန္တရာယ်များကို နိုင်ငံအသီးသီးတို့ရှိ ပြည်သူများ ခံစားကြရသည်။

လတ်တလောရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများကြောင့် မိမိတို့နိုင်ငံရှိ ဒေသအချို့တို့တွင် ရေဘေးဒုက္ခများ ခံစားနေကြရချိန်တွင် မိမိတို့၏အိမ်နီးချင်းနိုင်ငံများတွင်လည်း မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးရေလျှံခြင်း ဘေးဒုက္ခများနှင့် ရင်ဆိုင်နေကြရသည်ကို သတင်းများတွင် တွေ့ရသည်။ အာရှအရှေ့ဖျားနိုင်ငံတစ်ခုဖြစ်သည့် ဂျပန်တွင်မူ ပြီးခဲ့သည့် ရက်သတ္တပတ်အနည်းငယ်ခန့်က မိုးကြီးသည်းထန်စွာရွာသွန်းကာ မြေပြိုမှုများကြောင့် လူပေါင်း ၂၀၀ ကျော် သေဆုံးခဲ့ရသည့် အဖြစ်ဆိုးနှင့်ရင်ဆိုင်ခဲ့ရာမှ လွန်ခဲ့သည့် တစ်ရက်နှစ်ရက်ကမူ အပူလှိုင်းကျရောက်သည့် ဒုက္ခကို ခံစားနေရပြန်သည်။

ဂျပန်တွင် ရင်ဆိုင်နေရသည့် အပူလှိုင်းသည် ဗြိတိန်၊ ကနေဒါနှင့် အိုမန်တို့ကို ဆက်စပ်လျက် မြောက်ကမ္ဘာလုံးခြမ်းတွင် ရက်ရှည်ကြာကျရောက်နေသည့် အခြေအနေကို တွေ့မြင်နေရပြီး အပူချိန်စံချိန်ချိုးကာ ဆွီဒင်၊ ဂရိနှင့် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားတို့တွင် လောင်ကျွမ်းခဲ့သည့် တောမီးများ၊ လူသေဆုံးမှုများနှင့် ဆက်နွှယ်နေကြောင်းကိုလည်း နိုင်ငံတကာသတင်းများတွင် တွေ့ရှိရသည်။ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို နိုင်ငံအများ မလွဲသာ မရှောင်သာ ခံစားကြရသည့်နေရာတွင် မိမိတို့နိုင်ငံက အားအနည်းဆုံးနိုင်ငံများစာရင်းတွင် ဝင်နေသည်ဟူ၍ လည်းကောင်း၊ မိမိတို့နိုင်ငံ၏ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုမှာ ကမ္ဘာ့အလယ်အလတ်အဆင့်လည်းမက အဆိုးဆုံးအဆင့်လည်းမကျသော အဆင့်တစ်ခုတွင် ရှိနေသည်ဟူ၍ လည်းကောင်း သုံးသပ်ဖော်ပြမှုများနှင့်စပ်လျဉ်း၍မူ မှန်ကန်တိကျစွာ ဆန်းစစ်မှု၊ နှိုင်းယှဉ်သုံးသပ်မှုများပြုလုပ်ရန် လိုကောင်းလိုမည်ဖြစ်သော်လည်း အချိန်မရွေးရင်ဆိုင်ကြုံတွေ့ကြရမည့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် ဆက်စပ်သည့်သဘာဝဘေးအန္တရာယ်များကိုမူ အခါမလပ် သတိချပ်၍ ရင်ဆိုင်ကျော်လွှားနိုင်ဖို့ ပြင်ဆင်ထားကြရမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲဖောက်ပြန်မှုသည် စိုက်ပျိုးရေးအပေါ် အဓိကမှီခိုအားထားနေရသည့် မိမိတို့နိုင်ငံအဖို့ ကြီးမားလှစွာသော ထိုးနှက်ချက်ပင်ဖြစ်သည်။ မိုးရွာသွန်းမှုပုံစံ ပြောင်းလဲခြင်းနှင့် မုန်တိုင်းမိုးကဲ့သို့သော ပုံမမှန်ရွာသည့် မိုးတို့ကြောင့် စပါးအပါအဝင် စိုက်ပျိုးသီးနှံများကို ထိခိုက်ပျက်စီးစေကာ နိုင်ငံ၏ လူမှုစီးပွားအခြေအနေကို ထိခိုက်စေသည်။ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုတို့မှာ ရှောင်လွှဲ၍ မရသော သဘာဝဖြစ်စဉ်များသာ ဖြစ်သည့်အလျောက် ရင်ဆိုင်ကြရမည်သာ ဖြစ်သည်။ ယင်းသို့ ရင်ဆိုင်ကြရာတွင်လည်း "စုပေါင်းအင်အား" ဖြင့်သာလျှင် အရာရာကို ရင်ဆိုင်နိုင်ကြမည်ဟု ရှုမြင်မိပါကြောင်း။ ။

## ဦးစိုးလင်းဟန်အား ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် ဇူလိုင် ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလင်းဟန်အား ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။

**သတင်းစဉ်**

## ဖာပွန်မြို့နယ်အတွင်းရှိ ရေဘေးရှောင် ပြည်သူများအတွက် ထောက်ပံ့

**ဖာပွန် ဇူလိုင် ၂၉**

ကရင်ပြည်နယ် ဖာပွန်မြို့နယ်၌ သံလွင်မြစ်ရေ မြင့်တက်မှုကြောင့် ဖာပွန်မြို့နယ် ရပ်ကွက်/ကျေးရွာများ၌ ရေကြီးရေလျှံသဖြင့် ရေဘေးရှောင် စခန်းများ ဖွင့်လှစ်ထားရှိရာသို့ ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီခွဲတွင် ကရင်ပြည်နယ် အစိုးရအဖွဲ့က လှူဒါန်းထားသည့် စားသောက်ကုန်ပစ္စည်းများကို ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရေဘေးရှောင် အိမ်ထောင်စုများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက ဖာပွန်မြို့နယ်ရှိ ရေဘေးရှောင်ပြည်သူများအား တွေ့ဆုံကာ အားပေးစကားပြောကြားပြီး ဖာပွန်ခရိုင်အတွင်း ရေဘေးရှောင်စခန်း ၁၁ ခုမှ ရေဘေးရှောင် အိမ်ထောင်စု ၃၆၉ စု၊ လူဦးရေ ၁၇၅၈ ဦးတို့အတွက် ကရင်ပြည်နယ် အစိုးရအဖွဲ့မှ လှူဒါန်းထားသည့် ဆန်အိတ်နှင့် ခေါက်ဆွဲခြောက်ထုပ်များ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀ ပေးအပ်ခဲ့ပြီး ယွန်းစလင်းချောင်း၏ ရေအခြေအနေများနှင့် ကျေးရွာများရှိ ရေဝင်ရောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အလားတူ ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီက တာနာ၀ါ၊ Blessed Land ကုမ္ပဏီမှ တာဝန်ရှိသူများက ဖာပွန်မြို့နယ်အတွင်းရှိ ရေဘေးရှောင်ပြည်သူများအတွက် ဆန်အိတ် ၅၀၊ ဆီနှင့် စားသောက်ဖွယ်ရာများ စုစုပေါင်း တန်ဖိုးငွေကျပ် ၃၀၀၉၉၀၀ ကို လာရောက်ထောက်ပံ့ပေးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## ရွှေတိဂုံစေတီတော်ကြီးနှင့် သိင်္ဂုတ္တရကုန်းမြေ ကြံ့ခိုင်မှုအတွက် ပညာရှင်များလေ့လာနေ

**ရန်ကုန် ဇူလိုင် ၂၉**

ရွှေတိဂုံစေတီတော်ကြီးနှင့် သိင်္ဂုတ္တရ ကုန်းမြေကြံ့ခိုင်မှုအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပညာရှင်များပါဝင်သောအဖွဲ့က လေ့လာမှုများ စတင်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ရွှေတိဂုံစေတီ ကိုယ်လုံးတော်ကြံ့ခိုင်မှုရှိရေးအတွက် စက်တင်ဘာလတွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး အခြား ကြံ့ခိုင်မှုများအတွက် ဦးစားပေးအစီအမံများ ရေးဆွဲလျက်ရှိကြောင်း ရွှေတိဂုံစေတီတော် ဂေါပကရုံးအဖွဲ့မှူး ဦးထွန်းအောင်ငွေက ပြောကြားသည်။

လက်ရှိအချိန်တွင် အန္တရာယ်ဖြစ်လောက်သည့် အနေအထားမရှိခြင်းကြောင့် အရေးပေါ်ပြုပြင်ရမည့်နေရာ မရှိသေးကြောင်း သိရသည်။ မိုးတွင်းကာလ၌ ရေကြောင့်ပျက်စီးမှုများ မဖြစ်ပေါ်စေရေးအတွက် မိုးရွာနေသော အချိန်များတွင် လာရောက်လေ့လာနေကြခြင်းဖြစ်ကြောင်း သိရသည်။

ရေဆင်းမြောင်းများ၊ မြေထိန်းမြောင်းများ ကောင်းမွန်နေသည့်အတွက် သာမန်ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများအနက်မှ ဦးစားပေးလုပ်ကိုင်ဆောင်ရွက်မည့်လုပ်ငန်းကိုသာ အစီအမံများ ရေးဆွဲနေကြောင်း သိရသည်။ စေတီတော်ကြီးရှိ မြေထိန်းနံရံများသည် ရှေးဘုရင်များလက်ထက်က စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ဘိုးပိုင်စနစ်ကို အသုံးမပြုခဲ့သည့်အတွက် တာရှည်ခံရန်ဘိုးပိုင်စနစ်ကို ပြန်လည်အသုံးပြုရန် အစီအစဉ်များရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အစိုးရဌာနများမှ အနားယူထားသောပညာရှင်ကြီးများ ပူးပေါင်းပါဝင်သောအဖွဲ့က ပြုပြင်ထိန်းသိမ်းရေးအတွက် လေ့လာလျက်ရှိကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**




**ဇူလိုင် ၂၉ ရက်က သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်၌ တည်ဆောက်လျက်ရှိသည့် ဓာတ်လှေကားအတွက် ဦးသန်းဝင်း (သတင်းထောက်-သန်လျင်)-ဇနီး ဒေါ်ခင်စိန်၊ သားဖိုးလပြည့်မိသားစုက ဒုတိယအကြိမ် ငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီးကျော်မိုးကြည် (ငြိမ်း) က လက်ခံရယူစဉ်။** ကိုကြီးတင်

## ကျောက်ဖြူ မဒေးကျွန်းအနီး သံဇစ်မြစ်ရေနောက်ကျိပြီး အရောင်ပြောင်းနေခြင်း စစ်ဆေး

**ကျောက်ဖြူ ဇူလိုင် ၂၉**

ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ် မဒေးကျွန်းရေနက်ဆိပ်ကမ်းအထက်ပိုင်း မြစ်ကြောင်းတစ်လျှောက်ရှိ ရေများ နောက်ကျိနေပြီး ရေနံဆီအရောင်ကဲ့သို့ ဖြစ်ပေါ်နေမှုအပေါ် လူမှုကွန်ရက်တွင် ပျံ့နှံ့လျက်ရှိရာ အဆိုပါသတင်း မှန်ကန်မှုရှိ၊ မရှိ ဇူလိုင် ၂၉ ရက် မွန်းတည့် ၁၂ နာရီတွင် ကျောက်ဖြူခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ သွားရောက် ကွင်းဆင်းလှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းဖြစ်စဉ်ကို ကျောက်ဖြူခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ (MOGE) တာဝန်ခံ အရာရှိများ၊ ဆိပ်ကမ်းအာဏာပိုင်၊ ငါးလုပ်ငန်း၊ ပြည်တွင်းရေကြောင်း၊ သစ်တောနှင့်မီးသတ်ဦးစီးမှူး၊ မဒေးကျွန်း (CNPC) မှတာဝန်ရှိသူများ၊ မဒေးကျွန်းကျေးရွာမှ ရပ်မိ၊ ရပ်ဖများ၊ ကျောက်ဖြူမြို့မှ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ သွားရောက်ပြီး သံဇစ်မြစ်တစ်လျှောက် ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ရာ မဒေးကျွန်းရေနက်ဆိပ်ကမ်းမှ ရေမိုင် ၅ဒသမ၅ မိုင်ခန့်အကွာ၊ ခန့်မှန်းသုံးဖာလုံခန့်ရေပြင်အကျယ်တွင် မည်းညစ်နေသောရေများ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပြီး (**အောက်ပုံ**) ယင်းအနီးရှိ ငါးဖမ်းနေသူများကို မေးမြန်းခဲ့ရာ ရေနောက်ကျိပြီး အရောင်ပြောင်းနေခြင်းမှာ ၁၀ ရက်ခန့်ရှိနေကြောင်း၊ ငါး၊ ပုစွန်များ သေဆုံးသည်ကို မတွေ့ရပါကြောင်း ပြောကြားခဲ့သည်။

ယင်းဖြစ်စဉ်ကို ကွင်းဆင်းစစ်ဆေးအဖွဲ့မှ ရေနမူနာများရယူပြီး ဓာတ်ခွဲခန်းတွင် စစ်ဆေးနိုင်ရေးအတွက် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**



✻ ရှေ့စုံးမှ

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က လမ်းညွှန်အမှာစကားပြောကြားရာ၌ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ပိုမိုတိုးတက်မြင့်မားအောင် ဆောင်ရွက်ရန် ယခုလိုလာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ကမ္ဘာ့ရေစီးကြောင်းနှင့်အတူ လိုက်ပါဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**ပြုပြင်ပြောင်းလဲရေးလုပ်ငန်းဆောင်ရွက်**

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိပါက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု၊ ကြွယ်ဝချမ်းသာမှု၊ လူနေမှုအဆင့်အတန်းမြင့်မားမှု၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများ၌ နောက်ကျကျန်ခဲ့မည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများအားလုံးက ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံကို တည်ဆောက်ရန် တက်ညီလက်ညီ သန္နိဋ္ဌာန်ချထားပါကြောင်း။

ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံကို တည်ဆောက်နိုင်မှသာ နိုင်ငံတော်တည်ငြိမ်အေးချမ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး အချိုးကျကျဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြော၍ ရေရှည်တည်တံ့ခိုင်မြဲမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံကို တည်ဆောက်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံသူ နိုင်ငံသားအားလုံးက ဒီမိုကရေစီကိုလိုလားသည်ကို တွေ့ရပါကြောင်း၊ ဒီမိုကရေစီစနစ်တွင် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှမှုရှိခြင်းဆိုသည့် လောကပါလတရားများရှိသည့်အပြင် ပြည်သူများ၏ ဘဝလုံခြုံမှု၊ စိတ်လုံခြုံမှု၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုများရှိသောကြောင့် အားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ပြုပြင်ပြောင်းလဲရန် အခါကောင်းဖြစ်**

ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံကို တည်ဆောက်မည်ဆိုပါက အချိန်အခါကို မေ့ထား၍မရပါကြောင်း၊ အချိန်အခါသည် အလွန်တန်ဖိုးကြီးမားပါကြောင်း၊ အချိန်နှင့် ဒီရေသည် လူကိုမစောင့်ပါကြောင်း၊ ထို့ကြောင့် လက်ရှိပစ္စုပ္ပန်တွင် အချိန်နှင့်တစ်ပြေးညီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်ရန် အထူးလိုအပ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း လွှတ်တော်ရေးရာလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ တရားလွှတ်တော်ရေးရာလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ သတင်းစဉ်

ဆောင်ရွက်ရန် စိုးရိမ်စရာမဟုတ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရန် အခွင့်ကောင်း အခါကောင်းဖြစ်ပါကြောင်း၊ ရတောင့်ရခဲလှသည့် အခွင့်ကောင်း အခါကောင်းကို လက်တွေ့ကျကျ တန်ဖိုးရှိစွာ သုံးချရန် လိုအပ်ပါကြောင်း။

**ဥပဒေများနှင့်အညီ ဆောင်ရွက်စေလို**

အုပ်ချုပ်ရေးမဏ္ဍိုင်နှင့်စပ်လျဉ်း၍ တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်ပြီး ဥပဒေများနှင့်အညီ ဆောင်ရွက်စေလိုပါကြောင်း၊ ပြည်သူကို အလုပ်အကျွေးပြုသည့်၊ ပြည်သူများ၏ ဘဝလုံခြုံမှု၊ စိတ်လုံခြုံမှုကို အကာအကွယ်ပေးသည့်၊ လူ့အခွင့်အရေးများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သည့် အုပ်ချုပ်ရေးအဖွဲ့အစည်း ဖြစ်စေလိုပါကြောင်း။

ဥပဒေပြုရေးမဏ္ဍိုင်နှင့် စပ်လျဉ်း၍ ဥပဒေတစ်ခုကို ရေးဆွဲပြုစုသည့်အခါ နိုင်ငံ၏ အခြေအနေ၊ အချိန်အခါ၊ နိုင်ငံသူနိုင်ငံသားများအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းမှုရှိ မရှိနှင့် လူ့အခွင့်အရေး စံချိန်စံနှုန်းများ၊ ဒီမိုကရေစီ စံချိန်စံနှုန်းများနှင့် ကိုက်ညီမှုရှိ မရှိတို့ကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဥပဒေပြုရေးလုပ်ပိုင်ခွင့်နှင့် တာဝန်များ၊ ပြည်ထောင်စု ဥပဒေပြုရေးလုပ်ပိုင်ခွင့်နှင့် တာဝန်များကို ကွဲကွဲပြားပြားသိရှိအောင် ကျေကျေညက်ညက် လေ့လာထားရှိရန် လိုအပ်ပါကြောင်း။

**အဂတိကင်းစင်သည့် တရားစီရင်ရေးဖြစ်စေရန်လို**

တရားစီရင်ရေးမဏ္ဍိုင်နှင့်စပ်လျဉ်း၍ အဂတိကင်းစင်သည့် တရားစီရင်ရေးဖြစ်စေရန် လိုအပ်ပါကြောင်း၊ အဂတိကင်းစင်သည့် တရားစီရင်ရေးဖြစ်အောင်လည်း သတ်သတ်မှတ်မှတ်ဖြင့် အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဥပဒေ၏ရှေ့မှောက်တွင် ဆူကြုံနိမ့်မြင့်မရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ရာထူးဌာနန္တရ မရွေး အားလုံးကိုတန်းတူထား ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဒီမိုကရေစီစနစ်တွင် တရားဥပဒေစိုးမိုးရေးသည် အဓိကကျသောကြောင့် ဒီမိုကရေစီကိုလိုလားပါက ဥပဒေကို လေးစားလိုက်နာရန်နှင့် လူပုဂ္ဂိုလ် တစ်ယောက်နှင့်တစ်ယောက်၊ အဖွဲ့အစည်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန် ရိုသေလေးစားမှုရှိရန် လိုအပ်ပါကြောင်း။

**မဏ္ဍိုင်သုံးခု၏ အခြေအနေမှန်များတင်ပြရန်လို**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များ၏ ပကတိအခြေအနေမှန်ကို သိရှိပြီး ပြင်ဆင်၊ တည့်မတ်ဆောင်ရွက်ပေးရန် လာရောက်တွေ့ဆုံခြင်းဖြစ်၍ မဏ္ဍိုင်သုံးခု၏ အခြေအနေမှန်များကို ရှင်းရှင်းလင်းလင်းတင်ပြကြရန် လိုအပ်ပါကြောင်း မှာကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက လွှတ်တော်ရေးရာလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေက တရားလွှတ်တော်ရေးရာလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ကောင်းမွန်သည့်အုပ်ချုပ်ရေးစနစ်ဖြစ်ရန် မူဝါဒများချမှတ်**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကဏ္ဍတို့မှ ရှင်းလင်းတင်ပြသည့် အစီရင်ခံစာများနှင့်စပ်လျဉ်း၍ အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းပြောကြားပြီး ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်ရန် တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ကြိုတင်မှန်းဆနိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရှိရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်ရန် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါမူဝါဒများကို နိုင်ငံတော်အစိုးရတစ်ရပ်တည်း လုပ်၍ မအောင်မြင်နိုင်ပါကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်သုံးရပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှ မိမိတို့လိုချင်သည့် အရွေ့တစ်ခု၊ မိမိတို့လိုချင်သည့် ပန်းတိုင်ကို ရောက်ရှိမည်ဖြစ်ပါကြောင်း။

ဝန်ထမ်းများသည် နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းမှ ကျခံသုံးစွဲသည့် လစာ၊ စရိတ်ငွေနှင့် အခြားခံစားခွင့်များကို ခံစားကြရပါကြောင်း၊ အဆိုပါ ဝန်ထမ်းများတွင် အခွင့်အရေးနှင့် ဒွန်တွဲ၍ တာဝန်ယူမှုများရှိပါကြောင်း၊ အခွင့်အရေးကို မှန်ကန်စွာ သုံးစွဲပြီး တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ရန် လိုကြောင်း၊ ပြည်သူ့ဘဏ္ဍာကို ခံစားနေကြသည့် ဝန်ထမ်းများသည် ပြည်သူ့တာဝန်များကို တရားဥပဒေနှင့်အညီ ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်ပြီး ပြည်သူကို လေးစားစွာ ဝန်ဆောင်မှုများ ပေးကြရမည် ဖြစ်ပါကြောင်း။

**ဖိနှိပ်အုပ်ချုပ်သည့် ယန္တရားမဖြစ်ရန် အထူးလိုအပ်**

နိုင်ငံသူ နိုင်ငံသားများကို ဖိနှိပ်အုပ်ချုပ်သည့် ယန္တရားမဖြစ်ရန် အထူးလိုအပ်ပါကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများ အားလုံးကောင်းမှ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အောင်မြင်မည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ လိုက်ပါမဆောင်ရွက်နိုင်ပါက မိမိတို့တိုင်းပြည် ဆက်လက်ပြီး ခေတ်နောက်ကျ ကျန်နေမည်ဖြစ်ပါကြောင်း။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် ပတ်သက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥပဒေများနှင့်အညီ ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအထိ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအလိုက် Corruption Prevention Units (CPU) များ ဖွဲ့စည်းပြီး ထိန်းကျောင်းရန် စီမံလျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုကင်းရှင်းစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုကို ဆူကြုံနိမ့်မြင့်မရွေး ဥပဒေနှင့်အညီ ကိုင်တွယ်ဖြေရှင်းလျက်ရှိပါကြောင်း၊ အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်းဖြစ်စေရန် ဆောင်ရွက်နေပါကြောင်း။

**ဝန်ထမ်းများ၏ အခက်အခဲများကိုနားလည်**

ဝန်ထမ်းများ အခက်အခဲ၊ အကျပ်အတည်းများ မဖြစ်ပေါ်အောင် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ စားဝတ်နေရေး အခက်အခဲ၊ အကျပ်အတည်းများရှိသည်ကို နားလည်ပါကြောင်း၊ သို့သော် မိမိတို့၏ဒုက္ခများကို ရှေ့တန်းမတင်ဘဲ၊ မမှန်မကန်အခွင့်အရေးများကို နစ်နာဆုံးရှုံးမှုဟု မမှတ်ယူဘဲ၊ တိုင်းပြည်နှင့် နိုင်ငံသူ နိုင်ငံသားအားလုံး၏ ဒုက္ခဝေဒနာများကို ကုစားပေးကြရန်နှင့် မိမိတို့၏ ယာယီသက်သာမှုများထက် ပြည်သူများ၏ ရေရှည်အနာဂတ်အကျိုးစီးပွားကို မျှော်ကိုးပြီး ဝိုင်းဝန်းကူညီကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်သည်။

**သတင်းစဉ်**

# ရွှေပြားကြိတ်စက်ဖြင့် အခေါက်ရွှေစင်များကို တစ်ပေပတ်လည် ရွှေစင်ရွှေပြားများအဖြစ် အောင်မြင်စွာထုတ်လုပ်

ရန်ကုန် ဇူလိုင် ၂၉

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ညောင်ခြေထောက်ရှိ အမှတ် ၂၃ အကြီးစားစက်ရုံသို့ ဇူလိုင် ၂၇ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး ရွှေပြားကြိတ်စက်များဖြင့် အခေါက်ရွှေစင်များကို တစ်ပေပတ်လည် ရွှေစင်ရွှေပြားများအဖြစ် အောင်မြင်စွာ ထုတ်လုပ်နေမှုများကို ကြည့်ရှုအားပေးသည်။**

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားသို့ သွားရောက်ကြည်ညို ပြီး ဂေါပကအဖွဲ့မှ တာဝန်ရှိသူများ၊ ပညာရှင်များနှင့် ရွှေစင်စက်ရုံ တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဂေါပကအဖွဲ့မှ တာဝန်ရှိသူများနှင့် ရွှေစင်ပြားစက်ရုံလုပ်ငန်း ဆောင်ရွက်ရန် အသေးစိတ် ညှိနှိုင်းဆွေးနွေးရာ တာဝန်ရှိသူများမှ ကဏ္ဍအလိုက်၊ အချိန်အပိုင်းအခြားအလိုက် ဒီဇိုင်းပုံစံများဖြင့် ပြီးမြောက် အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်ရန် စီမံချက်များ ချမှတ်ပေးပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ရွှေစင်ရွှေပြား သင်္ကန်းတော်များကို ရာသီမရွေး တာရှည်ကျစ်လျစ်ခိုင်မြဲစေရန် အဆင့်မြင့် နည်းပညာများကို အသုံးပြု၍ ရွှေစင်ပြားစက်ရုံငယ်တစ်ခုကို ရွှေတိဂုံဘုရား အလယ်ပစ္စယာတွင် လုံခြုံစိတ်ချစွာ စနစ်တကျတည်ဆောက်၍ တာရှည်ခံ အဆင့်မြင့် ရွှေစင်ရွှေပြား သင်္ကန်းတော်များကို ခေတ်မီနည်းစနစ် စက်ကိရိယာပစ္စည်းများကို အသုံးပြု၍ မကြာမီ တာရှည်တည်တံ့ခိုင်မြဲသည့် ရွှေစင်ပြားများကို စတင်ထုတ်လုပ်တော့မည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ IBC ၌ ကျင်းပသည့် မြန်မာနိုင်ငံ ဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်း မိတ်ဆက်ပွဲသို့ တက်ရောက် အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံ၏ ဆေးလောကတွင် ပုဂ္ဂလိကအခန်းကဏ္ဍ ပါဝင်လာမှုကို မြှင့်တင်ပေးရန် နိုင်ငံပိုင်စက်ရုံများတွင်လည်း သင့်လျော်ရာ အခန်းကဏ္ဍများ၌ ပုဂ္ဂလိက၊ အစိုးရ ပူးပေါင်းဆောင်ရွက်မှု (PPP)ကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထု၏ လိုအပ်ချက်ကို ပြည်တွင်း၌ အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးရန်နှင့် နိုင်ငံတကာဈေးကွက်အထိ တိုးချဲ့ဝင်ရောက်နိုင်ရေးကို အစွမ်းကုန် ဝိုင်းဝန်းကူညီကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘောဇဘဏ်နှင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်းပေါင်း တစ်သောင်းလှူဒါန်းမည်

**ရန်ကုန် ဇူလိုင် ၂၉**

မြန်မာနိုင်ငံအတွင်း လတ်တလော ရေကြီးရေလျှံဖြစ်ပွားနေသော ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ရန် ကမ္ဘောဇဘဏ်နှင့် ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ငွေကျပ်သိန်းပေါင်း တစ်သောင်း လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဦးစွာ ယနေ့ နံနက်ပိုင်းတွင် အလှူငွေကျပ် သိန်း ၅၀၀ ကို ကရင်ပြည်နယ် ဘားအံမြို့ရှိ ပြည်နယ်အစိုးရရုံးတွင် ပေးအပ်လှူဒါန်းရာ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးမျိုးဆန်းက ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သောနေရာကဏ္ဍ အသီးသီးတွင် အချိန်နှင့်တစ်ပြေးညီ အသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၅၀၀ ကို ကရင်ပြည်နယ် ဘဏ္ဍာအခွန်နှင့် စည်ပင်ဝန်ကြီး ဦးသန်းနိုင်နှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ကရင်ပြည်နယ် ဘဏ္ဍာအခွန်နှင့် စည်ပင်ဝန်ကြီးက ကမ္ဘောဇဘဏ်သည် ယခုနှစ်မှ လှူဒါန်းခြင်းမဟုတ်ဘဲ ယခင်ကလည်းလှူဒါန်းခဲ့သည့်အတွက် ဂုဏ်ပြုချီးကျူးပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရေကျပြီး အိမ်ပြန်ချိန်တွင် နောက်ထပ် နှစ်ရက်၊ သုံးရက်စာ အစားအသောက်များ ထည့်ပေးရန် လမ်းညွှန်ထားသည့်အတွက် ယခုအလှူငွေဖြင့် လိုအပ်သည်များကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးဇူးတင်စကားပြောကြားခဲ့သည်။



ဖောင်ဒေးရှင်းတည်ထောင်သူ ဒေါ်နန်းလိုင်းခမ်းနှင့် ဒေါ်နန်းခမ်းနောင့်တို့ ဦးဆောင်မှုဖြင့် ရေကြီးနစ်မြုပ်မှုဖြစ်ပွားနေသော ဒေသအတွင်းရှိ ကမ္ဘောဇဘဏ်ခွဲများသည် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဒေသခံပရဟိတအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရေဘေးသင့်ပြည်သူများထံ အမြန်ဆုံးနှင့် အထိရောက်ဆုံး ကူညီထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း သိရသည်။ ထို့အပြင် ရေကြီးနစ်မြုပ်မှု ဖြစ်ပွားနေသောဒေသများရှိ ကမ္ဘောဇဘဏ် အရာထမ်း၊ ဝန်ထမ်းများက နီးစပ်ရာ ပရဟိတအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကယ်ဆယ်ရေးစခန်းများသို့ နံနက်စာ၊ နေ့လယ်စာနှင့် ညစာများ ချက်ပြုတ်လှူဒါန်းခြင်း၊ ရေသန့်၊ ဆေးဝါးနှင့် လိုအပ်သော ပစ္စည်းများကို နေ့စဉ် ကူညီပေးလျက်ရှိကြောင်း သိရသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် နိုင်ငံအတွင်း လူမျိုးဘာသာမရွေး၊ နေရာဒေသမရွေး ထိပ်ဆုံးမှ စဉ်ဆက်မပြတ် ပံ့ပိုးကူညီလှူဒါန်းပေးလျက်ရှိပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး၊ ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်အတွင်း ကျရောက်သည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်တားဆီးရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စသည့်ကဏ္ဍအသီးသီးတွင် နိုင်ငံတော်နှင့် ပြည်သူအတွက် ယနေ့အထိ စုစုပေါင်း ငွေကျပ် ၁၄၄ ဘီလီယံကျော်ကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံသား ခရီးသည်များကို ဗီဇာကင်းလွတ်ခွင့်နှင့် လေကြောင်းဖြင့် လာရောက်သည့် တရုတ်နိုင်ငံသားခရီးသည်များကို ဆိုက်ရောက်ဗီဇာခွင့်ပြုပေးမှု အောက်တိုဘာ ၁ ရက်မှ စတင်မည်

**ရန်ကုန် ဇူလိုင် ၂၉**

ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံသား ခရီးသည်များကို ဗီဇာကင်းလွတ်ခွင့် (Visa Free)နှင့် တရုတ်နိုင်ငံသား ခရီးသည်များအနက် လေကြောင်းဖြင့် လာရောက်သည့် ခရီးသည်များကို ဆိုက်ရောက် ဗီဇာ (Visa On Arrival) ခွင့်ပြုမှုကို အောက်တိုဘာ ၁ ရက်မှ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းဝင်းက ပြောသည်။

၎င်းက "တရုတ်နိုင်ငံသား ခရီးသည်တွေကို Visa On Arrival ပေးဖို့အတွက်နဲ့ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံသားတွေအတွက် Free Visa ပေးဖို့အတွက် စီစဉ်ဆောင်ရွက်နေပါတယ်။ အခုလောလောဆယ်မှာ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဦးရေ ဝင်ရောက်မှုကျဆင်းပြီး အနောက်နိုင်ငံသား ဝင်ရောက်မှုတွေ ကျတဲ့အတွက်ကြောင့် အရှေ့နိုင်ငံသားတွေကို မျှော်လင့်တဲ့အနေနဲ့ Visa နဲ့ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို လျှော့ပေါ့ပေးတာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကလည်း ခွင့်ပြုပြီးဖြစ်ပါတယ် " ဟု ပြောသည်။

ဇူလိုင် ၂၈ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌ ကျင်းပသည့် ခရီးသွားမြှင့်တင်ရေး Visa ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးအပြီးတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"တရုတ်နိုင်ငံသားတွေ မကာအိုနဲ့ ဟောင်ကောင်အပါအဝင်ကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့ စပေးဖို့ဖြစ်ပါတယ်။ ရက် ၃၀ ခွင့်ပြုပါ့မယ်။ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်လာရမှာဖြစ်ပါတယ်။ ဝင်ရောက်လာတဲ့အခါမှာ Show Money ဒေါ်လာ တစ်ထောင် ပြရမယ်ဆိုတာမျိုးတော့ ပါပါတယ်။ အပြန်အတွက်လည်း အပြန်လေယာဉ်လက်မှတ်ကို ပြရမှာဖြစ်ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းဝင်းက ပြောသည်။

ဆက်လက်၍ ၎င်းက"နောက်တစ်ခုကတော့ ဂျပန်နဲ့ ကိုရီးယားတွေကို Free Visa ပေးဖို့ပါ။ သူတို့ကိုတော့ စမ်းသပ်ကာလအဖြစ် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်ကနေစပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ စမ်းသပ်ကာလအဖြစ် အချိန်ကန့်သတ်ထားပါတယ်။ သူတို့အနေနဲ့ကတော့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် လေဆိပ်သုံးခုအပြင် အပြည်ပြည်ဆိုင်ရာ ရေဆိပ်၊ နိုင်ငံတကာ အသိအမှတ်ပြုထားတဲ့ မြန်မာ-ထိုင်းနယ်စပ် အစရှိတဲ့ အပြည်ပြည်ဆိုင်ရာ ကုန်းတွင်း ဝင်၊ ထွက်ပေါက်တွေဖြစ်တဲ့ မြဝတီ၊ ကော့သောင်း၊ ထီးခီး ၊ တာချီလိတ်ဂိတ်တွေကိုလည်း ခွင့်ပြုထားပါတယ်။ သူတို့အနေနဲ့ အဲဒီအပေါက်တွေကနေဝင်ပြီး အခြားလေဆိပ်၊ ရေဆိပ်တွေကနေလည်း ပြန်ထွက်လို့ရတဲ့ အခြေအနေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ထိုသို့ ခွင့်ပြုဆောင်ရွက်ပေးရာတွင် တရုတ်နိုင်ငံသားများ(ဟောင်ကောင်နှင့် မကာအို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ အပါအဝင်) အတွက် ဆိုက်ရောက်ဗီဇာ (Visa On Arrival) ခွင့်ပြုရာတွင် စည်းကမ်းသတ်မှတ်ချက်များအနေဖြင့် သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများသာ၊ ဆိုက်ရောက်ဗီဇာ အခငွေ အမေရိကန်ဒေါ်လာ ၅၀ ကောက်ခံမည်၊ Tourist Visa တစ်မျိုးတည်းသာ ခွင့်ပြုမည်၊ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် Show Money အမေရိကန်ဒေါ်လာ တစ်ထောင် ပြသနိုင်ရမည်၊ အပြန်ခရီးစဉ်အတွက် လေယာဉ်လက်မှတ် ပြသနိုင်ရမည်၊ နေခွင့်သက်တမ်းတိုးမြှင့် လျှောက်ထားခြင်းကို ခွင့်မပြု၊ မည်သည့် အပြည်ပြည်ဆိုင်ရာလေဆိပ်မှမဆို ပြန်လည်ထွက်ခွာနိုင်သည် စသည်တို့ပါရှိကြောင်း သိရသည်။

အလားတူ ဂျပန်နိုင်ငံသားများနှင့် တောင်ကိုရီးယားနိုင်ငံသားများအတွက် ဗီဇာကင်းလွတ်ခွင့် (Visa Free) ခွင့်ပြုရာတွင် စည်းကမ်းသတ်မှတ်ချက်များအနေဖြင့် သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများသာ၊ Tourist Visa တစ်မျိုးတည်းသာ၊ Package Tour နှင့် (Foreign Free Independent Traveler) များ၊ သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ လေဆိပ် ၊ ရေဆိပ်၊ ကုန်းလမ်းဂိတ်များသို့ ရောက်ရှိချိန်တွင် Show Money အမေရိကန်ဒေါ်လာ တစ်ထောင် ပြသနိုင်ရမည်၊ အပြန်ခရီးစဉ်အတွက် လေယာဉ်လက်မှတ် ပြသနိုင်ရမည်၊ နေခွင့်သက်တမ်း တိုးမြှင့် လျှောက်ထားခြင်းကို ခွင့်မပြု၊ မည်သည့် အပြည်ပြည်ဆိုင်ရာ ဝင်၊ ထွက်ပေါက်မှမဆို ပြန်လည်ထွက်ခွာနိုင်သည် စသည်ဖြင့် ပါရှိကြောင်း သိရသည်။

ထိုသို့ ဗီဇာခွင့်ပြုမှုများနှင့် ပတ်သက်၍ အလုပ်သမား ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့်လည်း ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည့်အပြင် စည်းကမ်းသတ်မှတ်ချက်များအနက် Show Money အမေရိကန်ဒေါ်လာ တစ်ထောင် ပြသခြင်းနှင့် ဆိုက်ရောက်ဗီဇာ အခငွေ အမေရိကန်ဒေါ်လာ ၅၀ ကောက်ခံခြင်း တို့ကို CB Bank နှင့် ချိတ်ဆက်ကာ နည်းပညာဆိုင်ရာ ငွေပေးချေမှုစနစ်ကို အသုံးပြု၍ ဆောင်ရွက်သွားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

CB Bank နည်းပညာဆိုင်ရာ ငွေပေးချေမှု ဌာနမှူး ဦးဇေယျာအောင်က "နည်းပညာအရ ငွေပေးချေကတ်တွေနဲ့ ပေးချေမယ်ဆိုရင် အလွယ်တကူ ပေးချေလို့ရအောင် ကျွန်တော်တို့က တာဝန်ယူဆောင်ရွက်ပေးမယ်ဆိုတဲ့ အကြောင်း ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ အခုလည်း ညှိနှိုင်းတာ တော်တော်ခရီးရောက်ပါပြီ။ နည်းပညာနဲ့ ငွေပေးချေတာဆိုတော့ အဓိကကတော့ နိုင်ငံတကာသုံးကတ်တွေရှိနေရင် ငွေကို ယူလာစရာမလိုဘဲနဲ့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကမ္ဘာပတ်ပြီး ခရီးသွားနေကြတဲ့ ဧည့်သည်တွေက အနည်းဆုံးတော့ Visa၊ Master Card တွေကိုင်ဆောင်ထားတဲ့သူတွေဖြစ်တယ်။ ဒါကြောင့် သူတို့အတွက်ကတော့ အလွယ်တကူ ငွေစက္ကူပြဿနာတွေကို ဖြေရှင်းပြီးသားဖြစ်သွားမယ်။ အတုအစစ်ပြဿနာတွေ၊ ငွေစက္ကူ အဆင်မပြေတဲ့ကိစ္စတွေ၊ ငွေကြေးမလုံလောက်တဲ့ ပြဿနာတွေလည်း အဆင်ပြေသွားမှာဖြစ်ပါတယ်" ဟုပြောသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရေး၊ ကမ္ဘာလှည့် ခရီးသွားဧည့်သည်များ ပိုမိုလာရောက် လည်ပတ်ရေးအတွက် ဝင်၊ ထွက် လည်ပတ်မှု လွယ်ကူစေရေးအစီအစဉ်အနေဖြင့် ယင်းကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး**

## ဖြူးချောင်းရေလျှောင်တမံနှင့် ပတ်သက်၍ စိုးရိမ်ဖွယ်ရာမရှိ

ဖြူး ဇူလိုင် ၂၉

ဖြူးချောင်းသည် နှစ်စဉ် ရေကေ ပေပေါင်း ၆၆၀၀၀ ခန့်ကို သယ်ဆောင်စီးဆင်းလေ့ရှိပြီး ပဲခူးရိုးမမှ စစ်တောင်းမြစ်အတွင်းသို့ စီးဝင်သည်။

ယခုအချိန်တွင် စစ်တောင်းမြစ်ရေမှတ်စိုးရိမ်ရေမှတ်ကို ကျော်လွန်နေပြီဖြစ်သည့်အတွက် စစ်တောင်းကမ်းနံဘေးက ကျေးရွာအချို့ရေတက်နေပြီဖြစ်သည်။ ဖြူးချောင်းရေလှောင်တမံသည် ဖြူးချောင်းမှ စီးလာမည့်ရေကို ဧကပေ ၆၃၀၀၀ ခန့်အထိ ထိန်းထားနိုင်သောကြောင့် ဧကပေ ၃၀၀၀၀ လောက်သာ ပိုလျှံရေအဖြစ် စီးဆင်းမည်ဖြစ်သည်။ ဆည်ရေပြည့်ရန် ခုနစ်ပေခန့် လိုနေသေးကြောင်း၊ ယင်းခုနစ်ပေပြည့်ရန်မှာ ယခုကဲ့သို့ မိုးများများဆက်တိုက်ရွာခဲ့လျှင် အနည်းဆုံး နောက်ထပ် ၁၀ ရက် ၁၅ ရက်လောက် ကြာဦးမည်ဖြစ်ကြောင်း တာဝန်ရှိသူများ၏ ပြောပြချက်အရ သိရသည်။

ဆည်မြောင်းမှ တာဝန်ရှိသူများကလည်း ၂၄ နာရီ စောင့်ကြည့်တွက်ချက်လျက်ရှိပြီး တွက်ချက်လေ့လာမှုအရ စိုးရိမ်ဖွယ် ရေကျော်မှုမျိုး မရှိနိုင်ကြောင်း သိရသည်။

ဖြူးချောင်းတမံ၏ နေ့စဉ် ရေဝင်ရောက်မှုအခြေအနေများကိုလည်း ရေကင်းတာဝန်ကျဝန်ထမ်းများက နေ့စဉ်မှတ်တမ်းတင်ခြင်း၊ သတင်းပေးပို့ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြူးမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် ဖြူးချောင်းရေလှောင် တမံနှင့်ပတ်သက်၍ စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရသည်။

**ဖြူး(မြန်/ဆက်)**

# မွန်ပြည်နယ် ဘီးလင်းမြို့နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**ကျောက်တံခါး ဇူလိုင် ၂၉**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယမန်နေ့ မွန်းလွဲပိုင်းက မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့်အတူ ဘီးလင်းမြို့ ယာယီရေဘေးရှောင်စခန်းများရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး လိုအပ်သော ဆန်ရိက္ခာဖိုး၊ စားသုံးဆီ၊ ငါးသေတ္တာနှင့် လူမှုရေးအကူအညီများ ပေးအပ်ခြင်း၊ ကယ်ဆယ်ရေးတာဝန် ထမ်းဆောင်နေစဉ် ပျောက်ဆုံးခဲ့သော တပ်မတော်သားသုံးဦးအတွက် ထောက်ပံ့ငွေများပေးအပ်ခြင်း၊ စက်တပ်လှေငါးစင်း ပေးအပ်ခြင်းနှင့် ရေဘေးခိုလှုံရာအဆောက်အအုံ (cyclone shelter) နှစ်လုံး ဆောက်လုပ်ရန်တို့ကို စီစဉ်ဆောင်ရွက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘီးလင်းမြို့ပေါ်ရှိ သာသနဝိပုလ္လကာရီဘုန်းတော်ကြီးကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ဖွင့်လှစ်ထားသော ရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာဖိုး၊ စားသုံးဆီ၊ ငါးသေတ္တာနှင့် လူမှုရေးအကူအညီများ ထောက်ပံ့ပေးပြီး ကိုယ်ဝန်ဆောင်များနှင့် ကလေးငယ်များအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ ကွင်းချောင်းဝကျေးရွာ ဆေးချောင်းဝဘုန်းတော်ကြီးကျောင်းတွင် ရောက်ရှိနေသော ရေဘေးရှောင်ပြည်သူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဆန်ရိက္ခာဖိုးများ၊ ကိုယ်ဝန်ဆောင်များနှင့် မွေးကင်းစကလေးများအတွက် စုစုပေါင်း ထောက်ပံ့ပေးငွေကျပ်သိန်း ၁၁၀ ကျော်ကို ပေးအပ်သည်။

ဆက်လက်၍ ကျောက်ကြီးမြို့နယ် နတ်သံကွင်းမြို့ရှိ စစ်တောင်းမြစ်ရေကာတာ ရေတိုးဝင်မှုအခြေအနေကို ကြည့်ရှုပြီး ရေကာတာကျံခိုင်မှုအတွက် စုပေါင်း၍ ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေကြသော ပြည်သူများကို ကျေးဇူးတင်အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် ကျောက်ကြီးမြို့နယ် မိုးကုတ်ဝိပဿနာဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ထားသော ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားပြီး ဆန်ရိက္ခာဖိုးများ၊ မသန်စွမ်းများ၊ ကိုယ်ဝန်ဆောင်များ၊ မွေးကင်းစကလေးများနှင့် ကျောင်းသားကျောင်းသူများအတွက် ထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ် ၅၉ သိန်းကျော်ကို ပေးအပ်သည်။

**သတင်းစဉ်**

# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ယခုထက်ပိုမို အရှိန်အဟုန်မြှင့် အားဖြည့်ဆောင်ရွက်ရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇူလိုင် ၂၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ မွန်းလွဲ ၃ နာရီတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ်(၄)၌ ကျင်းပသည့် ရေဘေးကျရောက်လျက်ရှိသောဒေသများတွင် လုပ်ဆောင်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ယခုထက်ပိုမိုအရှိန်အဟုန်မြှင့်အားဖြည့် ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ သဘာဝဘေးနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး၊ စီမံချက်မန်နေဂျာ ဒေါက်တာကျော်ခိုင်စံက တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရေဘေးကျရောက်နေသော နေရာဒေသများတွင် လက်ရှိဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဖြစ်သည့် မြွေဆိပ်ဖြေဆေး၊ ရေသန့်ဆေးပြားများ၊ ရေသန့်စင်စက်များ၊ ဆေးစိမ်ခြင်ထောင်များအပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ဖြန့်ဝေထားရှိသည့်အခြေအနေ၊ ကယ်ဆယ်ရေးစခန်းများတွင် ယာယီဆေးခန်း၊ ရွေ့လျားဆေးခန်းများဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည့် အခြေအနေ၊ လက်ရှိရောဂါဖြစ်ပွားမှုကို စောင့်ကြပ်ကြည့်ရှုလျက်ရှိသည့် အခြေအနေနှင့် ရေဘေးသင့်ဒေသနှင့် ကယ်ဆယ်ရေးစခန်းများတွင် ယခုလက်ရှိအချိန်အထိ ကူးစက်ရောဂါကပ်အသွင်ဖြစ်ပွားမှုများ မရှိသည့် အခြေအနေများကို တင်ပြသည်။

ထို့နောက်အစည်းအဝေး တက်ရောက်လာကြသူများက ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကူးစက်ရောဂါများ ဖြစ်ပွားမှုကို စနစ်တကျ စောင့်ကြပ်ကြည့်ရှုရန်နှင့် စောစီးစွာ သတင်းရယူခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ပိုမိုအားဖြည့်ဆောင်ရွက်ရေးကိစ္စ၊ လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများ အချိန်မီဆက်လက်ပံ့ပိုးပေးနိုင်ရေးကိစ္စ၊ အရေးပေါ် လူနာလွှဲပြောင်းကုသရေးကိစ္စ၊ ရေဘေးသင့် ကျန်းမာရေးဝန်ထမ်းများနှင့် ရေဘေးသင့်ဒေသတွင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ဝန်ထမ်းများကို လိုအပ်သည်များ ပံ့ပိုးပေးနိုင်ရေး ကိစ္စရပ်များ၊ အရေးပေါ်နှင့် နေ့စဉ်ဆက်သွယ် သတင်းပေးပို့မှုစနစ်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။



ထို့ပြင် ဘေးအန္တရာယ်ကျရောက်မှုမရှိသော နီးစပ်ရာဒေသမှ ဝန်ထမ်းများကို လိုအပ်ပါက ဘေးအန္တရာယ်ကျရောက်ရာနေရာသို့ စေလွှတ်အားဖြည့်ဆောင်ရွက်ရန်နှင့် ထိခိုက်ပျက်စီးဆုံးရှုံးသော ကျန်းမာရေးဌာနများရှိပါက စနစ်တကျမှတ်တမ်းတင် သတင်းပေးပို့၍ အမြန်ဆုံးပြင်ဆင် ဆောင်ရွက်နိုင်ရန် သဘာဝဘေးနှင့် ကျန်းမာရေးအရေးပေါ်အခြေအနေ ကြီးကြပ်ဆောင်ရွက်ရေး အဖွဲ့ကို အားဖြည့်ဖွဲ့စည်း၍ လက်ရှိဆောင်ရွက်လျက်ရှိသော ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

အာဆီယံတရားစီရင်ရေးပေါ်တယ်သည် အာဆီယံနိုင်ငံများ၏ ဥပဒေနှင့် တရားရေးဆိုင်ရာ သတင်းအချက်အလက်များကို တစ်နေရာတည်းတွင် ရယူအသုံးပြုနိုင်သည့် အင်တာနက်ပေါ်တယ်ဖြစ်ပြီး အာဆီယံတရားစီရင်ရေး အဖွဲ့အစည်းများကြား သက်ဆိုင်ရာ နယ်ပယ်အလိုက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် နော်ဝေနိုင်ငံအစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် တည်ထောင်ခြင်းဖြစ်သည်။

(၆)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီအစည်းအဝေးကို အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များ၊ အဆင့်မြင့်တရားသူကြီးများနှင့် လုပ်ငန်းအဖွဲ့ ကိုယ်စားလှယ်များ တက်ရောက်သည်။ အစည်းအဝေးတွင် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များက အာဆီယံတရားသူကြီးချုပ်များကောင်စီ ပဋိညာဉ်နည်းဥပဒေများ၊ အာဆီယံနိုင်ငံများအကြား တရားမဆင့်စာချွန်ပို့ရာတွင် လိုက်နာသင့်သည့် စံသတ်မှတ်ချက်များ၊ အာဆီယံနှင့် အခြားနိုင်ငံများ တွေ့ဆုံဆွေးနွေးရေး၊ အာဆီယံတရားစီရင်ရေးပေါ်တယ်အသုံးပြုလျက် အာဆီယံတရားသူကြီးများအတွက် လေ့ကျင့်သင်ကြားရေးအစီအစဉ်များ၊ မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးတွင် နည်းပညာအသုံးပြုမှု၊ နယ်စပ်ဖြတ်ကျော် ကလေးသူငယ်ဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းရေး၊ တရားစီရင်ရေးတွင် ကြုံတွေ့ရမည့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများ အစရှိသည်တို့ကို အစီရင်ခံတင်ပြကြသည်။ တက်ရောက်လာသည့် အာဆီယံတရားသူကြီးချုပ်များနှင့် တရားသူကြီးများက ယင်းအစီရင်ခံစာများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးပြီး "စင်ကာပူကြေညာချက်"ကို သဘောတူထုတ်ပြန်ခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မြန်မာနိုင်ငံ၏ တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များနှင့်အတူ အာဆီယံဒေသတွင်း တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

✻ *ကျောဖုံးမှ*

ကျိုက်ထိုမြို့နယ်အတွင်းရှိ ရေဘေးရှောင်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်းလေးခုဖွင့်လှစ်၍ ကူညီစောင့်ရှောက်ပေးလျက်ရှိပြီး ကော့စံနိုင်ရပ်ကွက် တောရဘုန်းတော်ကြီးကျောင်းရှိ ရေဘေးရှောင်ပြည်သူ ၁၆၂၀ အတွက် ငွေကျပ် ၃၄၀၂၀၀၀၊ တောင်သူစုရပ်ကွက် အခြေခံပညာမူလတန်းကျောင်း (သမလ)ရှိ ရေဘေးရှောင်ပြည်သူ ၁၁၃ ဦးအတွက် ငွေကျပ် ၂၃၇၃၀၀၊ ဇေယျာမွန်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ရေဘေးရှောင်ပြည်သူ ၅၇၁ ဦးအတွက် ငွေကျပ် ၁၁၉၉၁၀၀၊ ဖက္ကလိပ်ကျေးရွာ ကိုးနဝင်းစေတီမွှာရုံရှိ ရေဘေးရှောင်ပြည်သူ ၁၈၀ ခန့်အတွက် ငွေကျပ် ၃၇၈၀၀၀ ကို ထောက်ပံ့ပေးအပ်ထားသည်။

မဒေါက်မြို့၌ စစ်တောင်းမြစ်ရေ ဆက်လက်မြင့်တက်နေသဖြင့် ဇူလိုင် ၂၈ ရက်မှစ၍ စစ်တောင်းမြစ် ရေကာတာ တာမကျိုးပေါက်ရေးအတွက် အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအဖွဲ့များနှင့် ဒေသခံပြည်သူများက ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

နောက်မှ လိုက်ကစားခဲ့ရပြီး ၄၇ မိနစ်တွင် ခွန်ကျော်ဇင်ဟိန်းက မြန်မာအသင်းအတွက် ချေပဂိုး ပြန်လည်သွင်းယူခဲ့သည်။ ချေပဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ကစားပုံကောင်းလာပြီး ၆၁ မိနစ်တွင် အောင်ကိုဦးက ဒုတိယဂိုးသွင်းယူခဲ့သည်။ သို့သော် ၇၃ မိနစ်တွင် အယ်လ်ဒိုက တီမောအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သောကြောင့် နှစ်ဂိုးစီ သရေဖြစ်သွားပြီး လက်ကျန်မိနစ်များမှာ အကြိတ်အနယ်ရှိခဲ့သည်။ မြန်မာ ယူ-၁၆ အသင်းအတွက် အနိုင်ဂိုးကို ၇၈ မိနစ်တွင် နိုင်ထွေးက သွင်းယူခဲ့သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဇူလိုင် ၃၁ ရက်တွင် အိမ်ရှင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

၂၉-၇-၂၀၁၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ ရှေ့ဖုံးပါ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ပဲခူးတိုင်းဒေသကြီး ခရီးစဉ်သတင်း ပထမပိုဒ် ဒုတိယစာကြောင်း၌ "ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင်" ဟု မှားယွင်းပါရှိသွားပါသဖြင့် "ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင်" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းအဖွဲ့**

◆ *ကျောဖုံးမှ*

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ၁၀ ပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# ရေဘေးသင့်သူတွေ မျှော်လင့်နေတဲ့အရာ...

**သတင်းဆောင်းပါး-မင်းသော်**

ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် မြနန္ဒာလမ်းတွင် နေထိုင်သည့် ကိုစိုးသူရမြင့်တို့ ဇနီးမောင်နှံအတွက် ယခုနှစ်ရေကြီးမှုတွင် အတော်လေးပင် ဒုက္ခရောက်ကြ ရသည်။ ဇူလိုင် ၂၆ ရက် ညနေ ကတည်းက ခါးတစ်ပိုင်းနစ်နေသည့် ရေဆိုးရေညစ် များအကြား တလှုပ်လှုပ်ဖြင့် ပစ္စည်းများကို အိမ်ပေါ်ထပ်သို့ နိုင်သရွေ့တင်ဆောင် ရခြင်းဖြင့် ရေဘေးက စတင်မိတ်ဆက်သည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးဖြစ်သူ အတွက် စားနပ်ရိက္ခာ၊ လိုအပ်သည့်ဆေးဝါးများအားလုံး ပြင်ဆင်ထားသည်မို့ စိုးရိမ်ပူပန်မှုမဖြစ်။ လျှပ်စစ်မီးများ ပြတ်တောက်ရခြင်းအတွက် ဖယောင်းတိုင်များ၊ မီးသွေးမီးဖိုများက အပေါ်ထပ် အိမ်ဦးခန်းတွင် အဆင်သင့်ရှိထားပြီးဖြစ်သည်။ သို့သော် ကြိုတင်မျှော်မှန်းမထားခဲ့သည့် အိမ်သာပြဿနာကို ဇူလိုင် ၂၇ ရက်တွင် စတင်ကြုံတွေ့ရသည်။

"အမျိုးသမီးက ကိုယ်ဝန်ဆောင်နေရတော့ မကြာခဏ အိမ်သာဝင်တတ်တယ်။ ကျွန်တော်တို့ဆီမှာ စားနပ်ရိက္ခာလုံလောက်ပေမယ့် အိမ်သာတွေက အောက်ထပ် မှာပဲရှိနေတဲ့အတွက် သွားဖို့လုံးဝအဆင်မပြေတော့ဘူး။ ဒါကြောင့် ပေါင်လယ်ကနေ ဝမ်းဗိုက်အထိ ရောက်နေတဲ့ ရေဆိုးတွေအကြားဖြတ်သန်းပြီး ကုန်းမြင့်ရာကို လမ်းလျှောက်ရတယ်။ အဲဒီကနေ အငှားဆွဲပေးနေတဲ့ ခွေးဘီလူးကားငှားပြီး ရေလွတ်တဲ့ ဆွေမျိုးတွေအိမ်ဆီသွားပြီး အိမ်သာပြဿနာကို ဖြေရှင်းရတယ်။ ဒါကလည်း အရေးကြီးတဲ့ လိုအပ်ချက်တစ်ခုအဖြစ် စဉ်းစားပေးဖို့ လိုအပ်ပါတယ်။ ရေကြီးတဲ့ဒေသတွေမှာ ရွေ့လျားအိမ်သာ၊ အများသုံးအိမ်သာတွေကို ရေမတင်တဲ့ အနီးဆုံးနေရာတွေမှာထားပေးရင် အတော်လေးအဆင်ပြေမယ်။ အခုတော့ စားနပ် ရိက္ခာထက် အိမ်သာပြဿနာက ပိုဆိုးနေလို့ မစားရဲ၊ မသောက်ရဲ နေရတယ်"ဟု ကိုစိုးသူရမြင့်က ပြောပြသည်။

## အမြင့်တကာ့အမြင့်ဆုံးတက်သည့်ရေ

သူတို့နေထိုင်ရာ ရပ်ကွက်သည် လွန်ခဲ့သည့်သုံးနှစ်ကလည်း ရေကြီးမှုကို ကြုံခဲ့ရပြီး ယင်းအခြေအနေသည် ၄၅နှစ်အတွင်း အမြင့်ဆုံးဖြစ်ခဲ့သည်။ သို့သော် ယခုနှစ်ရေကြီးရေလျှံမှုသည် ထိုစဉ်နှင့်နှိုင်းယှဉ်ပါက အဆများစွာ မြင့်တက်သွားသည်။ "ရေက အဲဒီလောက် တစ်ခါမှမတက်ခဲ့ဖူးဘူး။ မထင်မှတ် ထားတဲ့အတွက် ကြိုတင်ပြင်ဆင်ချိန်ကလည်း တော်တော်လေးနည်းသွားတယ်။ ကျွန်တော်တို့ ရပ်ကွက်တွေက အိမ်ထဲကို ရေသုံးပေကျော်ကျော်ပဲ ဝင်တာပါ။ ခေါင်းဆေးကျွန်းရပ်ကွက်မှာဆိုရင် ကယ်ဆယ်ရေးစခန်းတွေမှာ သွားနေကြရ တယ်။ သူတို့အတွက် လှူဒါန်းကြသူတွေလည်းအထိုက်အလျောက်ရှိပါတယ်။ ထမင်းထုပ်တွေရကြတော့ စားသောက်ဖို့မပူရပေမယ့် အိမ်သာပြဿနာကိုတော့ တော်တော်လေးကြုံတွေ့နေကြရတယ်" ဟု ကိုစိုးသူရမြင့်က ပြောပြ သည်။

အိမ်ခေါင်မိုးအထိ ရေမြုပ်သည့်ဒဏ်ကို ခံစားခဲ့ရပြီး ကယ်ဆယ်ရေးစခန်းများတွင် သွားရောက်နေထိုင်ကြရသည်အထိ ဖြစ်ခဲ့သော ခေါင်းဆေးကျွန်းရပ်ကွက်မှ ပြည်သူများကလည်း ရပ်ကွက်အတွင်း ရေများ အနည်းငယ် ပြန်လည်ကျဆင်းသွားသည့်တိုင် အိမ်သာပြဿနာကြောင့်ပင် ကယ်ဆယ်ရေးစခန်းများ၌ ဆက်လက်နေထိုင်ကြရလိမ့်ဦးမည်ဟု သွားရောက်နေထိုင်နေသူတစ်ဦးက ပြောပြသည်။

## ရေသန့်နှင့် အသင့်စားနိုင်သည့် ရိက္ခာများလိုအပ်

"ကယ်ဆယ်ရေးစခန်းက ၂၀ လောက်ရှိတယ်။ ရေဘေးကြုံနေရတဲ့လူဦးရေကလည်း ၂၀၀၀ ကျော်ရှိတော့ ရိက္ခာရရှိမှုမှာလည်း အခက်အခဲတော့ရှိပါတယ်။ ကယ်ဆယ်ရေးစခန်းမှာနေတဲ့သူတွေအတွက်တော့ ရိက္ခာက ပူစရာမလိုပါဘူး။ ရပ်ကွက်ထဲမှာပဲ ဆက်နေကြတဲ့သူတွေ အများကြီးရှိတယ်။ သူတို့တွေကို လာပြီးလှူဒါန်းပေးနေတဲ့ အဖွဲ့တွေတော့ရှိတယ်။ ထမင်းထုပ်တွေဝေကြတယ်။ ဆေးဝါးနဲ့ အဝတ်အစားတွေ ပေးကြတာရှိပါတယ်။ အဓိကလိုအပ်တာကတော့ ထမင်းပေါ့။ ပြီးရင် ရေသန့်လည်း လိုအပ်တယ်။ ရေပြန်မကျမချင်းကတော့ အိမ်သာအတွက် အဆင်မပြေတာတွေရှိတယ်။ အိမ်သာကျင်းတွေအားလုံးက ရေမြုပ်ကုန်တော့ ရေတွေက မသန့်ဘူးလေ။ အစားအသောက်ချက်ပြုတ်ဖို့ဆိုတာက ခက်တယ်။ ဒါကြောင့် ရေသန့်နဲ့ အသင့်စားနိုင်တဲ့ အစားအစာတွေက အခုအချိန်မှာ အဆင်ပြေဆုံးပါပဲ"ဟု ကျွန်းသာယာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးထွဋ်ဇော်က ဖြေကြားသည်။

ရေဘေးသင့်ပြည်သူများအတွက် အဓိကလိုအပ်သည့် အရာများမှာ လတ်တလော စားသောက်နိုင်သည့် ရိက္ခာ၊ ရေသန့်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများဖြစ်သည့် ဆပ်ပြာ၊ ဆေးဝါး၊ ခြင်မကိုက်ဆေးများနှင့် အများသုံး အိမ်သာများဖြစ်ကြောင်း သိရှိရသည်။

## ပေါ့ပေါ့ဆဆမတွေးသင့်

"အသိပညာဗဟုသုတလည်း နည်းပါးကြတယ်။ အမှန်က ရေကြီးရေလျှံတာကို ပေါ့ပေါ့ဆဆမတွေးသင့်ဘူး။ အချိန်တန်ရင် ပြန်ကျသွားမှာဆိုပြီး အိမ်မှာ ဆက်နေကြတာကို တွေ့ရတယ်။ ကျွန်တော်တို့တွေ ရောက်သွားတဲ့အချိန်မှာ လူကိုတောင် မနည်းကယ်ထုတ်ရတယ်။ ဒီအတွေ့အကြုံတွေက ကလေးရေဘေးကြုံတုန်းကတည်းက ကျွန်တော်တို့က သိပေမယ့် အခုဖြစ်နေတဲ့ ဒေသခံတွေ သိပ်မသိကြဘူး။ အိမ်မှာကျန်ခဲ့မယ့် တိရစ္ဆာန်တွေကိုလည်း စိတ်မချတာကြောင့် နေခဲ့ကြတာလည်း အများကြီးကြုံရတယ်။ ရေစီးက သန်တဲ့အတွက် ကယ်ဆယ်ရာမှာလည်း အခက်အခဲရှိလာနိုင်တယ်"ဟု ကူညီကယ်ဆယ်ရေးများ လုပ်ဆောင်ပေးသည့် ဝေဠုကျော်ဖောင်ဒေးရှင်းမှ ကိုလှိုင်မင်းဦးက ပြောကြားသည်။

"ကျွန်တော်တို့ ရွှေဂွန်း မြိုင်ကြီးငူဘက်မှာက ဆန်နဲ့ ဆီ၊ သောက်သုံးရေဝယ်ဖို့ တော်တော်လေးခက်ခဲပါတယ်။ ကယ်ဆယ်ရေးစခန်းတွေဆီကို အားလုံးသွားကြဖို့လည်း ခက်တာမို့ လှူဒါန်းပေးစေလိုပါတယ်။ အဝတ်အထည်ထက် စားရေရိက္ခာတွေကို ပိုပြီးလိုအပ်တယ်။ ရေကလည်း နောက်သုံးရက်ဝန်းကျင်အထိ ကျမယ့်အလားအလာမရှိသေးဘူး"ဟု မြိုင်ကြီးငူတွင် ရေဘေးကယ်ဆယ်ရေးများဆောင်ရွက်နေသည့် ကိုမောင်မောင်ကြီးကလည်း ပြောကြားသည်။

ရေကြီးရေလျှံမှု၊ မိုးရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများကို ကြုံတွေ့ထားကြရသဖြင့် လျှပ်စစ်မီးများလည်း ပြတ်တောက်နေပြီး ဒေသခံများအဖို့ ဖုန်းအသုံးပြုမှုခက်ခဲလာသဖြင့် မီးစက်များ အသုံးပြုကာ ဖုန်းအားသွင်းနိုင်ရန် လာရောက်ကူညီပေးကြသည့် အဖွဲ့အစည်းများကိုလည်း မျှော်လင့်ကြကြောင်း ကိုမောင်မောင်ကြီးထံက သိရသည်။

## ကောင်းစွာစီမံခန့်ခွဲ၊ စနစ်တကျကူညီကယ်ဆယ်

"ရေဘေးကနေ အဓိကရရှိတဲ့ သင်ခန်းစာကတော့ သူတစ်ပါးကို ကယ်တင်မယ့်သူသည် မိမိကိုယ်ကိုယ် ကောင်းစွာစောင့်ရှောက်နိုင်ဖို့နဲ့ ကယ်ဆယ်ရေးအတွက် စီမံခန့်ခွဲခြင်းတွေကို ကြိုတင်ပြင်ဆင်ထားရမယ်ဆိုတာပါပဲ။ ကျွန်တော်တို့က ခံစားချက်တွေကြောင့် သဘာဝဘေးကြုံတွေ့လာတဲ့အခါ အားတက်သရော လှူဒါန်းကြတယ်။ ကယ်ဆယ်ကြတယ်။ ဒါပေမယ့် နောက်ပိုင်းမှာ ဒီလို သဘာဝဘေးတွေဟာ မကြာခဏ ဖြစ်လာတတ်တာကြောင့် စနစ်တကျ ကူညီကယ်ဆယ်ဖို့ လေ့ကျင့်မှုတွေတော့ လိုအပ်နေပါပြီ။ ဒါမှလည်း သဘာဝဘေးသင့်တဲ့ပြည်သူတွေ အရေးပေါ်အခြေအနေတွေမှာ လိုအပ်တာတွေ၊ အခက်အခဲတွေကို ထိထိရောက်ရောက် ဖြည့်ဆည်းနိုင်မယ်"ဟု ကိုလှိုင်မင်းဦးက ပြောကြားသည်။

လက်ရှိ မိုးလေဝသအခြေအနေအရ ရေကြီးရေလျှံမှုများသည် ဆက်လက်တည်ရှိနေနိုင်သေးပြီး ဩဂုတ်လအလွန်အထိလည်း ယခုပြဿနာများ ဖြစ်ပေါ်လာနိုင်သေးကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းကြသည်။ "ကျန်းမာရေးအတွက် လိုအပ်ချက်တွေ၊ သတိထားရမယ့်အချက်တွေကတော့ အများကြီးပဲ။ ဝမ်းပျက်ဝမ်းလျှောလို ကူးစက်ရောဂါမျိုးတွေဟာ အစားအသောက်၊ သောက်သုံးရေနဲ့ အိမ်သာပြဿနာတွေကနေ စတင်နိုင်တာမို့ ကျွန်တော်ကတော့ အများသုံး ရွေ့လျားအိမ်သာတွေကိုလည်း ထားပေးသင့်တယ်။ ရေဘေးသင့် ပြည်သူတွေကို တကယ်ထိရောက်တဲ့ လိုအပ်ချက်တွေကိုလည်း မေးမြန်းပြီး ကူညီသင့်တယ်"ဟု ကိုစိုးသူရမြင့်က ဘက်ထရီကုန်တော့မည့် ဖုန်းနှင့် လက်နှိပ်ဓာတ်မီးကို အားသွင်းနိုင်ရန်အတွက် မီးစက်နှိုးကာ ကူညီပေးနေသည့် လူမှုရေးအသင်းအဖွဲ့တစ်ခုထံ သွားရောက်ရမည့်အကြောင်းပြောကာ အင်တာဗျူးကို အပြီးသတ်ဖြေကြားပေးခဲ့သည်။ ။

**❐ ရေဘေးသင့်ပြည်သူများအတွက် အဓိကလိုအပ်သည့် အရာများမှာ လတ်တလော စားသောက်နိုင်သည့် ရိက္ခာ၊ ရေသန့်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများဖြစ်သည့် ဆပ်ပြာ၊ ဆေးဝါး၊ ခြင်မကိုက်ဆေးများနှင့် အများသုံး အိမ်သာများဖြစ်ကြောင်း သိရ**





















# အစိုးရအနေနဲ့ ပြည်သူတွေရဲ့ဒုက္ခကို မျှဝေခံစားတယ်၊ လိုအပ်ချက်တွေ မှန်သမျှကို အရေးပေါ်ရင် ပေါ်သလို ဦးစားပေးအနေနဲ့ လုပ်ပေးပါမယ်

**နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ဆက်သွယ်မေးမြန်းထားသည်များကို ပြန်လည်တင်ပြလိုက်ပါသည် -**

**မေး။ ။အခုဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အချို့မှာ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ဒီရေဘေးဒုက္ခသည်တွေအတွက် ကူညီဆောင်ရွက်မှု အပိုင်းကို ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ရေကြီးရေလျှံမှုနဲ့ ပတ်သက်တဲ့အခါ နံပါတ်(၁)က ရွှေ့ပြောင်းရတယ်။ ယာယီစခန်းတွေမှာ၊ ရေဘေးရှောင်စခန်းတွေမှာ နေရတယ်။ အခုကျွန်တော်တို့ တွေ့တာကတော့ တချို့နေရာတွေမှာ လူဦးရေနဲ့ ရှိတဲ့နေရာနဲ့ မမျှတတဲ့ ပုံစံမျိုးရှိတယ်။ အခု စာသင်ကျောင်းတွေ၊ ဘုန်းကြီးကျောင်းတွေမှာပဲ နေရတယ်။ နေတဲ့အခါကျတော့ လူများတယ်။ အဓိက ရင်ဆိုင်ရတဲ့ပြဿနာက အညစ်အကြေးစွန့်တဲ့ ပြဿနာတွေ ရှိလာတယ်။ ကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့ သတိထားစရာတွေ ဖြစ်ပေါ်လာတယ်။ အညစ်အကြေးစွန့်မယ့်နေရာက နည်းတယ်။ လူတွေက များတယ်။ နေရာတစ်နေရာတည်းမှာ အဲဒါမျိုးတွေရှိတယ်။ လတ်တလော ဖြေရှင်းနည်းတွေနဲ့ ရသလောက်တော့ ဖြေရှင်းပေးထားတယ်။ ရေဘေးရှောင်စခန်းဆိုတာ အခိုက်အတန့်ပဲ၊ တစ်ပတ်တန်သည်ဖြစ်စေ၊ ၁၀ ရက်တန်သည်ဖြစ်စေ ဒီလိုပဲနေရတာပါ။ ဒီနေ့ကတော့ မနေ့ကထက်စာရင် ပဲခူးတိုင်းဒေသကြီးမှာ ရေက တန့်နေသေးတယ်။ ကျတာမရှိဘူး။ ဘီးလင်းမှာတော့ မနေ့က တော်တော်လေးတက်ပြီး ဒီနေ့တော့ နည်းနည်းတန့်နေတယ်။

လက်ရှိအခြေအနေကတော့ ရေဘေးသင့်ပြည်သူအနေနဲ့ ပဲခူးတိုင်းဒေသကြီးမှာ ဇူလိုင် ၂၈ ရက် ညနေအထိက တစ်သောင်းရှစ်ထောင်ခုနစ်ရာကျော်ရှိတယ်။ ဇူလိုင်လ ၂၉ ရက်နေ့မှာတော့ နှစ်သောင်းကျော်သွားပြီ။ မွန်ပြည်နယ်မှာလည်း တစ်သောင်း ခုနစ်ထောင်၊ တစ်သောင်းရှစ်ထောင်ရှိတယ်။ တနင်္သာရီတိုင်းမှာလည်း ခြောက်ထောင် ကျော်လောက်ရှိတယ်။

အခုလောလောဆယ် သတိထားနေရတာက မွန်ပြည်နယ်နဲ့ ပဲခူးတိုင်းဒေသကြီးပါ။ ကရင်ပြည်နယ်မှာလည်း ဖြစ်နေတယ်။ ကရင်ပြည်နယ်မှာ တစ်သောင်းလေးထောင်နီးပါးလောက် ရေဘေးသင့်ပြည်သူတွေရှိတယ်။ အဓိက အခုဖြစ်နေတဲ့ ပဲခူးတိုင်းဒေသကြီး တစ်ခုလုံးမှာ ရေဘေးကယ်ဆယ်ရေးစခန်း ၄၂ ခုရှိတယ်။ ပြန်ပိတ်ဖို့ကတော့ လတ်တလော မဖြစ်နိုင်သေးဘူး။ မွန်ပြည်နယ်မှာ ဘီးလင်းကလည်း ဖြစ်နေပြီဆိုတော့ နဂိုရှိတာကတော့ စခန်းပေါင်း ၃၉ ခုရှိတယ်။ တနင်္သာရီတိုင်းဒေသကြီးမှာလည်း စခန်း ၁၃ ခုလောက်ရှိတယ်။ ကရင်ပြည်နယ်မှာ စခန်း ၅၂ ခု ရှိတယ်။

**မေး။ ။တာဝန်ရှိသူတွေအနေနဲ့ အခုနောက်ထပ် ဘာတွေ ဆက်လက်လုပ်ဆောင်သွားဖို့ ရှိပါသလဲ။**

ဖြေ။ ။ကျွန်တော်တို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကနေပြီးတော့ ပိုမိုပြီး ထောက်ပံ့ပေးနိုင်ဖို့ လုပ်နေတာရှိတယ်။ ဥပမာအားဖြင့် မဒေါက်မှာ ရေကာတာ ပေါက်မထွက်ဖို့ အလွန်အရေးကြီးတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ သက်ဆိုင်ရာတာဝန်ရှိတဲ့ ဌာနအသီးသီးကနေပြီးတော့ ပြည်သူတွေ ပူးပေါင်းပါဝင်ပေးဖို့ လိုတယ်။ ဒါမျိုးတွေ ကျွန်တော်တို့က တိုက်တွန်းမယ်၊ ကြီးကြပ်မယ်၊ တကယ်ဖြစ်အောင် ဆောင်ရွက်ပေးမယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနက ထောက်ပံ့ကူညီနေတဲ့ ဝန်ကြီးဌာနပါ၊ လိုအပ်တဲ့ နေရာကို အလျင်အမြန် တုံ့ပြန်သွားမယ်။

ဥပမာ ပဲခူးတို့၊ သနပ်ပင်တို့မှာ ရေကြီးတဲ့ကြားက ပြီးခဲ့တဲ့ တစ်ရက်ကျော်က လေဘေးကြုံလိုက်တယ်။ တစ်ခါတည်း အိမ်တွေ အမိုးလန်တာ ပြိုတာတွေဖြစ်တယ်။ ဒါတွေကို ကျွန်တော်တို့ လိုက်ထောက်ပံ့နေတယ်။ အဲဒါမျိုးတွေကို ကျွန်တော်တို့က လက်တလော မဆိုင်းမတွ တုံ့ပြန်တဲ့ ပုံစံမျိုးနဲ့ ကျွန်တော်တို့အဖွဲ့က မရပ်မနားပြည်သူတွေရဲ့ လိုအပ်ချက်ကို လိုက်လုပ်ပါတယ်။ အဲဒါတွေက ကျွန်တော်တို့ လုပ်တဲ့အလုပ်တွေပါ။ ဒါပေမယ့် ပြည်သူတွေရဲ့ပူးပေါင်းပါဝင်မှုက အားကောင်းပါတယ်။ ပဲခူးမှာဆိုရင်လည်း လူမှုရေးအဖွဲ့တွေက အများကြီးကောင်းပါတယ်။ ဥပမာ ရင်ခွင်မဲ့ကလေးများ လျှော့ချရေးအဖွဲ့ကလည်း ရောက်လာပြီးတော့ ထမင်းထုပ်ဝေတာတွေ လုပ်တယ်။

လူမှုရေးအသင်းတွေကလည်း ဒီလိုမျိုး ထမင်းထုပ်ဝေတာတို့၊ ကူညီထောက်ပံ့တာတို့၊ ရေသန့်ဘူးဝေတာတို့ လုပ်နေပါတယ်။ နီးစပ်ရာ ပဲခူးတိုင်းဒေသကြီးဆိုရင် ဥပမာ ညောင်လေးပင်၊ ပြွန်တန်ဆာ၊ ပိန်းဇလုပ်တို့ စသည်ဖြင့် တိုက်နယ်လေးတွေကနေပြီးတော့ မြို့နယ်မှာ ဖြစ်နေတဲ့ဟာကို အဖွဲ့လိုက် အဖွဲ့လိုက် လာပြီးတော့ ထမင်းထုပ်ဝေတာတို့၊ ရေသန့်ဘူးဝေတာတို့ လုပ်နေတာ တွေ့တယ်။ ပြည်သူတွေက ပူးပေါင်းပါဝင်နေကြတယ်ဆိုတာ တွေ့ရပါတယ်။ အစိုးရကလည်း လိုအပ်တာတွေ ထောက်ပံ့နေတယ်။ သူတို့ ကိုယ့်ဟာကိုယ် ထမင်းချက်စားလို့ မရနိုင်ဘူးဆိုတာ သိတဲ့အခါကျတော့ လက်ထဲမှာ ငွေနည်းနည်းရှိရင် မဆိုးဘူးဆိုပြီး ကျွန်တော်တို့က တစ်နေ့ကို ဘယ်လောက်နှုန်းနဲ့ဆိုပြီး တွက်ပြီးတော့ ငွေကို လက်ထဲထည့်လိုက်တယ်။

ဘာကြောင့်လဲဆိုတော့ သူတို့ကို ဒီလို ချက်ပြုတ်ကျွေးပြီးတော့ ထမင်းထုပ်ဝေတဲ့ဟာတွေက မပြတ်ကို ရှိနေတယ်။ သူတို့လက်ထဲမှာ ငွေလေးရအောင် ဆိုပြီးတော့ ဖန်တီးတယ်၊ လိုအပ်ရင် ကျွန်တော်တို့ ထပ်ပြီးတော့ ပံ့ပိုးမယ်။ ဒီလိုမျိုး ကျွန်တော်တို့ဆောင်ရွက်နေတာ ရှိပါတယ်။ ကိုယ်ဝန်ဆောင်တွေ၊ သက်ကြီးရွယ်အိုတွေ၊ ကလေးလေးတွေ၊ မွေးကင်းစကနေ ခြောက်လအောက် ကလေးတွေအတွက် အမေတွေကို ငွေထောက်ပံ့တဲ့ စနစ်တွေလည်း ကျွန်တော်တို့ လုပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လိုအပ်မှုတွေ ပိုရှိလာနိုင်တယ်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

**မေး။ ။ပြည်သူတွေအနေနဲ့ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ခဲ့မယ်ဆိုရင် ဆက်သွယ်အကူအညီတောင်းခံနိုင်မယ့် လိပ်စာနဲ့ ဖုန်းနံပါတ်ကိုလည်း ပြောကြားပေးစေချင်ပါတယ်။**

ဖြေ။ ။ဒါက အမြဲတမ်း TV မှာလည်းပါတယ်။ ကြေညာနေတာတွေလည်း အမြဲတမ်းရှိတယ်။ ဖုန်းနံပတ် ၀၆၇-၃၄၀၄၆၆၄၊ ၀၆၇-၃၄၀၄၇၇၇ တို့ကို ဆက်သွယ်လို့ရပါတယ်။

**မေး။ ။ဖြည့်စွက်ပြောကြားလိုတာများရှိရင် ပြောပြပေး စေလိုပါတယ်။**

ဖြေ။ ။ကျွန်တော့်အနေနဲ့ ပြောချင်တာက ကျွန်တော်တို့ အစိုးရအနေနဲ့ ပြည်သူတွေရဲ့ဒုက္ခကို ကျွန်တော်တို့ မျှဝေခံစားတယ်။ အခုဖြစ်နေတဲ့ အရာဟာ တစ်ကမ္ဘာလုံး အတိုင်းအတာအနေနဲ့ ရာသီဥတုတွေ ဖောက်ပြန်ပြီးတော့ ဖြစ်နေတယ်။ ကမ္ဘာ့နိုင်ငံအရပ်ရပ်မှာ ဖြစ်ပါတယ်။ တစ်နိုင်ငံတည်း မဟုတ်ပါဘူး။

အခြားနိုင်ငံတွေမှာ ဒီထက်ဆိုးတဲ့ အခြေအနေတွေလည်း ရင်ဆိုင်နေရတာ ရှိတယ်။ ဘယ်လိုပဲ ရင်ဆိုင်နေရနေရ အတတ်နိုင်ဆုံး ကျွန်တော်တို့အနေနဲ့ ပြည်သူတွေနဲ့ ပူးပေါင်းပြီးတော့ မဖြစ်ခင် ကြိုတင်ကာကွယ်တဲ့လုပ်ငန်း၊ ထိထိရောက်ရောက် တုံ့ပြန်တဲ့လုပ်ငန်း၊ ပြန်လည်ထူထောင်တဲ့လုပ်ငန်းတွေမှာ ထိထိရောက်ရောက်ဆောင်ရွက်ပေးဖို့ ကျွန်တော်တို့ အမြဲတမ်းရှိတယ်။ တကယ်လည်း အားထုတ်ကြိုးစားနေပါတယ်။

တစ်ခါတလေကျရင် ကျွန်တော်တို့ ဝန်ထမ်းအင်အားကလည်း နည်းတယ်၊ မရောက်သေးဘူး၊ မလာသေးဘူး၊ အဲဒီလိုမျိုးတွေလည်း ရှိတတ်ပါတယ်။ ကျွန်တော်တို့က လိုအပ်ချက်တွေ မှန်သမျှကို အရေးပေါ်ရင်ပေါ်သလို ကျွန်တော်တို့ကို ဆက်သွယ်ပါ၊ အရေးကြီး လိုအပ်တာတွေရှိလို့ ဆက်သွယ်လိုက်ရင် ကျွန်တော်တို့က ဦးစားပေးအနေနဲ့ လုပ်ပေးပါမယ်။

ပုံမှန်အားဖြင့် ကျွန်တော်တို့ ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်တာ အကုန်လုံးကိုတော့ လုပ်နေပါတယ်။ ဒါကိုလည်း ကျွန်တော်တို့က လျင်မြန်အောင် ကြိုးစားနေတယ်။ သို့သော် လျင်မြန်အောင် ကြိုးစားတဲ့ကြားက နှေးနေသေးတယ်ဆိုရင်၊ အထူးလိုအပ်တယ်ဆိုရင် ဆက်သွယ်လိုက်ပါ။ အထူးဆက်သွယ်တယ်ဆိုတာ ရုံးဖုန်းတွေကို ရအောင်ဆက်သွယ်ပါ။ ရအောင်ဆက်သွယ်လိုက်ရင် ပိုပြီးတော့ ဦးစားပေး ဆောင်ရွက်လို့လည်း ရတယ်။ ပိုပြီးတော့ အာရုံစိုက်လို့လည်းရတယ်။ ကျွန်တော်တို့ ရှိတဲ့ အင်အားနဲ့ အစွမ်းကုန်ကြိုးစားနေတယ်လို့ ပြောချင်ပါတယ်။ ။

**သတင်းအဖွဲ့**

## ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ပဲခူးမြို့နယ်တွင်း ရထားလမ်းပိုင်းများ ပျက်စီးမှုနှင့် ဝန်ထမ်းအိမ်ရာများသို့ ရေဝင်ရောက်နစ်မြုပ်ခဲ့သည့် ဝန်ထမ်းမိသားစုများအား ထောက်ပံ့



**နေပြည်တော် ဇူလိုင် ၂၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် ဒီရေမြင့်တက်မှုကြောင့် ပဲခူးမြို့နယ်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည့် ပဲခူးဘူတာ၊ ဝန်ထမ်းအိမ်ရာများနှင့် ရေကျော်လမ်းပိုင်းနေရာများသို့ ဇူလိုင် ၂၈ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးဘူတာသို့လည်းကောင်း၊ ပဲခူးဘူတာ အခြေစိုက်ဝန်ထမ်းအိမ်ရာများ၌ ရေလေးပေခန့်အထိ ရေဝင်ရောက်နစ်မြုပ်နေမှုအခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ရေဝင်ရောက်မှုကြောင့် ဝန်ထမ်း ၂၅၅ ဦး အပါအဝင် မိသားစုဝင် စုစုပေါင်း ၈၃၅ ဦးတို့အား ရေဘေးလွတ်ကင်းရာသို့ နေရာချထားဆောင်ရွက်ပေးမှု၊ မြန်မာ့မီးရထားအနေဖြင့် နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကို လိုက်လံကြည့်ရှုပြီး ဝန်ထမ်းများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့တို့သည် တာဝ-ဘုရားငါးဆူ၊ ပဲခူး-ရွှေလှေနှင့် ပဲခူး-ကလိရထားလမ်း ရေကျော်သည့်နေရာများကို ကြည့်ရှုစစ်ဆေးပြီး ရေပြန်လည်ကျဆင်းသွားပါက ရေကျော်လမ်းပိုင်းနှင့် တံတားများကို ပြန်လည်ပြင်ဆင်ခြင်း၊ ပဲခူး-မော်လမြိုင်ကြား ဒုံဝန်း-နှင်းပုလဲလမ်းပိုင်း ပျက်စီးမှုကို အမြန်ဆုံးစစ်ဆေးပြုပြင်သွားရန်နှင့် ရန်ကုန်-နေပြည်တော်-မန္တလေးလမ်းပိုင်းနှင့် ရန်ကုန်-မော်လမြိုင်လမ်းပိုင်းရှိ ရထားများပြန်လည် ပြေးဆွဲနိုင်ရေး အမြန်ဆုံးဆောင်ရွက်သွားရန်၊ ဝန်ထမ်းမိသားစုများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးသွားရန်၊ လမ်းပိုင်းအလိုက် တံတားကြီးများတွင်လည်း ရေကင်းစောင့်များ စနစ်တကျ ချထားရန်နှင့် ရေတက်ရောက်မှု အခြေအနေကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်တင်ပြရန် မှာကြားခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၂၉** - မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မောင်တောမြို့တွင် ၆ ဒသမ ၀၆ လက်မ၊ ရေးမြို့တွင် ၅ ဒသမ ၆၃ လက်မ၊ ပိုင်ကျုံမြို့တွင် ၅ ဒသမ ၅၉ လက်မ၊ ဘားအံမြို့တွင် ၄ ဒသမ ၂၀ လက်မ၊ ကမမောင်းမြို့တွင် ၄ ဒသမ ၀၂ လက်မ၊ ကော့ကရိတ်မြို့တွင် ၃ ဒသမ ၇၀ လက်မ၊ လှိုင်းဘွဲ့မြို့တွင် ၃ ဒသမ ၆၆ လက်မ၊ ထားဝယ်မြို့တွင် ၃ ဒသမ ၁၈ လက်မ၊ ကျိုက်မရောမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ စစ်တွေမြို့နှင့် ကော့သောင်းမြို့တို့တွင် ၂ ဒသမ ၉၅ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## ဒုံသမိချောင်းရေတက်လာမှုကြောင့် ဈေးမသွယ်အထက်ကျေးရွာ အနိမ့်ပိုင်းနေသူများ ဘေးလွတ်ရာရွှေ့ပြောင်းနေထိုင်

**သထုံ ဇူလိုင် ၂၉**

မွန်ပြည်နယ် သထုံမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး ဒုံသမိချောင်းရေမြင့်တက်လာသောကြောင့် ဈေးမသွယ်အထက်ကျေးရွာအနိမ့်ပိုင်းတွင် နေထိုင်ကြသည့် လူနေအိမ်များအတွင်းသို့ ရေများဝင်ရောက်လာရာ အိမ်ထောင်စုအချို့ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆက်မပြတ်မိုးရွာသွန်းမှုကြောင့် ဈေးမသွယ်အထက်ကျေးရွာရှိ ရပ်ကွက်လေးခုအနက် သုံးခုတို့မှ လူဦးရေပေါင်း ၆၀၀ ကျော်ခန့် နေထိုင်ရာ အိမ်ခြေပေါင်း ၁၅၀ ကျော်အတွင်း ရေဝင်ရောက်နေပြီး ရေဘေးကယ်ဆယ်ရေးစခန်းဖြစ်သည့် ကျေးရွာမူလွန်ကျောင်းဝင်းအတွင်းသို့ အိမ်ခြေ ၅၀ မှ ကျေးရွာနေ ပြည်သူ ၂၀၀ ကျော်တို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

ဒုံသမိချောင်းရေမှာ ဇူလိုင် ၂၉ ရက် တိုင်းထွာချက်အရ စိုးရိမ်ရေအမှတ်ဖြစ်သည့် ၁၄ ပေသို့ ရောက်ရှိနေပြီး သထုံမြို့နယ်အတွင်း အဆိုပါချောင်းတစ်လျှောက်ရှိ ကျေးရွာများ၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားနေကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## ကျောက်ဖြူမြို့နယ်ရှိ ကျေးရွာနှစ်ရွာအတွင်း ကွန်ကရစ်လမ်းခင်း

**ကျောက်ဖြူ ဇူလိုင် ၂၉**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် VDP စီမံကိန်းဝင်ကျေးရွာများဖြစ်သည့် ပင်လယ်နားကျေးရွာနှင့် ကြတ္တိန်ကျေးရွာတို့တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအဖြစ် ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဦးစောထွန်းနှင့် မြို့နယ်ဦးစီးမှူး ဦးဦးတင်မောင်နှင့် ဝန်ထမ်းများသည် ကွန်ကရစ်လမ်းခင်းရန်အတွက် ကျောက်များ၊ သဲများ စုဆောင်းထားမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါ ပင်လယ်နားကျေးရွာသည် နေအိမ် ၁၀၅ အိမ်ရှိပြီး စီမံကိန်းရန်ပုံငွေနှင့် ကျေးရွာပြည်သူ ထည့်ဝင်ငွေဖြင့် ကွန်ကရစ်လမ်းအရှည်ပေ ၉၅၀ ကို စက်တင်ဘာလအတွင်း အပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်

နေပြည်တော် ဇူလိုင် ၂၉

**ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်း ဇူလိုင်၂၇ ရက်နှင့် ၂၈ ရက်နေ့များတွင် ဟောင်သရောမြစ်ရေဝင်ရောက်မှုကြောင့် ကျုံဒိုးမြို့ အမှတ်(၁)ရပ်ကွက်ပါ လေးခုတို့မှ အိမ်ထောင်စု ၇၈ စု၊ လူဦးရေ ၃၇၅ ဦးတို့မှာ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းနှင့် ဓမ္မာရုံပါ လေးနေရာတို့တွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်းနှင့် ခရမ်းချောင်းရေဝင်ရောက်မှုကြောင့် ကညင်တတိုက်ကျေးရွာ၌ ရေအနက်ခုနစ်ပေခန့် ရေဝင်ရောက်နေသဖြင့် အိမ်ထောင်စု အစု ၆၀၊ လူဦးရေ ၂၅၇ ဦးတို့သည် ၎င်းတို့၏ ဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။**

### ဘားအံမြို့နယ်

ဘားအံမြို့နယ်အတွင်း သံလွင်မြစ်ရေဝင်ရောက်မှုကြောင့် အမှတ်(၄) ရပ်ကွက်ပါ နှစ်ခုနှင့် ဂျိုင်းကျေးရွာပါ ငါးရွာတို့မှ အိမ်ထောင်စု ၁၅၇ စု လူဦးရေ ၇၃၂ ဦးတို့သည် အမှတ်(၁၁) အခြေခံပညာ မူလတန်းကျောင်း ယာယီကယ်ဆယ်ရေးစခန်းပါ သုံးခုနှင့် လှာကမြင်ဘုန်းကြီးကျောင်းတို့တွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်းနှင့် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကော့ရေးကျေးရွာပါ နှစ်ရွာတို့၌ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနေအိမ်တစ်လုံး သစ်ပင်ပိပျက်စီးခဲ့ရာ တန်ဖိုးငွေကျပ် ၃၀၀၀၀၀ ဆုံးရှုံးခဲ့ကြောင်း၊ မြဝတီမြို့နယ်အတွင်း သောင်ရင်းမြစ်ရေတိုက်စားမှုကြောင့် မဲ့ထော်သလေးကျေးရွာ၌ သောင်ရင်းမြစ်ကမ်းပါး အလျားပေ ၂၄၀၊ အနံ ၁၅ ပေ၊ ထု ၁၇ ပေခန့် ပြိုကျခဲ့သဖြင့် သွပ်မိုး၊ ပျဉ်ကာဆန်စက်တစ်လုံး ရွှေ့ပြောင်းခဲ့ရကြောင်းနှင့် မိုးရွာသွန်းမှုကြောင့် အမှတ်(၂)ရပ်ကွက်၌ သစ်ပင်ပိ၍ ဓာတ်တိုင်တစ်တိုင် လဲကျပျက်စီးခဲ့ကြောင်း၊ လှိုင်းဘွဲ့မြို့နယ်အတွင်း ပိုင်ကျုံချောင်းရေ ဝင်ရောက်မှုကြောင့် ပိုင်ကျုံမြို့ ကော့စံမိန်းကျေးရွာမှ အိမ်ထောင်စုလေးစု လူဦးရေ ၁၅ ဦးတို့မှာ ကော့စံမိန်းဘုန်းကြီးကျောင်း၌ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရှိရသည်။

### ရွှေကျင်မြို့နယ်

ထို့အပြင် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်း ဇူလိုင် ၂၇ ရက်တွင် မိုးရွာသွန်းမှုကြောင့် ညောင်ဝိုင်း ရပ်ကွက်ပါငါးခုနှင့် သောင်လယ်ကျေးရွာပါ ၂၅ ရွာတို့၌ ရေအနက် ၃၊ ၄၊ ၅ ပေခန့် ဝင်ရောက်မှုကြောင့် အိမ်ထောင်စု ၁၃၃၉ စု လူဦးရေ ၆၀၉၈ ဦးတို့မှာ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းပါ ၁၈ နေရာနှင့် ဆွေမျိုးများနေအိမ်တို့တွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ဇူလိုင် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် သနပ်ပင်မြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် သနတ္တန်းကျေးရွာပါ ငါးရွာတို့၌ နေအိမ် ၁၄၈ လုံး၊ စာသင်ကျောင်း တစ်ကျောင်း၊ စာကြည့်တိုက် တစ်လုံး၊ ဆေးရုံအဆောင်နှစ်ဆောင်၊ ဆေးပေးခန်းတစ်ခု အမိုးလန်၊ နေအိမ် ၄၅ လုံး၊ ဝန်ထမ်းအိမ်ရာတစ်လုံး ပြိုကျပျက်စီးခဲ့ရာ တန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀ ဆုံးရှုံးခဲ့ကြောင်းနှင့် တာဝရေတံခါးကျေးရွာ၌ ရေအနက် ၄ ပေခန့် ဝင်ရောက်နေသဖြင့် အိမ်ထောင်စု ၆၄ စု လူဦးရေ ၄၀၃ ဦးတို့သည် ဘုန်းကြီးကျောင်းများ၌ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း။

### ပဲခူးမြို့နယ်

ဇူလိုင် ၂၈ ရက်တွင် ပဲခူးမြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် ရန်ကုန်- မန္တလေးလမ်းဟောင်း မိုင်တိုင် ၄၉/၁ နှင့် ၄၈/၂ ကြား၌ ရေအနက်ခြောက်လက်မ/ သုံးပေခန့် ရေကျော်လျက်ရှိကြောင်းနှင့် ပဲခူး- တောင်ငူရထားလမ်းပိုင်းတို့တွင် ရေကျော်မှုများ ဖြစ်ပေါ်နေသဖြင့် နေပြည်တော်မှ ရန်ကုန်သို့ ထွက်ခွာမည့် အမှတ်(၃၂)အစုန်(နေပြည်တော်- ရန်ကုန်) ရထားခရီးစဉ်အား ဖျက်သိမ်းထားရှိကြောင်း၊ ကျောက်တံခါးမြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် အနန်းဘော်ကျေးရွာပါ သုံးရွာတို့၌ ရေအနက် နှစ်ပေနှင့် သုံးပေခန့်ဝင်ရောက်မှုကြောင့် အိမ်ထောင်စု ၃၃ စု လူဦးရေ ၁၆၀ တို့မှာ ဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း။

### ညောင်လေးပင်မြို့နယ်

ညောင်လေးပင်မြို့နယ်အတွင်း စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် မဒေါက်မြို့ မြို့မ(၁) ရပ်ကွက်ပါ နှစ်ခုတို့၌ ရေအနက်နှစ်ပေနှင့် ငါးပေရေဝင်ရောက်နေသဖြင့် အိမ်ထောင်စု ၁၈၆ စု လူဦးရေ ၇၅၇ ဦးတို့မှာ ဘုန်းကြီးကျောင်းများ၌ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်းနှင့် မဒေါက်- စခန်းသာဘူတာကြား ရထားလမ်းမိုင်တိုင် အမှတ်(၁၀၂)၌ ရေအနက် တစ်ပေခန့် ရေကျော်လျက်ရှိသဖြင့် ရထားသွားလာမှု ခေတ္တရပ်ဆိုင်းထားကြောင်း၊ ဒိုက်ဦးမြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် စက်ကွင်းရပ်ကွက်၌ ရေအနက် ၃၊ ၅ ပေခန့် ဝင်ရောက်နေသဖြင့် အိမ်ထောင်စု ၃၈ စု လူဦးရေ ၁၇၂ ဦးတို့သည် မေတ္တာဦးအခမဲ့ဆေးခန်းတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ကျောက်ကြီးမြို့နယ်အတွင်း ကျောက်ကြီးချောင်းရေ မြင့်တက်မှုကြောင့် ပဲခူးရပ်ကွက်ပါ သုံးခုနှင့် ကျောက်ခဲကြီးကျေးရွာပါ ငါးရွာတို့မှ အိမ်ထောင်စု ၈၈ စု လူဦးရေ ၃၉၆ ဦးတို့မှာ ဘုန်းကြီးကျောင်းနှင့် ဆွေမျိုးများနေအိမ်တို့တွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊

ရေတာရှည်မြို့နယ်အတွင်း စစ်တောင်းမြစ်ရေ မြင့်တက်မှုကြောင့် အုန်းပင်ကွေ့ကျေးရွာပါ နှစ်ရွာတို့၌ ရေအနက် ၃/၅ ပေခန့် ဝင်ရောက်သဖြင့် အိမ်ထောင်စု ၁၅ စု လူဦးရေ ၆၁ ဦး တို့သည်ရွာလယ်ဘုန်းကြီးကျောင်းတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ဝေါမြို့နယ်အတွင်း ဆင်ရွာချောင်း ရေမြင့်တက်မှုကြောင့် ဆင်ရွာကျေးရွာ- ဒလန္ဒယ်ကျေးရွာချင်းဆက် လမ်းပေ ၃၀ ခန့် ရေတိုက်စား၊ အုတ်တံတိုင်း တစ်ခု၊ သံဆန်ခါ ခြံစည်းရိုးတစ်ခု ပြိုလဲပျက်စီးခဲ့ရာ တန်ဖိုးငွေကျပ် ၁၃၀၀၀၀၀ ဆုံးရှုံးခဲ့ကြောင်း၊ တောင်ငူမြို့နယ်အတွင်း စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် အမှတ်(၁)ရပ်ကွက်နှင့် ဆင်ကြီးကျေးရွာပါ နှစ်ရွာတို့၌ ရေအနက် ၃၊ ၅ ပေခန့်ဝင်ရောက်သဖြင့် အိမ်ထောင်စု ၁၁၂ စု လူဦးရေ ၄၉၂ ဦးတို့သည် ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းတို့တွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ကဝမြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် နဘဲပင်ကျေးရွာပါ သုံးရွာတို့၌ ရေအနက် ၂၊ ၈ ပေခန့် ဝင်ရောက်သဖြင့် အိမ်ထောင်စု ၁၄၀ လူဦးရေ ၆၅၅ ဦးတို့သည် ဘုန်းကြီးကျောင်းများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် ဇေယျဝတီရပ်ကွက်၌ နှစ်ကျိပ်ရှစ်ဆူစေတီတော်တိမ်းစောင်း၊ အရံစေတီတစ်ဆူ ပြိုကျပျက်စီးခဲ့ကြောင်း သိရှိရသည်။

### ဘီးလင်းမြို့နယ်

အလားတူ မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ဇူလိုင် ၂၇ ရက်က မစောတံတား၌ နယ်မြေခံတပ်မှတပ်ဖွဲ့ဝင်များသည် ရေဘေးကယ်ဆယ်ရေးဆောင်ရွက်စဉ် ရေစီးနှင့်အတူမျောပါ သွားခဲ့ရာ ဗိုလ်ကြီး စိုင်းသူထွန်းပါသုံးဦးမှာ ဓာတ်တိုင်များအား ဖက်တွယ်မိ၍ လွတ်မြောက်ခဲ့ပြီး တပ်သားကျော်ကျော်ပါ သုံးဦးသည် ရေစီးနှင့်အတူ မျောပါပျောက်ဆုံးနေသဖြင့် ရှာဖွေခဲ့ရာ ဇူလိုင် ၂၈ ရက်ည ၈ နာရီ ၃၅ မိနစ်တွင် မစောတံတား၏အရှေ့ဘက် နှစ်မိုင်ခန့်အကွာ၌ တပ်သားဖြိုးရန်နိုင်ခန့်(၂၁)နှစ်၏အလောင်းအား ပြန်လည်တွေ့ရှိခဲ့ကြောင်းနှင့် ဘိုးလှကြီး ရပ်ကွက် ရန်ကုန်- မော်လမြိုင်ကားလမ်း ရေအနက်လေးပေ အလျားပေ ၂၀၀ ခန့် ရေကျော်နေသည့်နေရာ၌ ရန်ကုန်မြို့သို့ ဆေးခန်းသုံးပစ္စည်းများ ထုတ်ယူရန် ယာယီတာဝန်ဖြင့် နယ်မြေခံတပ်မှ ဗိုလ်ကြီး စဂျွန်းဖိုး၊ ဘီးလင်းမြို့မရဲစခန်းမှ ကူညီကယ်ဆယ်ရေးဆောင်ရွက်နေသူ ရဲတပ်ကြပ် အောင်ဇော်လင်းပါ လေးဦး၊ ကျိုက်ထိုမြို့နယ် ဖက္ကလိပ်ကျေးရွာနေ ထွန်းရန်နိုင်(၂၆ နှစ်)ပါ အမျိုးသားလေးဦး၊ စုစုပေါင်း ကိုးဦးတို့သည် ရေကျော်သည့်နေရာအား ဖြတ်ကူးစဉ် ရေစီးအရှိန်ဖြင့် ဆက်လက်ကူးနိုင်ခြင်းမရှိသောကြောင့် ဘီးလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦးပါ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့တို့က မြေတူးစက်အကူအညီဖြင့် ကယ်တင်ခဲ့ကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း။

ဘီးလင်းမြစ်ရေ ဝင်ရောက်မှုကြောင့် ကန်သာယာ ရပ်ကွက်ပါ ခြောက်ခုနှင့် မဲလံဂေါင်းကျေးရွာပါ ရှစ်ရွာတို့၌ အိမ်ထောင်စု ၁၀၇၆ စု လူဦးရေ ၄၉၆၆ ဦးတို့သည် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းရေဘေး ကယ်ဆယ်ရေးစခန်းပါ ၂၉ ခု၌ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ကျိုက်ထိုမြို့နယ်အတွင်း ကဒတ်ချောင်းရေဝင်ရောက်မှုကြောင့် ဇေယျာမွန်ရပ်ကွက်ပါ နှစ်ခု၊ ဖက္ကလိပ်ကျေးရွာနှင့် မြို့နယ် အားကစားကွင်း ယာယီကယ်ဆယ်ရေးစခန်းတို့မှ အိမ်ထောင်စု ၁၉၉ စု လူဦးရေ ၉၁၆ ဦးတို့သည် ကိုးနဝင်းဓမ္မာရုံပါ ယာယီကယ်ဆယ်ရေးစခန်း လေးခုတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်းနှင့် ဖက္ကလိပ်ကျေးရွာနှင့် သိမ်ဇရပ်မြို့ ရွာမရပ်ကွက်တို့၌ ဓနိမိုး၊ ဓနိကာ နေအိမ်ပါ ရှစ်လုံးအမိုးလန်၊ နေအိမ် တစ်လုံး၊ အုတ်တံတိုင်းတစ်ခု ပြိုလဲပျက်စီးခဲ့ရာ တန်ဖိုးငွေကျပ် ၅၉၉၅၀၀၀ ဆုံးရှုံးခဲ့ကြောင်း။

### သထုံမြို့နယ်

သထုံမြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် သထုံ- ဘားအံကားလမ်း မိုင်တိုင်အမှတ် ၇/၆-၇ ကြား၌ ရေအနက် တစ်ပေခွဲခန့် လည်းကောင်း၊ ကျိုက္ကော်ရပ်ကွက်-ကတိုက်ကြီးကျေးရွာကားလမ်း၌ ရေအနက်တစ်ပေခန့်လည်းကောင်း ရေကျော်လျက်ရှိကြောင်းနှင့် ဈေးမသွယ် အထက်ကျေးရွာနှင့် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်တို့၌ ရေအနက် ၆ ပေခွဲခန့် ရေဝင်ရောက်နေသဖြင့် အိမ်ထောင်စု ၅၃ စု လူဦးရေ ၂၀၆ ဦးတို့သည် ဈေးမသွယ်အထက် အခြေခံပညာအလယ်တန်းကျောင်း ယာယီကယ်ဆယ်ရေးစခန်း၌ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ပေါင်မြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ညောင်ကုန်းလေးကျေးရွာ၌ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနေအိမ်တစ်လုံး အမိုးလန်ပျက်စီးခဲ့ရာ တန်ဖိုးငွေကျပ် ၇၀၀၀၀ ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်း ဇူလိုင် ၂၈ ရက်တွင် မဂရီချောင်းရေမြင့်တက်ပြီး ချောင်းဘေးတစ်လျှောက်ကာရံထားသည့် ရေကာတာကျိုးပေါက်မှုကြောင့် ဥက္ကံမြို့ ဇလုံရွာမကျေးရွာ၌ ရေအနက်ခြောက်ပေခန့် ရေဝင်ရောက်သဖြင့် လယ်ဧက ၃၀ ခန့် ရေနစ်မြုပ်ပျက်စီးခဲ့ကြောင်း၊ ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ်အတွင်း မိုးရွာသွန်းပြီး မြေပြိုမှုကြောင့် ကောင်းဝိုင်းကျေးရွာ၌ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနေအိမ်တစ်လုံး ပြိုကျပျက်စီးခဲ့ရာ တန်ဖိုးငွေကျပ် ၂၀၀၀၀၀ ဆုံးရှုံးခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်အတွင်း မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လောကခေတ်ကျေးရွာမှ ဓနိမိုး၊ ဓနိကာ၊ ပျဉ်ခင်းနေအိမ်တစ်လုံး သစ်ပင်ပိပျက်စီးခဲ့ရာ တန်ဖိုးငွေကျပ် ၂၀၀၀၀၀ ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။

ကိုရဲ

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တာတမံများစိုးရိမ်ဖွယ်ရာမရှိ

အဖျောက် ဇူလိုင် ၂၉

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ တာတမံများအား ရေကြီးနစ်မြုပ်မှုမှလျော့နည်း သက်သာစေရေး အတွက်မိုးရာသီမတိုင်မီ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်ထားသည့်အတွက် တာတမံများနှင့်ပတ်သက်ပြီး စိုးရိမ်ဖွယ်ရာမရှိကြောင်း အဆိုပါ ဌာနမှ သိရသည်။

ရန်ကုန်တိုင်း ဒေသကြီးတွင် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာစေရေးအတွက် တိုက်ကြီးမြို့နယ်၊ ထန်းတပင်မြို့နယ်၊ လှည်းကူးမြို့နယ်အတွင်းရှိ ရေဘေးကာကွယ်ရေး တာတမံ ၂၂ ခု၊ အလျား ၁၂၈ ဒသမ ၄၂မိုင်၊ ရေဘေးကာကွယ်ရေးဧရိယာ ၁၀၂၁၄၉ ဧကနှင့် ပင်လယ်ဆားငန်ရေများဝင်ရောက်မှု အန္တရာယ်မှကာကွယ်နိုင်ရန် သန်လျင်မြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ဒလမြို့နယ်၊ တွံတေးမြို့နယ်၊ သုံးခွမြို့နယ်နှင့် ခရမ်းမြို့နယ်တို့တွင် ရေငန်တားတာတမံ ၂၇ ခု၊ အလျား ၂၆၀ ဒသမ ၁၇မိုင်၊ ရေဘေးကာကွယ်ရေးဧရိယာ ၂၁၉၀၉၂ ဧကကို တည်ဆောက်ထိန်းသိမ်းထားလျက်ရှိကြောင်း သိရသည်။

မိုးရာသီ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်အတွက် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ယူထိန်းသိမ်းထားသည့် ရေဘေးကာကွယ်ရေးတာ ၂၂ ခုနှင့် ရေငန်တား တာ ၂၇ ခုတို့အား မိုးတွင်းကာလကုန်ဆုံးပြီးချိန်တွင် တာတမံများအား သတ်မှတ်တာထိပ်အမြင့်ပြည့်မီခြင်း ရှိမရှိ၊ သတ်မှတ်တာပုံစံကျ ပြည့်မီခြင်းရှိ မရှိတို့ကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးပြီး ကြိုတင်ပြုပြင်ရမည့် တာတမံများကို ပြုပြင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၀၁၈ခုနှစ် မိုးရာသီမတိုင်မီ ပြုပြင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသော တိုက်ကြီးမြို့နယ် ဧရာဝတီအရှေ့ဘက်ကမ်းတာ (အဖျောက်တာ)ကို တာဖိနပ်ခံခြင်း လုပ်ငန်းများ၊ နုန်းဖမ်းလှိုင်းကာတန်းရိုက်ခြင်းလုပ်ငန်းများဖြင့် တာတမံကြံ့ခိုင်မှုရှိစေရန် ပြုပြင်ဆောင်ရွက်ခဲ့ပြီး ထန်းတပင်မြို့နယ် ပန်တိုင်ဒေါ့ကြီးတာနှင့် ချောင်းညီအစ်ကိုတာ၊ ဒလမြို့နယ် တုံတင်ကန်တာ၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်ရှိ မုတ်ကျွန်းတာ၊ မော်ဘီမြို့နယ်ရှိ ဒွန်းတပဲ့တာများအား တာပုံစံကျပြုပြင်ခြင်းလုပ်ငန်းများကို မိုးတွင်းကာလမတိုင်မီပြုပြင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ဧရာဝတီအရှေ့ဘက်ကမ်းတာ (အဖျောက်တာ) ပြုပြင်ထားရှိမှုကို တွေ့မြင်ရပုံ။

လက်ရှိအချိန်တွင် ဧရာဝတီ မြစ်ရေကို ကာကွယ်ထားသည့် ဧရာဝတီအရှေ့ဘက်ကမ်းတာ (အဖျောက်တာ)၏ စိုးရိမ်ရေမှတ်မှာ ၃၅ ဒသမ ၀ ပေဖြစ်ပြီး စိုးရိမ်ရေမှတ်သို့ စတင်ရောက်ရှိချိန်တွင် တာတမံ၏ ရေလွတ်ပေါင်အမြင့်မှာ ခုနစ်ပေခန့် ကျန်ရှိနေကြောင်း သိရသည်။

ဧရာဝတီမြစ်ရေသည် အဖျောက်မြို့၌ ၂၀၁၅ ခုနှစ်တွင် ၃၈ ဒသမ ၈၅ ပေ ၂၀၁၆ ခုနှစ်တွင် ၃၇ ဒသမ ၂၅ ပေ၊ ၂၀၁၇ ခုနှစ်တွင် ၃၅ ဒသမ ၉၀ ပေသို့ အမြင့်ဆုံး တက်ရောက်ခဲ့သော်လည်း တာတမံအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဖို့လုပ်ထားရှိသည့်အတွက် စိုးရိမ်ဖွယ်ရာ မရှိကြောင်း သိရသည်။

ထို့အတူ နှစ်စဉ်မိုးတွင်းကာလမတိုင်မီ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရေဘေးကာကွယ်ရေးပစ္စည်းများ ကြိုတင်စုဆောင်းထားရှိပြီး အရေးပေါ်လုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန်အတွက် ရေကင်းစခန်းများထားရှိ၍ ဝန်ထမ်းများက နေ့/ညမပြတ်စောင့်ကြည့်ရန် စီမံဆောင်ရွက်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**ကိုဇော် (အဖျောက်)**

## မြစ်ရေတိုးသော်လည်း မဒေါက်တာတမံ စိုးရိမ်ဖွယ်မရှိ

ပဲခူး ဇူလိုင် ၂၉

မဒေါက်မြို့၌ စစ်တောင်းမြစ်ရေသည် ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းတာချက်အရ စိုးရိမ်ရေအမှတ် ၁၂၇၉ စင်တီမီတာသို့ ရောက်ရှိနေသော်လည်း တာတမံမှာ စိုးရိမ်ဖွယ်မရှိကြောင်း သိရှိရသည်။

မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် လူနေအိမ်များနှင့်ကားလမ်းများ ရေလွှမ်းနေခြင်းသာဖြစ်ပြီး လက်ရှိအခြေအနေတွင် မဒေါက်တာတမံ ကျိုးပေါက်ခြင်း မရှိသေးကြောင်း၊ ရေတားတမံ ခိုင်ခံ့တောင့်တင်းမှုရှိရန် သဲအိတ်များဖြင့် ကာရံ ဆောင်ရွက်လျက်ရှိကြောင်း၊ ညောင်လေးပင်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှူး ဦးညွှန့်လွင်က ပြောသည်။

မဒေါက်မြို့တွင် ရေဘေးကယ်ဆယ်ရေးစခန်းငါးခုဖွင့်လှစ်ထားပြီး ယနေ့နံနက်ပိုင်းထိ အိမ်ထောင်စု ၂၀၃၂ စု လူဦးရေ ၁၀၆၇ ဦးတို့သည် ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်လျက်ရှိရာ အစားအသောက်နှင့် ကျန်းမာရေးစောင့်ရှောက်မှု စီစဉ်ဆောင်ရွက်ပေးထားပြီး စေတနာရှင်ပြည်သူများနှင့် အဖွဲ့အစည်းများက ဆန်၊ဆီနှင့် ထမင်းထုပ်များ၊ ရိက္ခာခြောက်ထုပ်များ လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပဲခူးမြို့နှင့် ဘီးလင်းမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ထမင်းထုပ်နှင့် အစားအသောက်များ ထောက်ပံ့လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၉**

ပဲခူးမြို့နှင့် ဘီးလင်းမြို့နယ်များရှိ ရေဘေးသင့်ပြည်သူများအား ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(မြန်မာ)နှင့် ရှင်စောပုအမျိုးသမီးစွမ်းဆောင်ရှင် ပရဟိတအသင်းတို့က ထမင်းထုပ်နှင့် အစားအသောက်များကို ယနေ့ ညနေပိုင်းက ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ထိုသို့လှူဒါန်းရာတွင် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(မြန်မာ)အဖွဲ့ဝင်နှင့် ရှင်စောပု အမျိုးသမီးစွမ်းဆောင်ရှင် ပရဟိတအသင်းဥက္ကဋ္ဌ မိကြင်သန်း ဦးဆောင်၍ စေတနာရှင်ပြည်သူများက ပဲခူးမြို့ မဇင်းရပ်ကွက် ကြေးနီကန်တိုက်အုပ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ရေဘေးသင့်ပြည်သူများသို့ ထမင်းထုပ် ၁၂၀၀၊ ရေသန့်ဘူး ၁၂၀၀၊ မဇင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှိ ရေဘေးသင့်ပြည်သူများသို့ ထမင်းထုပ် ၈၀၀၊ ရေသန့်ဘူး ၈၀၀၊ ဘီးလင်းမြို့နယ် ရေဘေးသင့်ပြည်သူများသို့ ထမင်းထုပ် ၃၀၀၀၊ ရေသန့်ဘူး ၄၀၀၀နှင့် အစားအသောက်များကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




ဘားအံမြို့၌ သံလွင်မြစ်ရေ နေ့စဉ် မြင့်တက်မှု နှိုင်းယှဉ်ချက် (၂၀၁၇ - ၂၀၁၈)




ပဲခူးမြို့၌ ပဲခူးမြစ်ရေ နေ့စဉ် မြင့်တက်မှု နှိုင်းယှဉ်ချက် (၂၀၁၇ - ၂၀၁၈)




ရွှေကျင်မြို့၌ ရွှေကျင်မြစ်ရေ နေ့စဉ် မြင့်တက်မှု နှိုင်းယှဉ်ချက် (၂၀၁၇ - ၂၀၁၈)




တောင်ငူမြို့၌ စစ်တောင်းမြစ်ရေ နေ့စဉ် မြင့်တက်မှု နှိုင်းယှဉ်ချက် (၂၀၁၇ - ၂၀၁၈)




မဒေါက်မြို့၌ မဒေါက်မြစ်ရေ နေ့စဉ် မြင့်တက်မှု နှိုင်းယှဉ်ချက် (၂၀၁၇ - ၂၀၁၈)




# ရေကြီးရေလျှံမှုများကြောင့် ဇူလိုင် ၂၈ ရက်အထိ အိမ်ထောင်စု ၁၁၆၀၀ ကျော် လူဦးရေ ၅၄၂၀၀ ကျော်တို့ ရေဘေးကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံနေကြရ

နေပြည်တော် ဇူလိုင် ၂၉

**ဇူလိုင်လဆန်းပိုင်းမှစ၍ မြန်မာနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ဇူလိုင် ၉ ရက်မှ ၂၈ ရက်အထိ ရေဘေးကယ်ဆယ်ရေးစခန်း ၁၈၃ ခုတွင် ခေတ္တခိုလှုံနေရသည့် ရေဘေးသင့် အိမ်ထောင်စု ၁၁၆၅၁ ကျော်၊ လူဦးရေ ၅၄၂၉၇ ဦးတို့သည် ရေဘေးရှောင်စခန်းများ၊ တာပေါင်များ၊ နီးစပ်ရာဆွေမျိုးနေအိမ်များသို့ ခေတ္တတိမ်းရှောင်ခဲ့ရကြောင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။**



ဘားအံမြို့နယ်၌ သံလွင်မြစ်ရေ ကြီးမှုကြောင့် ရေနစ်မြုပ်သည့် ရပ်ကွက်များအတွင်းမှ ပြည်သူများအား ကယ်ဆယ်ရေးအဖွဲ့များ သွားရောက် ကယ်ဆယ်ကြစဉ်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ချောင်းများ ရေကြီးရေလျှံမှု ဖြစ်ပွားကာ ရပ်ကွက်ကျေးရွာများအတွင်း ရေဝင်နစ်မြုပ်မှုကြောင့် ပြောင်းရွှေ့ရမှုမှာ ဇူလိုင် ၂၈ ရက်အထိ ပဲခူးတိုင်းဒေသကြီးတွင် အများဆုံးဖြစ်ကာ ကယ်ဆယ်ရေးစခန်း ၄၉ ခု၌ ရေဝင်ပြောင်းရွှေ့အိမ်ထောင်စု ၄၅၄၇ စု၊ လူဦးရေ ၂၁၀၉၅ ဦးအထိ ရေဘေးဒုက္ခများ ခံစားနေကြရပြီး ရေဘေးကြောင့် တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ အလားတူ ရေဝင်သော်လည်း မပြောင်းရွှေ့ရသော အိမ်ထောင်စု ၂၂၄ စု၊ လူဦးရေ ၈၂၀ ရှိကာ ၎င်းတို့အတွက် လိုအပ်သောထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း ယခုလက်ရှိအချိန်အထိ မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် မြစ်ချောင်းများ ရေကြီးမှုကြောင့် ဇူလိုင် ၂၈ ရက်အထိ ရေဘေးကယ်ဆယ်ရေးစခန်း ၅၅ ခုတွင် အိမ်ထောင်စု ၃၃၃၅ စု၊ လူဦးရေ ၁၆၀၄၅ ဦး၊ မွန်ပြည်နယ်တွင် ရေဘေးကယ်ဆယ်ရေးစခန်း ၄၃ ခုမှ အိမ်ထောင်စု ၂၉၀၄ စု၊ လူဦးရေ ၁၂၅၃၄ ရှိကြောင်း သိရသည်။ အလားတူ တနင်္သာရီတိုင်းဒေသကြီးရှိ ရေဘေးကယ်ဆယ်ရေးစခန်း ၁၃ ခုတွင် အိမ်ထောင်စု ၁၃၀၀၊ လူဦးရေ ၅၅၈၃ ဦးရှိပြီး တစ်ဦးသေဆုံးခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ရေဝင်ပြောင်းရွှေ့အိမ်ထောင်စု ၆၉ စု၊ လူဦးရေ ၂၆၉ ဦးနှင့် ရေနှင့်မျောပါသွားသည့် နေအိမ် အလုံး ၃၀ ရှိခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် အိမ်ထောင်စုလေးစု၊ လူဦးရေ ၂၀၊ မကွေးတိုင်းဒေသကြီး၌ အိမ်ထောင်စု ၁၂၂စု၊ လူဦးရေ ၄၆၄ ဦး၊ သေဆုံးသူနှစ်ဦးနှင့် နေပြည်တော်တွင် အိမ်ထောင်စု ၁၄ စု၊ လူဦးရေ ၅၇ ဦးတို့ ရေဘေးဒဏ် ခံစားခဲ့ကြရကြောင်း သိရသည်။

ရေကြီးရေလျှံမှုများကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ စုစုပေါင်း ရေဝင်၍ မပြောင်းရွှေ့ရသည့် နေအိမ် ၂၂၄ အိမ်မှ လူဦးရေ ၈၂၀၊ ရေဝင်နစ်မြုပ်မှုကြောင့် ကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့ရသည့် အိမ်ထောင်စု စုစုပေါင်း ၁၂၂၉၅ စုမှ လူဦးရေ ၅၇၀၆၇ ဦးရှိကာ ရေနှင့်မျောပါသွားသည့် နေအိမ် အလုံး ၃၀ နှင့် ရေဘေးကြောင့် သေဆုံးသူ ယနေ့အချိန်အထိ ငါးဦးရှိကြောင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

ရေဘေးသင့် ပြည်သူများမှာ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားဆဲဖြစ်ပြီး ထောက်ပံ့ကူညီမှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ကရင်ပြည်နယ်တွင် မြဝတီ၊ ဘားအံ၊ ကော့ကရိတ်နှင့် လှိုင်းဘွဲ့မြို့နယ်များတွင် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် တနင်္သာရီမြို့တွင် လည်းကောင်း၊ မွန်ပြည်နယ်အတွင်း သထုံနှင့် ဘီးလင်းမြို့များတွင် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ရွှေတောင်၊ ကျောက်ကြီး၊ ရွှေကျင်၊ ပဲခူးနှင့် မဒေါက်မြို့များတွင် လည်းကောင်း ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားပြီး မိုးညိုမြို့တွင် တာပေါင်များပေါ်သို့ ပြောင်းရွှေ့ထားရဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများမှာ လက်ရှိအခြေအနေအရ အချို့နေရာများတွင် ရေများပြန်လည်ကျဆင်းလျက်ရှိပြီး မူလနေရာများသို့ ပြန်လည်ပြောင်းရွှေ့လျက်ရှိကြောင်းနှင့် အချို့ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ဒေသခံလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဆန်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်းနှင့် အခြားထောက်ပံ့မှုများအပါအဝင် စုစုပေါင်း ငွေကျပ် ၁၅၅၂၈၇၄၄၂ ကို ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ - သီဟစည်သူ**

ဘီးလင်းမြို့၌ ဘီးလင်းမြစ်ရေ နေ့စဉ် မြင့်တက်မှု နှိုင်းယှဉ်ချက် (၂၀၁၇ - ၂၀၁၈)




နိုင်ငံ
တစ်ဝန်း
သစ်တော
အစွမ်းဖြင့်
စိမ်းလန်း
စေရမည်

# ရခိုင်ပြည်နယ် ဓမ္မာရုံဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

**ရခိုင်ပြည်နယ် ဓမ္မာရုံဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီးရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပရာ ရခိုင်စည်တော်ရှမ်း၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။**

ထို့နောက် ရခိုင်ပြည်နယ်ဓမ္မာရုံ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစောသိန်းက အခမ်းအနားဖွင့်စကားလျှောက်ထားပြီး ဂေါပကအဖွဲ့ဦးဆောင်နာယက ဦးဘရွှေက သာသနာတော်ဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် ဗဟန်းမြို့နယ် မဏ္ဍလာကံယုံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကေတုထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များက မေတ္တသုတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ ဂေါပကအဖွဲ့ဦးဆောင်နာယက ဦးစိုးဝင်းက လှူဒါန်းရခြင်းအကြောင်း လျှောက်ထားပြီး ဗဟန်းမြို့နယ် မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာ ရွှေကျင်တိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဉာဏ ထံမှ ဝါဆိုသင်္ကန်းလှူဒါန်းရခြင်းသြဝါဒတရားတော်ကို ပရိသတ်များက နာကြားကြကာ ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သုစိတ္တာဘိဝံသထံမှ ပရိသတ်များက ရေစက်ချ အနုမောဒနာတရား နာကြားကြသည်။ **(ယာပုံ)**

ယင်းနောက် ဂေါပကအဖွဲ့ဦးဆောင်နာယက ဦးတင်ညွန့်က ကျေးဇူးတင်စကား လျှောက်ထားပြီး ပရိသတ်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဓမ္မာရုံ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစောသိန်းက "ရန်ကုန်မှာရှိတဲ့ အဂ္ဂမဟာဘွဲ့ရ ရခိုင်ဆရာတော်ကြီးတွေ၊ အခြားပင့်ဖိတ်ထားတဲ့ ဆရာတော်တွေ၊ ရခိုင်ပြည်နယ်ရှိ မြို့နယ်အသီးသီးက ရန်ကုန်မှာရောက်နေတဲ့ ဆရာတော်ကြီးတွေ အားလုံး အပါး ၃၉ ပါးကို ဝါဆိုသင်္ကန်းကပ်လှူတဲ့ပွဲ ဖြစ်ပါတယ်။ အခုလို ရခိုင်ဆရာတော်ကြီးတွေကို တစုတစည်းတည်း ဖူးမြော်ရတဲ့အတွက် ဝမ်းသာပီတိ ဖြစ်ရပါတယ်" ဟု ပြောသည်။

**သတင်းစဉ်**





# ထာဝရငြိမ်းချမ်းရေးစေတီတော်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါး ဟိန္ဒူဓမ္မအဖွဲ့ချုပ်က အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၉**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါး ဟိန္ဒူဓမ္မအဖွဲ့ချုပ်က ထာဝရငြိမ်းချမ်းရေး စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ( ရန်ကုန်ရုံးခွဲ ) ပြည်ထောင်စုဝန်ကြီးရုံးညှိနှိုင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ထာဝရငြိမ်းချမ်းရေးစေတီတော်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါး ဟိန္ဒူဓမ္မအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်ဝင်းနှင့် တာဝန်ရှိသူများက အလှူငွေကျပ် ၁၀၁ သိန်းကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ ထာဝရငြိမ်းချမ်းရေး စေတီတော်ကို နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီး၌ တည်ထားပူဇော်လျက်ရှိသည်။

**သတင်းစဉ်**

# ရန်ကုန်-မော်လမြိုင် ရထားလမ်းရေကျော်မှု အပျက်အစီးကြီးမားသဖြင့် ရထားခရီးစဉ်များ ရက်အနည်းငယ် ရွှေ့ဆိုင်းထားရမည်ဟု သိရ

**မော်လမြိုင် ဇူလိုင် ၂၉**

ရန်ကုန်-မော်လမြိုင် ရထားလမ်းကြောရှိ နှင်းပုလဲနှင့် ဒုံဝန်းကြားတွင် ရေကျော်မှုများကြောင့် ရထားခရီးစဉ်များကို ယာယီပိတ်ထားရာ ဇူလိုင် ၂၉ ရက်က ရေကြီးမှုကြောင့် တံတားအမှတ် ၇၄ ပျက်စီးသွားသဖြင့် ရထားခရီးစဉ်များကို ရက်အနည်းငယ် ရွှေ့ဆိုင်းထားရဦးမည်ဖြစ်ကြောင်း သိရသည်။

"တံတားပျက်စီးမှုကြီးပြီး ရထားလမ်းပါ စောင်းကျသွားတာဖြစ်လို့ အမြန်ပြန်ပွင့်ဖို့ မလွယ်သေးပါဘူး။ အတော်လေးပြန်လုပ်ရပါဦးမယ်။ ကားလမ်းရေပြန်ကျဖို့ပဲ အထူးလိုအပ်နေပါတယ်" ဟု မွန်ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေးက ပြောသည်။

ပြည်နယ်အစိုးရ၏ တောင်းဆိုမှုကြောင့် ရန်ကုန်-မော်လမြိုင် လေယာဉ်ခရီးစဉ်များကို တိုးချဲ့လိုင်းများပြေးဆွဲပေးလျက်ရှိသော်လည်း လေယာဉ်လက်မှတ်နှုန်းထား မတတ်နိုင်ကြသည့် အခြေခံရွှေ့ပြောင်းလုပ်သားခရီးသည် ၁၅၀ ခန့် မော်လမြိုင် ဘူတာကြီးတွင် ပိတ်မိနေကြောင်း သိရသည်။

လတ်တလောအနေအထားအရ မြစ်ရေအနည်းငယ်ကျဆင်းလာပြီဖြစ်သော်လည်း ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းခွင့်ကို ဆက်လက်ပိတ်ထားဆဲ ဖြစ်သည်။

"အစိုးရအပါအဝင် အားလုံးက ဝိုင်းကူလို့ အဆင်ပြေနေဆဲပါပဲ။ ထိခိုက်မှုအနည်းဆုံးနဲ့ ကျော်ဖြတ်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်" ဟု မွန်ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးက ဆက်လက်ပြောသည်။

ဘီးလင်းမြစ်ရေသည် ပြီးခဲ့သည့်ရက်များထက် ကျဆင်းလာနေပြီး ဇူလိုင် ၂၉ ရက် ညနေ ၆ နာရီခွဲ တိုင်းတာချက်များအရ ၁၀၉၀ စင်တီမီတာရှိသည်ဟု သိရသည်။

**မြတ်မွန်ထွေး(မြန်မာ့အလင်း)**

**ဓာတ်ပုံ-ဒေါ်ခိုင်ခိုင်လဲ့ page**



# ညောင်လေးပင်၌ မုက္ခမူတာကျိုးပေါက်မှု သတိပေး

**နေပြည်တော် ဇူလိုင် ၂၉**

ညောင်လေးပင်မြို့နယ် မုက္ခမူတာကျိုးပေါက်မှု ဖြစ်ပေါ်နေသဖြင့် ပတ်ဝန်းကျင်မှ ကျေးရွာများဖြစ်သည့် ငါးကျီးအိုင်၊ ဗမော်တော၊ ဧက ၅၀၀၊ ချောင်းကျိုး၊ စည်ပင်နှင့် လေးအိမ်စုရွာများသို့ ရေဝင်ရောက်ပြီး ရေကြီးရေနစ်မြုပ်မှုများ ဖြစ်ပေါ်လာနိုင်၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ရေး ကြိုတင်ဆောင်ရွက်နိုင်ပါရန်နှင့် ပြည်သူလူထုမှလည်း အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့နိုင်ရန် တိုက်တွန်းနှိုးဆော်ထားကြောင်း၊ အဆိုပါကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော် အစိုးရအနေဖြင့် သက်ဆိုင်ရာဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**



# တစ်ရွာလုံးရေကြီးနစ်မြုပ်သည့် ဒေါ်လန်းကျေးရွာရှိ ရေဘေးသင့်ပြည်သူများကို ထောက်ပံ့

**ဘားအံ ဇူလိုင် ၂၉**

ကရင်ပြည်နယ် ဘားအံခရိုင် ပိုင်ကျုံမြို့ ဒေါ်လန်းကျေးရွာ တစ်ရွာလုံးသည် မိုးရွာသွန်းမှုများပြားပြီး ချောင်းရေမြင့်တက်လာကာ လွန်ခဲ့သည့်တစ်ပတ်ခန့်က ရေကြီးနစ်မြုပ်ခဲ့ရာ ရေဘေးစခန်းများရှိ ရေဘေးသင့်ပြည်သူများကို ဇူလိုင် ၂၉ ရက် နံနက် ၁၁ နာရီက ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် စေတနာရှင်များက ထောက်ပံ့လှူဒါန်းသည့်ပစ္စည်းများ သွားရောက်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ဒေါ်လန်းကျေးရွာ ရေကြီးနစ်မြုပ်မှုတွင် အိမ်ထောင်စု ၇၇ စု၊ လူဦးရေ ၃၁၅ ဦးသည် ဒေါ်လန်းကျေးရွာ ဘုန်းကြီးကျောင်း၊ အထကကျောင်းနှင့် ကွမ်ဖော်ဘုန်းကြီးကျောင်းတို့တွင် ယာယီရေဘေးစခန်းသုံးခု ဖွင့်လှစ်ထားခဲ့ရာ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစောချစ်ခင်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်း၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဆရာဝန်၊ ဘားအံခရိုင်အုပ်ချုပ်ရေးမှူးနှင့် အလှူရှင်များသည် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဘားအံမြို့တော်ဝင်သုခအထူးကုဆေးရုံနှင့် အလှူရှင်များက ထောက်ပံ့လှူဒါန်းသော ဆန် ၂၅ အိတ်၊ ကြက်ဥ အလုံး ၅၀၀၊ ဆီပိဿာချိန် ၈၀၊ အသင့်စားခေါက်ဆွဲထုပ် ဖာ ၃၀၊ အဝတ်အထည်စုံပါဝင်သည့် အထည်ထုပ် ၁၅၀ နှင့် ရေသန့်ဆေးနှင့် အရေးပေါ်အသုံးပြုနိုင်သည့် ဆေးဝါးများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ကလျာဏီရေဘေးကယ်ဆယ်ရေးစခန်း၌ အစာအဆိပ်သင့်မှုဖြစ်

**ပဲခူး ဇူလိုင် ၂၉**

ပဲခူးမြို့၌ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိရာ ကလျာဏီရေဘေးကယ်ဆယ်ရေးစခန်းတွင် ဇူလိုင် ၂၉ ရက် ညနေ ၆ နာရီခန့်က အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ကလျာဏီရေဘေးကယ်ဆယ်ရေးစခန်းမှ မဥမ္မာ၊ မောင်ဇင်မင်းခန့်၊ မဖူးပြည့်စုံ၊ မောင်အောင်အောင်၊ မောင်ဇေယျာဖြိုး၊ မဝေဖြိုး၊ မောင်ဝင်းခိုင်ထွန်း၊ မယုဇနမာလာ၊ မောင်လင်းလင်း၊ မောင်အောင်သူ၊ မောင်လင်းလင်းထိုက်တို့ ၁၁ ဦးသည် ဘဲဥဟင်းနှင့် ထမင်းပါ ထမင်းထုပ်များစားသောက်ပြီး ရေခဲချောင်းများ စားသုံးမိရာမှ အော့အန်သဖြင့် ညနေ ၆ နာရီခွဲတွင် ပဲခူးဆေးရုံကြီးသို့ အတွင်းလူနာအဖြစ် တက်ရောက်ကုသလျက်ရှိပြီး အထူးကုဒေါက်တာ ခင်ဝင်းအေးနှင့်အဖွဲ့က ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ၂၀၁၈ ကျုံးတစ်ပတ် အမျိုးသား အမျိုးသမီး အပြေးပြိုင်ပွဲ အပြေးအားကစား မောင်မယ် ၄၀၀၀ ကျော် ပါဝင်ဆင်နွှဲ




**မန္တလေး ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် တိုင်းဒေသကြီး ပြေးခုန်ပစ်ဆပ်ကော်မတီတို့ ပူးပေါင်း၍ Mandalay City Run ၂၀၁၈ ကျုံးတစ်ပတ် အမျိုးသား အမျိုးသမီး အပြေးပြိုင်ပွဲကို မန္တလေးမြို့တော်စည်ပင်ရုံးရှေ့ ကျုံးတောင်ဘက်လမ်းမ တာလွှတ်စုရပ်၌ ဇူလိုင် ၂၉ ရက် နံနက် ၅ နာရီခွဲက ကျင်းပသည်။ ပြိုင်ပွဲတွင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တို့မှ အခြေခံပညာနှင့် ကိုယ်ပိုင်ပညာရေးကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ တက္ကသိုလ်ကောလိပ်များ၊ အား/ကာသိပ္ပံ (မန္တလေး)တို့နှင့် ဝန်ထမ်းများ၊ မြို့နယ်များမှ သက်ကြီး၊ သက်လတ်၊ သက်ငယ် လူငယ် မောင်မယ် အပြေးသမား ၄၀၂၅ ဦးတို့က သတ်မှတ်စုရပ်တွင် ရောက်ရှိ နေရာယူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူအပြေးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဟွန်းနှိပ်၍ တာလွှတ်ပေးခဲ့သည်။

ပြိုင်ပွဲအပြီး ဆုရရှိသူများအား ဆုချီးမြှင့်ရန် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ စန္ဒာလင်း (အား/ကာသိပ္ပံ)နှင့် အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ ကောင်းမြတ်စံ (အား/ကာသိပ္ပံ) တို့ကို ဆုငွေကျပ်ငါးသိန်းနှင့် ဆုတံဆိပ်တို့ကို ပေးအပ်ချီးမြှင့်ပြီး ကျုံးတစ်ပတ်အပြေးပြိုင်ပွဲဝင် သက်ကြီးအပြေးသမား ဦးမျိုးဝေ(၈၈ နှစ်) နှင့် သက်ကြီးအပြေးသမားများကို ရင်းရင်းနှီးနှီး လိုက်လံဂုဏ်ပြု နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျုံးတစ်ပတ်ပြေးပွဲတွင် အမျိုးသမီးပြိုင်ပွဲ၌ အား/ကာသိပ္ပံမှ သန်းသန်းစိုးက ဒုတိယဆုငွေ ကျပ်သုံးသိန်းနှင့် သီရိနိုင်က တတိယဆုငွေကျပ် နှစ်သိန်း၊ အမျိုးသားပြိုင်ပွဲတွင် အား/ကာ သိပ္ပံမှ ထက်မြက်မှူးက ဒုတိယဆုငွေကျပ် သုံးသိန်း၊ ရမည်းသင်းမြို့မှ အောင်ကိုထွေးက တတိယဆုငွေကျပ်နှစ်သိန်း ဆွတ်ခူးရရှိကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ တေးသံရှင်များ အခမဲ့ တေးဂီတဖျော်ဖြေပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**

နေပြည်တော်ကောင်စီနယ်မြေ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)၌ ဇူလိုင် ၂၇ ရက်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ် တေးဂီတတီးဝိုင်းအဖွဲ့နှင့် တေးသံရှင်များ၊ ငြိမ်းချမ်းရေးဂီတပွဲတော်မှ ဆုရ တေးသံရှင်များ၏ တေးဂီတဖျော်ဖြေပွဲ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အဆိုပါဖျော်ဖြေပွဲတွင် ငြိမ်းချမ်းရေးဂီတပွဲတော်မှဆုရ တေးသံရှင်များဖြစ်ကြသည့် မေသူကျော်၊ ကြူကြူခိုင်၊ ဖြူလု၊ A ဒေး၊ မေသဇင်၊ ဇင်သူဇာထွန်း၊ R ဝါလင်း၊ ဖုန်းဝေသွင်၊ စလားနှင့် လင်းသစ်တို့က နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ဖျော်ဖြေခဲ့ကြသည်။



အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)ကို ပြည်တွင်း၊ ပြည်ပ ခရီးသွားများ ပိုမိုစိတ်ဝင်စားလာစေရေးနှင့် အများပြည်သူများ ကြည်နူးပျော်ရွှင်စွာ အပန်းဖြေနိုင်စေရေးတို့အတွက် လစဉ်တစ်လတစ်ကြိမ် အခမဲ့ ဖျော်ဖြေပေးလျက်ရှိကြောင်း သိရသည်။

အမျိုးသားအထိမ်းအမှတ် ဥယျာဉ်သည် မြန်မာနိုင်ငံအတွင်း စုစည်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ရိုးရာဓလေ့ထုံးစံနှင့်အညီ ဒေသအသီးသီး၌ နေထိုင်ကြပုံကို တစ်နေရာတည်းတွင် လေ့လာသိရှိနိုင်ရန်အတွက် တည်ဆောက်ထားခြင်းဖြစ်သည်။

**သတင်းစဉ်**

# မြန်မာ ယူ-၂၃ အသင်း အာရှအားကစားပြိုင်ပွဲမတိုင်မီ ထိုင်းနိုင်ငံ၌ လေ့ကျင့်မည်

**ရန်ကုန် ဇူလိုင် ၂၉**

အာရှအားကစားပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ ယူ-၂၃ အသင်းသည် ပြိုင်ပွဲမတိုင်မီ ထိုင်းနိုင်ငံ၌ သွားရောက်လေ့ကျင့်မည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် အာရှအားကစားပြိုင်ပွဲမတိုင်မီ အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်ရန် ထိုင်းနိုင်ငံ၌ လေးရက်ကြာ လေ့ကျင့်မှုပြုလုပ်မည်ဖြစ်ပြီး ဩဂုတ် ၁၁ ရက်တွင် ထိုင်းလိဂ်-၁ ကလပ် Police Tero အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် Police Tero အသင်းနှင့် ခြေစမ်းပွဲကို Training Match အဖြစ်သာ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ကွင်းပိတ်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင် ကစားသမား ၂၃ ဦးဖြင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး ယင်းပြိုင်ပွဲတွင် မပါဝင်သည့် ၂၃ နှစ်အထက်ကစားသမားဖြစ်သော ကွင်းလယ်လူ ရဲကိုဦး အပါအဝင် ၂၄ ဦးဖြင့် ပြန်လည်လေ့ကျင့်မည်ဖြစ်ကာ ထိုင်းနိုင်ငံသို့ သွားရောက်ခါနီးမှ အပြီးသတ် လူ ၂၀ ရွေးချယ်မည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်မည့် အင်ဒိုနီးရှားနိုင်ငံသို့ ဗန်ကောက်မြို့မှ တစ်ဆင့် သွားရောက်မည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် အာရှအားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ကျင်းပသည့် လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မန္တလေးမြို့၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည်။



Police Tero အသင်းသည် မြန်မာ့လက်ရွေးစင် တိုက်စစ်မှူး အောင်သူ ပါဝင်ကစားနေသည့် အသင်းဖြစ်ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ဆက်ဆံရေးကောင်းများရှိသောကြောင့် မြန်မာ ယူ-၂၃ အသင်းနှင့် ခြေစမ်းပွဲ ကစားရန် သဘောတူလက်ခံခဲ့ခြင်းဖြစ်သည်။ **သတင်း- ညီမြတ်သော်တာ**

**ဓာတ်ပုံ-စိုးညွန့်**

# မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ် အသစ်ပြန်လည်ဖွဲ့စည်း

**ရန်ကုန် ဇူလိုင် ၂၉**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့အားကစား အဆင့်အတန်းတိုးတက်မြင့်မားရေးနှင့် မြန်မာသေနတ်ပစ်အားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ်အသစ်ကို ဇူလိုင် ၂၅ ရက်က ပထမဦးဆုံး ရွေးချယ်တင်မြှောက်ပွဲပြုလုပ်၍ ဖွဲ့စည်းပေးလိုက်ကြောင်း သိရသည်။

အဆိုပါ မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ်တွင် ဥက္ကဋ္ဌ ဦးကျော်မိုး၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်ဦး၊ အတွင်းရေးမှူး ဦးသန်းစိုး၊ တွဲဖက်အတွင်းရေးမှူး(၁/၂) တို့နှင့်အတူ အလုပ်အမှုဆောင် ၁၉ ဦးတို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- စီးရီးအေချန်ပီယံဂျူဗင်တပ်စ်အသင်းသည် ပြီးခဲ့သည့် နှစ်နှစ်အကြာက မန်ယူအသင်းထံသို့ ပေါင် ၈၉ သန်းဖြင့် ရောင်းချခဲ့သော ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဘာကို ပြန်လည်ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ပေါ့ဘာ၏ အေးဂျင့်ဖြစ်သူ မီနို ရိုင်အိုလာအား ပြောဆိုလိုက်ကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။ ထို့အပြင် ဂျူဗင်တပ်စ်အသင်းသည် တိုက်စစ်ကစားသမား ဟီဂူအင် (၃၀နှစ်)၊ ကွင်းလယ်ကစားသမား ပီဂျာနစ်(၂၈နှစ်)၊ နောက်ခံကစားသမား ရူဂါနီ(၂၄နှစ်)နှင့် ကယ်ဒါရာ (၂၄နှစ်) တို့ကို ရောင်းထုတ်သွားဖွယ်ရှိကြောင်းလည်း ဖော်ပြထားသည်။
- ချယ်လ်ဆီးအသင်းသည် အာဆင်နယ်အသင်းနှင့်စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိနေသေးသော အသက် ၂၇ နှစ်အရွယ် ကွင်းလယ်ကစားသမား အာရွန် ရမ်ဆေးကို ပေါင်သန်း ၃၀ ဖြင့် ကမ်းလှမ်းသွားရန် အဆင်သင့်ရှိနေကြောင်း ဒေးလီးမေးလ်တွင် ဖော်ပြထားသည်။
- မန်ယူအသင်းသည် ဘာစီလိုနာအသင်းမှ အသက် ၂၃ နှစ်အရွယ် ကိုလံဘီယာနောက်ခံကစားသမား မီနာအား ပေါင် ၃၅ သန်းဖြင့် ကမ်းလှမ်းသွားရန် စီစဉ်နေကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။
- ဝက်စ်ဟမ်းအသင်းသည် မိုနာကိုအသင်းက ခေါ်ယူရန်စိတ်ဝင်စားခြင်းခံနေရသော အသက် ၂၉ နှစ်အရွယ်ရှိ တူရကီကလပ် ဘက်ရှီးတပ်စ်အသင်းမှ ခရိုအေးရှား ဗဟိုခံစစ်ကစားသမား ဗီဒါအား ခေါ်ယူရေးနှင့် ပတ်သက်ပြီး တိုးမြှင့်ကမ်းလှမ်းသွားရန် အသင့်ရှိနေကြောင်း ယူကေအခြေစိုက်သတင်းရင်းမြစ်တစ်ခု၏ အဆိုအရ သိရသည်။
- ကလောက်ဒီ ဖျူရယ်သည် လက်စတာစီးတီးအသင်းအနေဖြင့် အသက် ၂၅ နှစ်အရွယ် အင်္ဂလန် နောက်ခံကစားသမား မက်ဂွီရီနှင့် အသက် ၃၁ နှစ်အရွယ် ဒိန်းမတ် ဂိုးသမား ကက်စပါ ရှမိုက်ကယ်တို့ကို ဆက်လက်ထိန်းသိမ်းထားနိုင်လိမ့်မည်ဟု ယုံကြည်နေကြောင်း ယူကေအခြေစိုက်သတင်းရင်းမြစ်တစ်ခု၏ ဖော်ပြချက်အရ သိရသည်။
- ဒေါ့မွန်အသင်းသည် ဥရောပအသင်းကြီးတော်တော်များများက ခေါ်ယူရန်စိတ်ဝင်စားခြင်းခံနေရသော အသက် ၁၉ နှစ်အရွယ် အမေရိကန် ကစားသမား ပူလီဆစ်ကို ပေါင် ၆၅ သန်းဖြင့် ရောင်းထုတ်သွားရန် အသင့်ရှိနေကြောင်း ဒေးလီးမေးလ်၏ ဖော်ပြချက်အရ သိရသည်။
- အဲဗာတန်အသင်းနှင့် ဘာစီလိုနာအသင်းတို့သည် ပြင်သစ်ဘယ်နောက်ခံကစားသမား လူးကပ် ဒင်နီ၏ ပြောင်းရွှေ့ကြေးနှင့်ပတ်သက်ပြီး သဘောတူညီမှုအဆင့်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း ဂိုးဒေါ့ကွန်း၏ ဖော်ပြချက်အရ သိရသည်။

**အောင်ဇော်**

# အာရှကလပ် ဘော်လီဘောပြိုင်ပွဲ ယနေ့စတင်ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၂၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၈ အာရှကလပ် ဘော်လီဘောပြိုင်ပွဲကို ဇူလိုင် ၃၀ ရက် **(ယနေ့)** နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် နိုင်ငံ ၁၃ နိုင်ငံမှ ကလပ်အသင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာအသင်းသည် Asia World အသင်းအမည်ဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲပထမနေ့တွင် စုစုပေါင်းငါးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မြန်မာကလပ် Asia World အသင်းသည် တာ့ခ်မင်နစ္စတန်ကလပ်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပထမနေ့ ပွဲစဉ်များအဖြစ် နံနက် ၁၁ နာရီတွင် မြန်မာနှင့် တာ့ခ်မင်နစ္စတန်၊ မွန်းလွဲ ၁ နာရီခွဲတွင် ထိုင်းနှင့် ဟောင်ကောင်၊ ဩစတြေးလျနှင့် သီရိလင်္ကာ၊ ညနေ ၄ နာရီတွင် တရုတ်နှင့် ထိုင်ဝမ်၊ အီရန်နှင့် ကာဇက်စတန်ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မူလက ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားသော်လည်း ကာတာ၊ အီရတ်နှင့် ဂျော်ဒန်ကလပ်အသင်းတို့ နုတ်ထွက်သွားသောကြောင့် ၁၃ သင်းသာကျန်ရှိတော့ပြီး လေးသင်းတစ်အုပ်စုနှင့် သုံးသင်း သုံးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် အီရန်၊ ဂျပန်၊ ကာဇက်စတန်၊ အုပ်စု (ခ) တွင် တရုတ်၊ ထိုင်ဝမ်၊ ဗီယက်နမ်၊ အုပ်စု (ဂ) တွင် ထိုင်း၊ ဩစတြေးလျ၊ သီရိလင်္ကာ၊ ဟောင်ကောင်၊ အုပ်စု (ဃ) တွင် မြန်မာ၊ ပါကစ္စတန်၊ တာ့ခ်မင်နစ္စတန်ကလပ်အသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲများကို ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဩဂုတ် ၂ ရက်တွင် ပြိုင်ပွဲရပ်နားမည်ဖြစ်ကာ ဩဂုတ် ၃ ရက်တွင် အဆင့်သတ်မှတ်ချက်အတွက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်၊ ဗိုလ်လုပွဲ၊ တတိယလုပွဲနှင့် အခြားအဆင့် ရပ်တည်မှုများအတွက် ပွဲများကို ဩဂုတ် ၄ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် ပရော်ဖက်ရှင်နယ်ကလပ်အသင်းများ ဖွဲ့စည်းနိုင်ခြင်းမရှိသေးသောကြောင့် လက်ရွေးစင်အသင်းကို Asia World အသင်းအမည်ဖြင့် ယှဉ်ပြိုင်ခြင်းဖြစ်သည်။

မြန်မာလက်ရွေးစင် အမျိုးသားဘော်လီဘောအသင်းတွင် **အုပ်ချုပ်သူ-** ဦးမျိုးဝဏ္ဏထွန်း၊ **နည်းပြချုပ်-** ဦးကျော်စွာဝင်း၊ **လက်ထောက်နည်းပြများ** အဖြစ် ဦးစိုင်းညီလေးနှင့် ဦးဖြိုးဝေအောင်၊ **ကစားသမားများအဖြစ်** အောင်သူ၊ ဒိုမေးနီကို၊ သွင်ထူးဇင်၊ ခွဲခြားမောင်၊ မျိုးမင်းဦး၊ နေလင်းအောင်၊ အောင်ဖြိုး၊ ဇော်ထက်အောင်၊ ညီညီစံ၊ စံညွန့်းမောင်၊ ဇော်ဝင်းလှိုင်၊ ရထိုက်ဝေ၊ ဇော်လွင်ထွန်း၊ ခိုင်ထက်ထွန်းတို့ ပါဝင်ကြသည်။ **ရဲရင့်ရှိန်း**

## မြန်မာ့ရုပ်မြင်သံကြား

**၃၀ -၇-၂၀၁၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၉း၃၅ - ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ "Mahabalipurum" (India)
၁၀း၃၀ - စိုက်ပျိုးရေးရာအဖြေရှာ "မြနန္ဒီဥယျာဉ်ခြံမှ GAP သရက်"
၁၁း၁၅ - ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ် အစီအစဉ်
၁၄း၁၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ" (အပိုင်း-၆)

**ညပိုင်း**

၁၆း၂၅ - အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ် (သမိုင်း၊ စိတ်ပညာ၊ ပထဝီဝင်အထူးပြုများ) (သမိုင်း)
၁၇း၀၅ - This Week's special Interest
၁၇း၂၀ - "မသန်ပေမယ့်စွမ်း ရေကူး အားမာန်ဖြင့်... အိုလံပစ်သို့ ရွယ်ရည်လှမ်း"
၁၇း၃၀ - Yes or No Talk Show
၁၈း၃၅ - ဥပဒေရေးရာအဖြာဖြာ "ပြည်သူများအကြား သိမှတ်ဖွယ်ရာ ဥပဒေရေးရာ" (စကားဝိုင်း-၁) (ဦးဟန်ညွန့် (ဥပဒေ)၊ တရားလွှတ်တော် ရှေ့နေနှင့် နိုတြီပဗ္ဗလစ်၊ ဝေဖြိုးဟိန်း၊ ခင်ဖြူဖြူသန့်) ဒါရိုက်တာ-ဝေဠု (ဝသန်)
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း - ၂၉)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံခြားသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "2018 Asian men's Club Volleyball Championship ပြိုင်ပွဲ အစီအစဉ်"
- မျက်မှောက်ရေးရာ သုံးသပ်စရာ
- နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်း ရဲ့မှတ်တမ်း" (အပိုင်း-၄၂) (ဇာတ်သိမ်း)

# ဘားအံမြို့နယ်၌ စက်လှေတိမ်းမှောက်၍ သုံးဦးသေဆုံး



ကယ်ဆယ်ရေးအဖွဲ့များ လှေနစ်မြုပ်ရာသို့ စက်လှေများဖြင့် သွားရောက် ရှာဖွေကြစဉ်။

**ဘားအံ ဇူလိုင် ၂၉**

ဘားအံမြို့နယ် သာယာကုန်းကျေးရွာ ညောင်ရွှေအင်းအတွင်း ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီခန့်က မိုးရာသီ လိုင်းပြေးဆွဲသည့် စက်လှေတစ်စင်းမှာ ခရီးသည်ငါးဦးတင်ဆောင်၍ ဒေါ်လန်းကျေးရွာမှ သာယာကုန်း ကျေးရွာဘက်သို့ မောင်းနှင်လာစဉ် တိမ်းမှောက်ခဲ့ပြီး စက်လှေပေါ်ပါသူ သုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။

စက်တပ်လှေကို ကောက်ရ (ခ) ကျော်နိုင် (၄၉ နှစ်) က မောင်းနှင်ပြီး စက်လှေပေါ်တွင် ခရီးသည်ငါးဦးကို တင်ဆောင်၍ လှိုင်းဘွဲ့မြို့နယ် ဒေါ်လန်းကျေးရွာ ကုလားကုန်းလှေဆိပ်မှ သာယာကုန်းကျေးရွာ ဘုရားကုန်းလှေဆိပ်သို့ မောင်းနှင်လာစဉ် မွန်းလွဲ ၂နာရီခန့်က သာယာကုန်းကျေးရွာ ညောင်ရွှေကွင်း အရောက် မိုးသက်လေပြင်း ကျရောက်ခဲ့သဖြင့် စက်တပ်လှေမှာတိမ်းမှောက်သွားခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် စက်လှေပေါ် လိုက်ပါလာသူငါးဦးအနက် သိန်းဌေး (၃၇နှစ်) ဒေါ်လန်းကျေးရွာနေသူနှင့် မအေးအေးသင်း (၂၁ နှစ်) ဒေါ်လန်းကျေးရွာနေသူတို့ကိုသာ ကယ်ဆယ်တွေ့ရှိရပြီး ကိုစိုးဌေး (၃၅ နှစ်) ဒေါ်လန်းကျေးရွာ၊ မမေမြတ်စိုး (၁၄ နှစ်) ဒေါ်လန်းကျေးရွာနေသူနှင့် မနဒီဦး (၇ နှစ်) ဒေါ်လန်းကျေးရွာနေသူတို့ သုံးဦးမှာ ရေနစ်ပျောက်ဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပျောက်ဆုံးနေသူ သုံးဦးအား သာယာကုန်းရဲကင်းမှူး ရဲအုပ်လှငွေ ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များနှင့် မိတ်ဖွဲ့အဖွဲ့များက ဝိုင်းဝန်းရှာဖွေခဲ့ရာ ဇူလိုင်၂၉ ရက် မွန်းလွဲ၂ နာရီ ၁၅ မိနစ်က အခင်းဖြစ်နေရာနှင့် ကိုက် ၁၀၀ ခန့်အကွာတွင် သေဆုံးလျက် ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်ပြီး စက်လှေမောင်းသူ ကောက်ရ (ခ) ကျော်နိုင် (၄၉ နှစ်) ဒေါ်လန်းကျေးရွာ လှိုင်းဘွဲ့မြို့နယ်နေသူအား အိန္ဒြနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ပင်လောင်းမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**နေပြည်တော် ဇူလိုင် ၂၉**

မူးယစ်တပ်ဖွဲ့စု (၂၆) ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ပင်လောင်းမြို့နယ် ထီပေါင်းကျေးရွာအုပ်စု ထီနားကောင်းကျေးရွာ၏ အရှေ့ဘက်ရှိ ခွန်ထွန်းရင်လော၏ တောင်ယာတဲကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီတွင် ထီပေါင်းကျေးရွာအုပ်စု ထာဂိုကျေးရွာနေ မခမ်းလာ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၂၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိသည်။

အလားတူ ဇူလိုင် ၂၇ ရက် ည ၇ နာရီခန့်က ရန်လုံကျိုင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့နယ် ရန်လုံကျိုင်းကျေးရွာ၏ တောင်ဘက်နှစ်မိုင်ခန့် အကွာ၌ ရှောင်တခင်ပိတ်ဆို့စစ်ဆေးရေးဆောင်ရွက်နေစဉ် ရန်လုံကျိုင်း ကျေးရွာဘက်မှ အမျိုးသားတစ်ဦး လမ်းလျှောက်လာနေသည်ကို တွေ့ရှိရပြီး ၎င်းသည် လက်ထဲမှ အထုပ်တစ်ထုပ်ကို ပစ်ချကာ လာရာလမ်းအတိုင်း နောက်ပြန်လှည့်ပြေးသဖြင့် အထုပ်ကို စစ်ဆေးရာ အိုက်စ်နှစ်ထုပ် (အလေးချိန် ၁ ဒသမ ၅၄ ကီလို) နှင့် ဘိန်းဖြူ ဘလောက်တုံး လေးတုံး (အလေးချိန် ၁ ဒသမ ၃ ကီလို) တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ငွေကျပ်သိန်းပေါင်းနှစ်သောင်းကျော် လိမ်လည်သူ နှစ်ဦးအား အမှုဖွင့်

**နေပြည်တော် ဇူလိုင် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်နေ ဒေါ်ဝေဝေမြင့် (၅၄ နှစ်) သည် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၅ ရက်က ယခင် ကတည်းက ခင်မင်ရင်းနှီးသူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး ၁၀ Like စားသောက်ဆိုင်နေ မနန်းစုစု (၂၄ နှစ်)နှင့် မအိဖူးကိုကို (၂၈ နှစ်) တို့မှ ဟိုတယ်လုပ်ငန်းသုံးပစ္စည်းများအား ရောင်းဝယ်ခြင်းလုပ်ငန်းတွင် ငွေများရင်းနှီးမြှုပ်နှံရန် ယုံကြည်အောင်အကြိမ်ကြိမ် ပြောဆိုပြီး ငွေကျပ် သိန်းပေါင်း နှစ်သောင်းကျော် လိမ်လည်သွားသဖြင့် ပြင်ဦးလွင်မြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

ဒေါ်ဝေဝေမြင့် (၅၄ နှစ်) သည် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၅ ရက်က ၎င်းတို့နှစ်ဦးအား Like စားသောက်ဆိုင်၌ ငွေကျပ် ၅၉၀၀၀၀၀ အား ပေးအပ်ခဲ့ပြီး မနန်းစုစုတို့နှစ်ဦးမှ လုပ်ငန်းထပ်မံ တိုးချဲ့ရန်အတွက် ငွေအရင်းအနှီး လိုအပ်သည်ဟု ထပ်မံပြောဆိုလာသဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအထိ ရန်ကုန်မြို့ရှိ ကမ္ဘောဇဘဏ်မှတစ်ဆင့် ငွေကျပ် ၁၅၆၄၉၆၀၀၀ ကို အကြိမ်ကြိမ်လွှဲပေးခဲ့ကြောင်း သိရသည်။

ဒေါ်ဝေဝေမြင့်က လုပ်ငန်းကိစ္စဖြင့် ပြင်ဦးလွင်မြို့သို့ လာရောက်သည့်နေ့များတွင် ၎င်းတို့နှစ်ဦးမှ လုပ်ငန်းအတွက် အရင်းအနှီးများ ထပ်မံဖြည့်သွင်းရန် ထပ်မံပြောဆိုလာ၍ ငွေကျပ် ၂၁၆၀၀၀၀၀၀ အား အကြိမ်ကြိမ် ထပ်မံပေးအပ်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း၌ ဒေါ်ဝေဝေမြင့်က ငွေလိုအပ်နေသဖြင့် ပေးထားသည့် စုစုပေါင်း ငွေကျပ် ၂၃၂၂၃၉၆၀၀၀ ထဲမှ အချို့တစ်ဝက်အား ပြန်လည်တောင်းခံခဲ့ရာ ၎င်းတို့နှစ်ဦးက ရက်အနည်းငယ် စောင့်ဆိုင်းရန် ပြောဆို၍ စောင့်ဆိုင်းခဲ့သော်လည်း ငွေများအား ပြန်လည်ပေးအပ်ခြင်းမရှိဘဲ အကြောင်းအမျိုးမျိုး ပြလျက်ရှိခြင်းကြောင့် ၎င်းတို့နှစ်ဦး နေထိုင်ရာသို့ သွားရောက်တောင်းခံစဉ် ငွေများ မပေးနိုင်တော့ကြောင်းနှင့် တိုင်ချင်ရာတိုင်ဟု ပြောဆိုလာခဲ့သဖြင့် ၂၀၁၈ ခုနှစ် ဇူလိုင် ၂၈ ရက်က မနန်းစုစုနှင့် မအိဖူးကိုကိုတို့အား ပြင်ဦးလွင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မိုးကောင်း၌ အိမ်ရှင်မရှိခိုက် ငွေကျပ် ၃၈ သိန်းခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်းများ ဖောက်ထွင်းခံရ

**မိုးကောင်း ဇူလိုင် ၂၉**

ကချင်ပြည်နယ် မိုးကောင်းမြို့၌ ဇူလိုင် ၂၈ ရက်က နေအိမ်တွင် အိမ်ရှင်မရှိခိုက် ငွေကျပ် ၃၈ သိန်းခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်းများ ဖောက်ထွင်းခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့ အရှေ့ရပ်ကွက်နေ ဒေါ်ညိုညိုထွေး (၅၆ နှစ်) သည် ဇူလိုင် ၂၈ ရက် နံနက် ၆ နာရီက မိုးကောင်းမြို့မ စည်ပင်သာယာဈေးကြီးအတွင်းရှိ ဈေးဆိုင်ခန်းသို့ ဈေးရောင်းချရန် နေအိမ်နှင့်ခြံဝင်းအား သော့ခတ်ထားခဲ့ပြီး သွားရောက်ခဲ့ရာမှ ညနေ ၆ နာရီတွင် ဈေးသိမ်းပြီး အိမ်ပြန်ရောက်စဉ် နေအိမ်အပေါ်ထပ်အိပ်ခန်းအတွင်း သိမ်းဆည်းထားသော အခေါက်ရွှေနှစ်ကျပ်သား ဆွဲကြိုးတစ်ကုံး၊ အခေါက်ရွှေလက်ကောက်ငါးကွင်း၊ လေးထောင့်ဆွဲပြား ငါးမူးသားတစ်ခု၊ ကျောက်နီလက်စွပ်တစ်ကွင်း စုစုပေါင်းတန်ဖိုးငွေကျပ် ၃၈ သိန်းခန့်နှင့် ငွေစက္ကူ နှစ်ရာတန်၊ငါးရာတန် သုံးသောင်း စုစုပေါင်းငွေကျပ် တန်ဖိုး ၃၈ သိန်း ၃ သောင်းခန့် ပျောက်ဆုံးခဲ့သဖြင့် မိုးကောင်းမြို့မရဲစခန်း၌ အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မိုးကောင်းမြို့မရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များက ရွှေထည်ပစ္စည်းများ ဖောက်ထွင်း ခိုးယူသူအား အမြန်ဆုံးဖော်ထုတ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ထီးချိုင့်မြို့အဝင်၌ ယာဉ်တစ်စီးပေါ်မှ ကျောက်စိမ်းတုံးများ ဖမ်းဆီးရမိ

**ထီးချိုင့် ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့အဝင် ရောဝတီမြစ်ကူးတံတားအနီးမှ တရားမဝင်ကျောက်စိမ်းတုံးများဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၉ ရက် နံနက် ၇ နာရီခန့်က ထီးချိုင့်မြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်သက်လွင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ထီးချိုင့်မြို့အဝင် ရောဝတီမြစ်ကူးတံတားလမ်းဆုံနေရာ၌ ယာဉ်အမှတ် ၄ခ/---- ဖို့ဒ်ရိန်းဂျားလေးဘီးယာဉ်အား မသင်္ကာ၍ ရပ်တန့်စစ်ဆေးရာ အဆိုပါ ယာဉ်သည် ရပ်တန့်မှုမရှိဘဲ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ထီးချိုင့်မြို့ တစ်ဖက်ကမ်းမြတောင်ကျေးရွာဘက်တွင် ယာဉ်ကိုရပ်ထားပြီး ယာဉ်မောင်းထွက်ပြေးသွားခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့များက အဆိုပါယာဉ်ကို ရှာဖွေရာ တရားမဝင်ကျောက်စိမ်းတုံး ၁၂၀ (ပိဿာ ၂၄၀) ဖမ်းဆီးရမိသဖြင့် ထီးချိုင့်မြို့မရဲစခန်းက အရေးယူထားကြောင်း ဒုရဲအုပ်ကျော်သက်လွင်ထံမှ သိရသည်။ **လူအောင်(ကသာ)**

# ဒလမြို့နယ် ညောင်ငုတ္တိုကျေးရွာ ဒလ-ခနုတ်ကားလမ်းဘေး ရေမြောင်းအတွင်း၌ အမျိုးသားတစ်ဦး သေဆုံးလျက်တွေ့ရှိ

**ရန်ကုန် ဇူလိုင် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ညောင်ငုတ္တိုကျေးရွာ ဒလ-ခနုတ်ကားလမ်းဘေးရှိ ရေမြောင်းအတွင်း၌ ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီက အမျိုးသားတစ်ဦးသေဆုံးလျက်တွေ့ရှိကြောင်း ညောင်ငုတ္တိုကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်ထံမှ သိရသည်။

အဆိုပါ ရေမြောင်းအတွင်း သေဆုံးနေသော အမျိုးသားမှာ အသက် (၃၀) ဝန်းကျင်ခန့်ရှိပြီး မည်သူမှန်းမသိရှိရသေးကြောင်း၊ ဖောရောင်နေကြောင်းနှင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေမှုကြောင့် ခန့်မှန်းရခက်နေကြောင်း၊ မည်သူမှလာရောက် စုံစမ်းမှုများ၊ လူပျောက်တိုင်မှုများ မပြုလုပ်သေးကြောင်း ပျော်ဘွယ်ကြီးနယ်မြေရဲစခန်းမှ နယ်ထိန်း ဇော်ဇော်အောင်က ပြောသည်။

သေဆုံးနေသော အမျိုးသားတစ်ဦးအား ဒလမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စစ်ဆေးခဲ့ပြီး ပျော်ဘွယ်ကြီးနယ်မြေရဲစခန်းမှ သေမှုသေခင်းဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# လက်တွန်းလှည်းသံဘီးဖြင့် လျှပ်စစ်မီးကြိုးကို တက်နင်းမိရာမှ တစ်ဦးဓာတ်လိုက် သေဆုံး

**နေပြည်တော် ဇူလိုင် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဇူလိုင် ၂၈ ရက် ည ၁၀ နာရီခွဲက ဓာတ်လိုက်သေဆုံးသော အလောင်းတစ်လောင်း ရောက်ရှိနေကြောင်း သတင်းအရ လှိုင်မြို့နယ် ပိတောက်ချောင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် သေဆုံးသူမှာ လှိုင်မြို့နယ် (၅)ရပ်ကွက်နေ ကျော်ရဲအောင်(၂၂ နှစ်) ဖြစ်ပြီး စုံစမ်းမေးမြန်းချက်အရ သေဆုံးသူသည် တစ်ရပ်ကွက်တည်းနေ မင်းဇော်ထွေး (၂၀ နှစ်) နှင့်အတူ ရပ်ကွက်အတွင်းရှိ ဆောက်လုပ်ဆဲတိုက်တွင် အလုပ်လုပ်ကိုင်နေစဉ် မြေညီထပ်မှ ပထမထပ်သို့ သံဘီးတပ် လက်တွန်းလှည်းဖြင့် ကျောက်စရစ်ခဲအိတ်များတင်၍ တွန်းသွားရာ ပထမထပ်၌ ဝရိန်စက် အသုံးပြုသည့် ကြမ်းပြင်တွင် သွယ်တန်းထားသော လျှပ်စစ်မီးကြိုးကို လက်တွန်းလှည်းသံဘီးဖြင့် တက်နင်းမိရာမှ မီးကြိုးပေါက်ပြီး ၎င်းတို့နှစ်ဦးကို ဓာတ်လိုက်ခဲ့ကြောင်း သိရသည်။

၎င်းတို့နှစ်ဦးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်စဉ် ကျော်ရဲအောင်မှာ သေဆုံးသွားပြီး မင်းဇော်ထွေးတွင် နာကျင်ဒဏ်ရာများရရှိခဲ့ကြောင်း စစ်ဆေးသိရှိရသဖြင့် ပိတောက်ချောင်းနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ကမ္ဘောဒီးယား၌ အထွေထွေရွေးကောက်ပွဲ တနင်္ဂနွေနေ့တွင် စတင်ကျင်းပ



ဖနောင်ပင် ဇူလိုင် ၂၉

**ကမ္ဘောဒီးယားနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကို တနင်္ဂနွေနေ့တွင် စတင်လိုက်ပြီဖြစ်သည်။ ကမ္ဘောဒီးယား အာဏာရပါတီဖြစ်သည့် ကမ္ဘောဒီးယား ပြည်သူ့ပါတီ (CPP )သည် လက်ရှိဝန်ကြီးချုပ် ဟွန်ဆန် ဦးဆောင်သည့်ပါတီဖြစ်ပြီး ရွေးကောက်ပွဲတွင် အလွယ်တကူ အနိုင်ရရှိလိမ့်မည်ဟု ခန့်မှန်းထားကြသည်။**

အထွေထွေရွေးကောက်ပွဲတွင် အခြားသော ပါတီ ၂၀ ဝင်ရောက် ယှဉ်ပြိုင်ကြသော်လည်း အာဏာရပါတီ၏ အဓိကပြိုင်ဘက်ပါတီဖြစ်သည့် ကမ္ဘောဒီးယား အမျိုးသားကယ်ဆယ်ရေးပါတီ CNRP ပါတီမှာ ရွေးကောက်ပွဲတွင် ပါဝင်ခဲ့ခြင်း မရှိပေ။ လွန်ခဲ့သော ငါးနှစ်က ရွေးကောက်ပွဲတွင် CNRP ပါတီသည် CPP ပါတီကို မဲအရေအတွက် အနည်းငယ်အကွာဖြင့်ရှုံးနိမ့်ခဲ့သည်။ လွန်ခဲ့သော နှစ်က CNRP ဥက္ကဋ္ဌကို နိုင်ငံတော် သစ္စာဖောက်မှုဖြင့် ဖမ်းဆီးခဲ့သည်။

ယင်းပါတီကိုဖျက်သိမ်းရန် အမိန့်ပေးထားပြီး ရွေးကောက်ပွဲတွင် ပါဝင်ခွင့်ကိုလည်း ပိတ်ပင်ထားသည်။ ဝန်ကြီးချုပ်ဟွန်ဆန်နှင့် ၎င်း၏ဇနီးဖြစ်သူတို့သည် ဖနောင်ပင်မြို့ရှိ မဲရုံတွင် မဲပေးနေမှုကို ဂျာနယ်လစ်များက ဓာတ်ပုံရိုက်ကူးကြသည်။

မစ္စတာ ဟွန်ဆန်သည် လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ကျော်ကတည်းက တိုင်းပြည် အာဏာရယူထားသူလည်းဖြစ်သည်။ CNRP ပါတီမှခေါင်းဆောင်များသည် ၎င်းတို့အား ထောက်ခံသူများကို ယခုရွေးကောက်ပွဲကို မဲပေးခြင်းမပြုကြဘဲ သပိတ်မှောက်ကြရန် တိုက်တွန်းထားသည်။ ၎င်းတို့၏ သပိတ်မှောက်မှုသည် လက်ရှိရွေးကောက်ပွဲကို ထိခိုက်လိမ့်မည်ဟုလည်း ယူဆကြသည်။

မဲရုံများကို ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ပိတ်မည်ဖြစ်ပြီး တနင်္လာနေ့ နံနက်ပိုင်းတွင် ရွေးကောက်ပွဲရလဒ်များ ထွက်ပေါ်လာလိမ့်မည်ဟု ခန့်မှန်းထားသည်။ အာဏာရ CPP ပါတီသည် ၁၉၉၈ ခုနှစ်ကတည်းက ဆက်တိုက်ဆိုသလို အနိုင် ရရှိခဲ့ခြင်း ဖြစ်သည်။ ကုလသမဂ္ဂမှ ၁၉၉၃ ခုနှစ်တွင် ကမကထပြုလုပ် ၍ မဲပေးပွဲပြုလုပ်ပြီးနောက် ခြောက်ကြိမ်မြောက် ကျင်းပသည့် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပေါင်း ရှစ်သန်းခန့် မဲပေးမည်ဟု မှတ်ပုံတင်ထားသည်။

**အင်န်အိတ်ချ်ကေ၊ အေအက်ဖ်ပီ**

# အင်ဒိုနီးရှားနိုင်ငံ၌ ပြင်းထန်သည့် ငလျင်လှုပ်ခတ်ရာ ၁၄ ဦးသေဆုံးပြီး ၁၆၂ ဦး ဒဏ်ရာရ



**ဂျကာတာ ဇူလိုင် ၂၉**

အင်ဒိုနီးရှားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ အများဆုံးလည်ပတ်ရာ လွန်ဘွတ်ကျွန်းတွင် တနင်္ဂနွေနေ့က အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့ရာ ၁၄ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူအရေအတွက်များ မြင့်တက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ငလျင်ဒဏ်ကြောင့် နေအိမ်ထောင်ပေါင်းများစွာလည်း ပျက်စီးဆုံးရှုံးသွားကြောင်း သိရသည်။ သေဆုံးသွားသူများထဲတွင် ကလေးငါးဦးလည်း ပါဝင်ကြောင်း သိရသည် ။ တနင်္ဂနွေနေ့ နံနက်ပိုင်း အင်အား ၆ ဒသမ ၄ မဂ္ဂနီကျူ့ရှိ ငလျင်လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ ဒေသအာဏာပိုင်များက အရေးပေါ်အခြေအနေအဖြစ် သုံးရက်တာသတ်မှတ်ခဲ့သည်။

သမ္မတ ဂျိုကိုဝီဒိုဒိုသည်လည်း အဆိုပါကျွန်းပေါ်သို့ တနင်္လာနေ့ နံနက်ပိုင်းတွင် သွားရောက်ဖွယ်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ အစီရင်ခံတင်ပြမှုများအရ သေဆုံးသူဦးရေမှာ ၁၄ ဦး၊ ဒဏ်ရာရရှိသူဦးရေမှာ ၁၆၂ ဦးထိရှိကြောင်း၊ အိုးအိမ်ဆုံးရှုံးရသူအရေအတွက်မှာ ထောင်နှင့်ချီ၍ ရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ သဘာဝဘေး လျော့ပါးစေရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပို ပါတို နူဂရိုဟိုကပြောသည်။

သေဆုံးသွားသူများထဲတွင်မလေးရှားလူမျိုးတစ်ဦးပါဝင်ပြီး မလေးလူမျိုး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

**အေအက်ဖ်ပီ**

# ကယ်လီဖိုးနီးယား တောမီးကြောင့် လူပေါင်းထောင်နှင့်ချီ၍ ထွက်ပြေးရ

**ကယ်လီဖိုးနီးယား ဇူလိုင် ၂၉**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်၌ တောမီးလောင်ကျွမ်းလျက်ရှိသည့်အတွက် နေအိမ်များမှ လူပေါင်းထောင်နှင့်ချီ၍ ကယ်တင်ပေးခဲ့ရကြောင်း သိရသည်။

ရက်ဒင်းမြို့တွင် ပြီးခဲ့သည့်တနင်္လာနေ့မှ စတင်လောင်ကျွမ်းခဲ့သော တောမီးကြောင့် လူများ နေအိမ်များမှစွန့်ခွာကာ ထွက်ပြေးခဲ့ရခြင်းဖြစ်သည်။ ဗီဒီယိုဖိုင်များတွင် ဖော်ပြချက်များအရ ပြင်းထန်စွာလောင်ကျွမ်းနေသော တောမီးသည် လူနေထိုင်ရာ ရပ်ကွက်များသို့ ကူးစက်လာသည်ကိုလည်း တွေ့မြင်ရသည်။ ယင်းတောမီးမှာ ၁၉၅၀၀ ဟက်တာခန့် လောင်ကျွမ်းပြီးဖြစ်ကြောင်း မီးသတ်ဌာနက ပြောသည်။

ထို့အပြင် မီးသတ်သမားနှစ်ဦးမှာ သေဆုံးခဲ့သည်။ နေအိမ်ပေါင်း ၅၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ရပြီး ဒေသခံ ၃၇၀၀၀ ကိုကယ်တင်ခဲ့ရသည်။ မီးသတ်သမားတစ်ဦးမှာ မီးတောက်များကြားတွင် အသက်ဆုံးရှုံးသွားခဲ့ရသည်။

ကယ်လီဖိုးနီးယား ယိုစီမိုက်အမျိုးသားဥယျာဉ်အတွင်း မီးလောင်ကျွမ်းမှုကို ငြိမ်းသတ်နိုင်ရန် မီးသတ်သမားများ အပြင်းအထန် ကြိုးပမ်းခဲ့ကြသည်။ ယင်းဥယျာဉ်၏ အစိတ်အပိုင်းအချို့ကို ဗုဒ္ဓဟူးနေ့မှစတင်ကာ ပိတ်ထားခဲ့သည်။ ပြင်းထန်သည့် အပူချိန်ကြောင့် တောမီးလောင်ကျွမ်းခဲ့ရခြင်း ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယ၌ ရေလွှမ်းမှုကြောင့် သေဆုံးသူ ဦးရေ ၆၀၀ နီးပါးရှိလာ



**နယူးဒေလီ ဇူလိုင် ၂၉**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော သီတင်းနှစ်ပတ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးမြေပြိုမှုများ ဖြစ်ပွားခဲ့ရာ ပြည်နယ်ခြောက်ခုမှ လူပေါင်း သန်းနှင့်ချီ၍ နေအိမ်များ ဆုံးရှုံးခဲ့ရပြီး လူပေါင်း ၆၀၀ ဝန်းကျင် သေဆုံးခဲ့ကြောင်း သိရသည်။

အိန္ဒိယ၌ ဇူလိုင်နှင့် ဩဂုတ်လများသည် မိုးရာသီကာလများဖြစ်သည်။ မိုးရေကြီးသဖြင့် ကားများ လမ်းမထက်တွင် မျောပါသွားသည့်ပုံများကိုလည်း တီဗွီချန်နယ်များတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

ဒယ်ဟီမြို့နှင့် အိမ်နီးချင်းမြို့ဖြစ်သည့် နိုရိဒါမြို့တို့တွင် ရုံးများ၊ အိမ်များအတွင်းသို့ ရေများဝင်ရောက် ကြသည်ကိုလည်း တွေ့ရသည်။ မဟာရက်ရှ်ထရာ ပြည်နယ်တောင်ပိုင်းတွင် ရေလွှမ်းမှုကို အဆိုးရွားဆုံး ခံစားနေရကြောင်း သိရသည်။

ကာရာလာပြည်နယ်တွင် ၁၂၆ ဦး၊ အနောက်ဘင်္ဂလားပြည်နယ်တွင် ၁၁၆ ဦး၊ မြောက်ပိုင်းပြည်နယ် ဥတ္တရာပရာဒေ့ရှ်ပြည်နယ်တွင် ၇၀ ၊ ဂူဂျာရတ်ပြည်နယ်တွင် ၅၂ ဦး၊ အာသံပြည်နယ်တွင် ၃၄ ဦး သေဆုံးခဲ့ကြောင်း အမျိုးသား အရေးပေါ်တုံ့ပြန်ရေးစင်တာမှ ဖော်ပြချက်ကို ကိုးကား၍ The Times of India တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

## ပါကစ္စတန်ရွေးကောက်ပွဲ ရလဒ်များကို အိန္ဒိယမှကြိုဆို

**နယူးဒေလီ ဇူလိုင် ၂၉**

အိန္ဒိယနိုင်ငံသည် ပါကစ္စတန်အထွေထွေရွေးကောက်ပွဲရလဒ်များကို လက်ခံကြိုဆိုကြောင်း ပါကစ္စတန်နိုင်ငံ၌ တည်ငြိမ်ရေးနှင့် လုံခြုံမှုရှိရန်လည်း အမှန်တကယ် ဆန္ဒပြုကြောင်း စနေနေ့က ထုတ်ပြန်ခဲ့သည်။

ယင်းထုတ်ပြန်ချက်တွင် ပြည်ပကိစ္စရပ်များဝန်ကြီးဌာနက အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် ဒီမိုကရေစီယုံကြည်မှုကို ပြသခဲ့ကြသည့် ပါကစ္စတန် ပြည်သူများကို ကြိုဆိုကြောင်း ပြောခဲ့သည်။

အိမ်နီးချင်းနိုင်ငံဖြစ်သည့်ပါကစ္စတန်နိုင်ငံတွင် ကြွယ်ဝမှုနှင့် တည်ငြိမ်မှုများရရှိစေရေး အိန္ဒိယမှ အမှန်တကယ် ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။ ပါကစ္စတန်တွင် လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တောင်အာရှတစ်ခွင်တွင် အကြမ်းဖက်မှုချုပ်ငြိမ်းရေးတို့အတွက် အစိုးရသစ်က လုပ်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်းလည်း ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဇင်ဘာဘွေ၌ ရွေးကောက်ပွဲ မဲဆွယ်မှုများ ရုပ်သိမ်း

**ဟာရာရာ ဇူလိုင် ၂၉**

ဇင်ဘာဘွေနိုင်ငံ၌ တနင်္လာနေ့တွင် ရွေးကောက်ပွဲ စတင်တော့မည်ဖြစ်ရာ နိုင်ငံရေးပါတီများသည် ၎င်းတို့၏မဲဆွယ်စည်းရုံးမှုများကို စနေနေ့တွင် အဆုံးသတ်လိုက်ကြပြီ ဖြစ်သည်။

ဇင်ဘာဘွေသမ္မတ အီမာဆွန် မနန်ဂါဂွာနှင့် ၎င်း၏ပြိုင်ဘက် နယ်ဆန်ချာမီဆာတို့သည် မြို့တော်ဟာရာရာတွင် ၎င်းတို့၏နောက်ဆုံးအကြိမ် မဲဆွယ်မှုကို ပြုလုပ်ခဲ့ကြသည်။ ဇင်ဘာဘွေ ဖွဲ့စည်းပုံအရ မဲဆွယ်စည်းရုံးမှုများကို ရွေးကောက်ပွဲမတိုင်မီ ၂၄ နာရီအတွင်း ရုပ်သိမ်းရမည် ဖြစ်သည်။

ပါတီနှစ်ခုစလုံးမှ ခေါင်းဆောင်များသည် ၎င်းတို့အား ထောက်ခံသူများကို တနင်္လာနေ့ ရွေးကောက်ပွဲနေ့တွင် အင်တိုက်အားတိုက် မဲလာပေးကြရန် စည်းရုံးခဲ့ကြသည်။ လက်ရှိသမ္မတ မနန်ဂါဂွာနှင့် ၎င်း၏ပြိုင်ဘက် ချာမီဆာတို့သည် ရွေးကောက်ပွဲကာလတွင် ငြိမ်းငြိမ်းချမ်းချမ်း ရှိစေရေး ငြိမ်းချမ်းသည့် အသိုက်အဝန်းတစ်ခု ဖန်တီးရန် တိုက်တွန်းခဲ့ကြသည်။

လက်ရှိသမ္မတ မနန်ဂါဂွာသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်းက ယခင်သမ္မတ မူဂါဘီလက်ထဲမှ အာဏာကို လွှဲပြောင်းယူခဲ့ခြင်းဖြစ်သည်။ မစ္စတာချာမီဆာသည် ၎င်းတို့ပါတီခေါင်းဆောင် မစ္စတာ မော်ဂန်သေဆုံးခဲ့ပြီးနောက် ဥက္ကဋ္ဌနေရာ လွှဲပြောင်းယူခဲ့ပြီး လွန်ခဲ့သောလများအတွင်း တိုင်းပြည်နေရာအနှံ့ သွားရောက်ကာ မဲဆွယ်စည်းရုံးမှုများ ပြုလုပ်ခဲ့သည်။

**ဆင်ဟွာ**

### ဆီးရီးယားနှင့် ကာ့ဒ်အုပ်စုတို့ တွေ့ဆုံဆွေးနွေး

**ဒမတ်စကတ် ဇူလိုင် ၂၉**

ဆီးရီးယားကာ့ဒ်အုပ်စုသည် ဒီမိုကရေစီနှင့် ဗဟိုအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာကို ဒေသအစိုးရသို့ လွှဲပြောင်းပေးအပ်ရေး လမ်းပြမြေပုံ ရေးဆွဲနိုင်ရန်အတွက် ဆီးရီးယားသမ္မတ ဘတ်ရှာ အယ်အာဆတ် အစိုးရနှင့်ညှိနှိုင်းရန် သဘောတူခဲ့ကြောင်း သိရသည်။

ဆီးရီးယားအစိုးရ အရာရှိများ၏ ဖိတ်ခေါ်မှုဖြင့် မြို့တော်ဒမတ်စကတ်တွင် အစိုးရအရာရှိများနှင့် တွေ့ဆုံခဲ့ကြောင်း ဆီးရီးယားကာ့ဒ်အုပ်စု၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ နှစ်ပေါင်းများစွာ ပဋိပက္ခဖြစ်ပွားမှုကို ချုပ်ငြိမ်းနိုင်ရေးအတွက် ကြာသပတေးနေ့တွင် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း အဆိုပါအုပ်စုမှ ပြောကြားခဲ့သည်။ အာဆတ်အစိုးရကမူ အဆိုပါဆွေးနွေးပွဲကို အတည်ပြုပြောကြားခြင်း မရှိသေးပေ။ ဆီးရီးယားအရှေ့မြောက်ပိုင်းတွင် ကြီးစိုးနေသော ကာ့ဒ်သူပုန်များထက် အစိုးရတပ်မှာ အင်အားကြီးမားသည်။ ကာ့ဒ်များသည် ယင်းဒေသတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တောင်းခံနေခြင်းလည်းဖြစ်သည်။

သို့သော် အာဆတ်အစိုးရ၏ ရည်မှန်းချက်မှာ ယင်းဒေသကို အပြည့်အဝ ထိန်းချုပ်နိုင်ရေးပင်ဖြစ်သည်။ အာဆတ်အစိုးရကို ရုရှားတို့က ထောက်ခံပေးထားပြီး ကာ့ဒ်တို့ကိုမူ အမေရိကန်တို့က ထောက်ခံပေးလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# လူ့အခွင့်အရေးချိုးဖောက်မှုတွေရှိနေသော်လည်း အီဂျစ်အပေါ် လျစ်လျူရှုမထားနိုင်တဲ့ အမေရိကန်

**ချိုးစန္ဒီနွေး**

**အီဂျစ်နိုင်ငံမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေရှိနေတယ်ဆိုပြီး သတင်းတွေထွက်ပေါ်နေပေမယ့် အမေရိကန်နဲ့ဆက်ဆံရေးကတော့ ပြတ်တောက်မသွားပါဘူး။ ပုံမှန်အားဖြင့်တော့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ ဒီမိုကရေစီ ထိခိုက်မှုတွေကို အမေရိကန်က ဖိအားပေးတတ်ပေမယ့် အီဂျစ်နဲ့ကျတော့ ဒီလိုမဟုတ်ပါဘူး။ အရင်က ရပ်နားထားတဲ့ စစ်ရေးဆိုင်ရာဘဏ္ဍာရေးထောက်ပံ့မှုတွေတောင်ပြန်လုပ်လာတာကို တွေ့ရပါတယ်။ ဒါဟာ ထူးခြားမှုတစ်ခုလို့ ဆိုရမှာပါ။**



**စစ်အသုံးစရိတ်ပြန်လည်ထောက်ပံ့မယ်**

အီဂျစ်ရဲ့ ထောင်တွင်းလူဦးရေ အခြေအနေကတော့ လျော့ကျမသွားပဲ ပိုတိုးလို့လာပါတယ်။ အဲဒီအထဲမှာ အီဂျစ်နိုင်ငံအကြောင်း ဖေ့စ်ဘုတ်မှာ ရေးမိတဲ့ လက်ဘနွန်လူမျိုးတစ်ဦး၊ လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခံရမှုတွေအပေါ် အရေးယူဆောင်ရွက်ပေးဖို့ တောင်းဆိုခဲ့တဲ့ ဒီမိုကရေစီ တက်ကြွလှုပ်ရှားသူတစ်ဦး၊ နောက်ပြီး တရားစီရင်ရေးအကြောင်း သုတေသနလုပ်မိတဲ့ အမေရိကန်တက္ကသိုလ်ကျောင်းသားတစ်ဦးတို့လည်း အပါအဝင်ပါပဲ။ လူ့အခွင့်အရေးအုပ်စုတွေ ပြောကြတာကတော့ ဆိုင်းနိုင်းမှာ အီဂျစ်တပ်ဖွဲ့ဝင်တွေဟာ အိုင်အက်စ်အဖွဲ့ နှိမ်နင်းရေးဆိုပြီး သာမန်မိသားစု သုံးထောင်ရဲ့ နေအိမ်တွေကို ဖျက်ဆီးသွားခဲ့တယ်လို့ ဆိုပါတယ်။

ဒီလိုမျိုးသတင်းတွေ ကြားပေမယ့် အမေရိကန်ဟာ အီဂျစ်ရဲ့ လူ့အခွင့်အရေး ဖွံ့ဖြိုးတိုးတက်မှုကို ဘာနဲ့ တိုင်းတာခဲ့ပါသလဲ။ အခု သီတင်းပတ်အတွင်းမှာပဲ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုဟာ အီဂျစ်အပေါ် အရင်က ရပ်နားထားတဲ့ စစ်ရေးအသုံးစရိတ်ကို ပြန်လည်ပေးအပ်ဖို့ ကြေညာခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်က အီဂျစ်မှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေရှိတယ်၊ မြောက်ကိုရီးယားနဲ့ အဆက်အသွယ်ရှိတယ်ဆိုပြီး အရင်ပေးနေကျ စစ်ရေးဆိုင်ရာ အထောက်အပံ့ ဒေါ်လာ ၁၉၅ သန်း ကိုမပေးဘဲ ရပ်တန့်ခဲ့ပါတယ်။ အခုအခါမှာတော့ အဲဒီကန့်သတ်ချက်ကို ဖယ်ရှားပေးလိုက်ပါပြီ။

**အမေရိကန်ရဲ့လိုလားချက်တွေ**

လူ့အခွင့်အရေးအုပ်စုတွေကတော့ မစ္စတာပွန်ပီအိုရဲ့ ဆုံးဖြတ်ချက်ကို ရှုတ်ချကြပါတယ်။ အီဂျစ်သမ္မတ အဗ္ဗဒယ်ဖက်တက်အယ်စီစီရဲ့ အုပ်ချုပ်မှုအောက်မှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေများလာပေမယ့် ဒါကို လျစ်လျူရှုထားတယ်။ အီဂျစ်သမ္မတကို အထောက်အပံ့ကောင်းတွေ ပေးထားတယ်ဆိုပြီး ရှုတ်ချခဲ့ကြပါတယ်။

အမေရိကန် အရာရှိတွေကတော့ သူတို့ဟာ အီဂျစ်မှာပြဿနာတွေ နည်းသွားအောင် ဒေါ်လာ ၁၉၅ သန်းကို မပေးဘဲထားခဲ့တယ်။ စစ်အသုံးစရိတ်ထောက်ပံ့မှု ပြန်လည်ပေးအပ်ခဲ့ပေမယ့် အီဂျစ်အပေါ်မှာ အမေရိကန်ရဲ့လိုလားချက်တွေလည်း ရှိပါသေးတယ်။ အဲဒါတွေကတော့ အီဂျစ်နိုင်ငံမှာ ဒီမိုကရေစီကို မြှင့်တင်တဲ့အနေနဲ့ အပြည်ပြည်ဆိုင်ရာကအလုပ်သမား ၄၃ ဦး အပေါ် ပြစ်ဒဏ်စီရင်ထားတာကို အီဂျစ်သမ္မတ စီစီက ဖြေလျှော့ပေးလိုက်တာကို သမ္မတ ထရန့်အစိုးရအဖွဲ့က လိုချင်ပါတယ်။ အဲဒီအလုပ်သမား ၄၃ ဦးထဲမှာ အမေရိကန် နိုင်ငံသား ၁၇ ဦး ပါပါတယ်။ ပြီးတော့ လွန်ခဲ့တဲ့နှစ်က အီဂျစ်သမ္မတ သဘောတူလက်မှတ်ထိုးတဲ့အကူအအညီပေးရေး အေဂျင်စီတွေ အပေါ် ချမှတ်ထားတဲ့ ပြင်းထန်တဲ့ ဥပဒေတွေကို ရုပ်သိမ်းစေလိုတယ်။ အဲဒီဥပဒေကြောင့် အပြည်ပြည်ဆိုင်ရာက အကူအညီပေးရေး အေဂျင်စီတွေဟာ အီဂျစ်မှာ သွားရောက်လုပ်ကိုင်ဖို့ဆိုတာ အဟန့်အတားတစ်ခု ဖြစ်နေပါတယ်။ ဒါတွေကတော့ အမေရိကန်တွေဆီက တောင်းဆိုချက်ပါ။ အီဂျစ်ဘက်က ဘယ်လောက်အတိုင်းအတာအထိ သဘောတူထားသလဲဆိုတာ သေချာမသိရသေးဘူးလို့ ကျွမ်းကျင်သူတွေက ပြောပါတယ်။

သမ္မတစီစီကတော့ သူ့ရဲ့လုပ်ကိုင်မှုတွေ ရှင်းလင်းပြတ်သားစေဖို့အတွက် အမေရိကန်ကနေ ပြန်လည်ရရှိလာတဲ့ အထောက်အပံ့တွေကို ကောင်းကောင်းအသုံးချမှာပါ။ ပြီးတော့ ဒီဖြစ်ရပ်ကြောင့် သူ့ရဲ့ ဖိနှိပ်မှုတွေ ဆက်လက်လုပ်ဆောင်သွားဖွယ်ရှိတယ်လို့လည်း ယူဆရပါတယ်။

အမေရိကန်က စစ်အသုံးစရိတ် ပြန်လည်ထောက်ပံ့ပေးရေးနဲ့ ပတ်သက်ပြီး အီဂျစ်တွေကတော့ အမေရိကန်ဟာ သူတို့ရဲ့ မူဝါဒတွေကို လက်ခံတယ်လို့ ယူဆမှာပဲလို့ အရှေ့အလယ်ပိုင်းဒေသ ဒီမိုကရေစီစီမံကိန်းမှ အန်ဒရူးမေလာက ပြောပါတယ်။ အီဂျစ်ကိုအကူအညီတွေ ပြန်ပေးဖို့ ဆုံးဖြတ်လိုက်တာဟာဆိုရင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုနဲ့ အမျိုးသားလုံခြုံရေးအကြံပေးဖြစ်သူ ဂျွန်အာဘော်တန်တို့ အကောင်အထည်ဖော်နေတဲ့ လက်ရှိနိုင်ငံခြားရေးမူဝါဒကို ထင်ဟပ်စေပါတယ်။

**တေလာဆန်ရဲ့**

**အီဂျစ်အပေါ်ထားရှိတဲ့ သဘောထား**

အီဂျစ်သမ္မတစီစီဟာ အရင်ကတည်းက အမေရိကန်သမ္မတထရန့်နဲ့ ရင်းနှီးတဲ့ ဆက်ဆံရေးရှိပါတယ်။ ဒါပေမယ့်လည်း အရင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ရက်စ်ဒဗယ်လျူတေလာဆန်နဲ့ တုန်းကတော့ ဆက်ဆံရေးဟာ မပြေပြစ်ခဲ့ပါဘူး။ သူ့လက်ထက်တုန်းက အီဂျစ်ကို ပေးဖို့ရှိတဲ့ စစ်ရေးအသုံးစရိတ် ဒေါ်လာ ၁၉၅ သန်းကိုရော တခြားသော ကဏ္ဍတွေမှာ အသုံးပြုဖို့ပေးနေကျဖြစ်တဲ့ ဒေါ်လာ ၉၆ သန်းကိုပါ မပေးဘဲ အချိန်ဆွဲထားပါတယ်။ အဲဒီအခါမှာတော့ အီဂျစ်အာဏာပိုင်တွေဟာ အကျပ်ရိုက်ကုန်ကြပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်ကတည်းက စစ်အသုံးစရိတ်အတွက် ဒေါ်လာ ၄၇ သန်း၊ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဒေါ်လာ ၂၄ သန်း အီဂျစ်ကို အမေရိကန်က ထောက်ပံ့ပေးခဲ့ပါတယ်။

ဒါပေမယ့်လည်း သမ္မတစီစီဟာ အကူအညီပေးရေးအဖွဲ့တွေကို ဟန့်တားချုပ်ကိုင်မယ့် ဥပဒေမှာ လက်မှတ်ထိုးလိုက်တဲ့အခါမှာတော့ မစ္စတာတေလာဆန်ကို အလွန်ဒေါသထွက်စေခဲ့ပါတယ်။ ဒါတွေအပြင် မြောက်ကိုရီးယားနဲ့လည်း အီဂျစ်ကို အဆက်အဆံမလုပ်စေချင်ပါဘူး။ ဒါကြောင့် အီဂျစ်အပေါ် ဖိအားပေးနိုင်မယ့် နည်းလမ်းတွေကို ရှာဖွေခဲ့ပါတော့တယ်။

**အီဂျစ်ရဲ့လိုက်လျောမှု**

အီဂျစ် အစိုးရကလည်း အမေရိကန်က သူတို့အပေါ် အမြင်မကြည်ရတဲ့ အကြောင်းအရာကို ကောင်းကောင်းသိပါတယ်။ ပြစ်ဒဏ်ချမှတ်ထားတဲ့ အမေရိကန် နိုင်ငံသားတွေအပါအဝင် အပြည်ပြည်ဆိုင်ရာက အကူအညီပေးရေး လုပ်သားတွေရဲ့အမှုကို အခုနှစ်အတွင်းမှာ ပြန်လည်စစ်ဆေးဖို့ အစီအစဉ်ရှိပါတယ်။

**ပိုဆိုးလာတဲ့လူ့အခွင့်အရေးချိုးဖောက်မှု**

သမ္မတစီစီ အီဂျစ်သမ္မတအဖြစ် ပြန်လည် ရွေးကောက်ခံရတဲ့အခါမှာလည်း ဝေဖန်မှုတွေ အများကြီးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ အီဂျစ်တပ်ဖွဲ့အကြီးအကဲဟောင်း ဆယ်မီအနမ်ဟာလည်း ရွေးကောက်ပွဲမှာ သမ္မတစီစီနဲ့အပြိုင် ရွေးကောက်ပွဲဝင်ခဲ့လို့ ထောင်ချတာ ခံလိုက်ရပါတယ်။ ဒါကြောင့်လည်း သမ္မတစီစီဟာ ရွေးကောက်ပွဲမှာ ပြိုင်ဘက်မရှိဖြစ်ခဲ့ရတာပါ။ ပြန်လည်ရွေးကောက်ခံရပြီးတဲ့နောက်ပိုင်း အီဂျစ်မှာ လူ့အခွင့်အရေး အခြေအနေတွေဟာ ပိုပြီး ဆိုးရွားလာပါတယ်။

အီဂျစ်ကိုလာလည်တဲ့ ကမ္ဘာလှည့် ခရီးသည်တွေအတွက်တောင် အခြေအနေတွေက မလုံခြုံတော့ပါဘူး။ အခုလအတွင်းမှာပဲ လက်ဘနွန်အမျိုးသမီးတစ်ဦးဖြစ်တဲ့ မိုနာအယ်မက်ဇ်ဘူဟာ ကိုင်ရိုမြို့က လမ်းမတွေထက်မှာ အမျိုးသမီးတွေ လိင်ပိုင်းဆိုင်ရာ ထိခိုက်စော်ကားခံရမှုရှိတယ်ဆိုပြီးဝေဖန်တဲ့ ၁၀ မိနစ်စာ ဗီဒီယိုဖိုင်တင်ခဲ့တဲ့အတွက် အဖမ်းခံခဲ့ရပါတယ်။ တရားရုံးကလည်း ၎င်းဟာမဟုတ်မမှန်သတင်းတွေ ဖြန့်ဝေတာပြစ်မှုထင်ရှားတယ်ဆိုပြီး ထောင်ဒဏ်ရှစ်နှစ်ချမှတ်ခဲ့ပါတယ်။

**အမေရိကန်က လျစ်လျူရှုမရ**

ဝေဖန်သူအချို့ဟာလည်း အီဂျစ်ဟာ သူရရှိထားတဲ့ စစ်အသုံးစရိတ်တွေကို ဈေးကြီးလွန်းတဲ့စစ်လေယာဉ်တွေ၊ တင့်ကားတွေဝယ်ပြီး ဖြုန်းတီးပစ်တယ်လို့ ဝေဖန်ကြပါတယ်။ ဒါပေမယ့်လည်း သောင်းကျန်းသူတွေကို နှိမ်နင်းဖို့အတွက် အီဂျစ်တပ်ဖွဲ့ကို လေ့ကျင့်ပေးရမှာတော့ အတော်လေး ထိရောက်ခဲ့ပါတယ်။ ဆိုင်းနိုင်းကျွန်းဆွယ်မှာ သောင်းကျန်းနေတဲ့ အိုင်အက်စ်တွေကို နှိမ်နင်းဖို့ဆိုရင် အီဂျစ်ကို အမေရိကန်က ထောက်ပံ့ကူညီပေးမှုဖြစ်မယ်လို့ အချို့ကလည်း ဝေဖန်ကြပါတယ်။ ဒါကြောင့်လည်း အမေရိကန်က အီဂျစ်ကိုပစ်မထားဘဲ စစ်ရေးဆိုင်ရာ ထောက်ပံ့မှုတွေ ပြန်ပေးတာလို့ ယူဆလို့ရပါတယ်။ ဒါ့ကြောင့် လူ့အခွင့်အရေးတွေကို စံထားတဲ့ အမေရိကန်ဟာ အီဂျစ်မှာ လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုတွေရှိတယ်ဆိုတဲ့ သတင်းစကားတွေကို လျစ်လျူရှုပြီး ဆက်လက်ကူညီနေတာ ဖြစ်နိုင်ပါတယ်။

**ကိုးကား-နယူးယောက်တိုင်းမ်**

# မန္တလေး၌ ကမ္ဘာ့အသည်းရောင်ရောဂါနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်း အထူးကုဆရာဝန်များအဖွဲ့ (MGLS) နှင့် Myanmar Foundation For Liver Health (MyLiv) တို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့အသည်းရောင်ရောဂါနေ့ အထိမ်းအမှတ် အသည်းရောင်ဘီနှင့် စီပိုး အခမဲ့စစ်ဆေးခြင်းနှင့် ဟောပြောပွဲအခမ်းအနားကို ယမန်နေ့က မန္တလေးမြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ဌေး၊ မန္တလေးဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ ခင်မောင်လွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဆရာဝန်ကြီးများက အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ တက်ရောက်လာကြသည့် ဧည့်သည်များကို အသည်းရောင် ဘီနှင့် စီပိုးကို အခမဲ့ သွေးစစ်ဆေးပေးကြသည်။

ထို့နောက် ဆေးတက္ကသိုလ် မန္တလေး အသည်းရောဂါ ပညာဌာနမှ ဌာနမှူး ပါမောက္ခ ဒေါက်တာ ညိုမီခိုင်သန်းလှိုင်နှင့် ဆရာဝန်ကြီးများက အသည်းရောဂါဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့ကြရာ တက်ရောက်သူများ၏ သိလိုသည်များကို သက်ဆိုင်ရာဆရာဝန်ကြီးများက ပြန်လည်ဖြေကြားခဲ့ကြသည်။

အဆိုပါ (MyLiv) သည် အကျိုးအမြတ်မယူသော လူမှုကျန်းမာရေးအဖွဲ့ဖြစ်ပြီး အသည်းရောဂါများအကျိုးကို ရည်ရွယ်ပြီး ဖွဲ့စည်းထားသည်။ အသင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံသားတိုင်း အသည်းရောဂါကင်းဝေးစေရေးအတွက် တတ်စွမ်းသမျှ ဆောင်ရွက်ရန်ဖြစ်ပြီး နှစ်စဉ် ဇူလိုင်လတိုင်း ကမ္ဘာ့အသည်းရောဂါနေ့အထိမ်းအမှတ် ဟောပြောပွဲပြုလုပ်ပြီး ပြည်သူလူထုကို အသည်းရောဂါနှင့် ပတ်သက်သော ကျန်းမာရေးဗဟုသုတများ မျှဝေပေးလျက်ရှိကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# မဒေါက်မြို့၌ မြစ်ရေစိုးရိမ်ရေမှတ်အထက် ခြောက်ပေကျော်ထိမြင့်တက်လာ၍ ရေကာတာကို အရေးပေါ်ထိန်းသိမ်း

**မဒေါက် ဇူလိုင် ၂၉**

မိုးများ အဆက်မပြတ်ရွာသွန်းနေမှုကြောင့် မဒေါက်မြို့ စစ်တောင်းမြစ်ရေ ဆက်လက်မြင့်တက်နေပြီး ဇူလိုင် ၂၈ ရက်က စိုးရိမ်ရေမှတ်အထက် ခြောက်ပေကျော်အထိ မြင့်တက်လာမှုကြောင့် စစ်တောင်းမြစ် ရေကာတာကို အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအဖွဲ့များနှင့် ဒေသခံပြည်သူများ အရေးပေါ်ထိန်းသိမ်းနေရကြောင်း သိရသည်။

ညောင်လေးပင်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှူး ဦးညွန့်လွင်က "တာမှာ ထူးပေါက်၊ စိမ့်ပေါက်တွေတော့ ရှိတယ်။ တာသမိုင်းက ၁၉၉၉ ခုနှစ်က (ပင်လယ်ရေမျက်နှာပြင်အထက်) ၄၃ ဒသမ ၄ ပေရှိခဲ့တယ်။ အခုက ၄၃ ဒသမ ၃ ပေ ရှိနေပြီ။ အခု အဲဒီရေ မီတော့မယ်။ ဒီထက်မက ရေတက်လာပြီး တာပေါ်ကျော်သွားရင် စိုးရိမ်ရတယ်။ လောလောဆယ် တာပေါ်မှာ ရေလျှံနိုင်မယ့် နေရာတွေမှန်သမျှ သဲအိတ်တွေစီပြီး လိုက်ကာနေတယ်။ နောက်ထပ် ထပ်တက်လည်း ခံနိုင်သေးတယ်။ အဲဒီထက်တက်တာတော့ သဘာဝဘေးအန္တရာယ်အနေနဲ့ မရှိခဲ့ဖူးဘူး" ဟု ပြောသည်။



အဆိုပါ စစ်တောင်းမြစ် ရေဘေးကာကွယ်ရေး တာပေါ်ရေလျှံ၍ ကျိုးပေါက်ခဲ့ပါက မဒေါက်မြို့နှင့် အနီးဝန်းကျင် ကျေးရွာများ ရေလွှမ်းမိုးနိုင်ပြီး လက်ရှိတွင် မဒေါက်မြို့ပေါ်၌ ရေဘေးကယ်ဆယ်ရေး စခန်းလေးခု ဖွင့်လှစ်ထားရှိကာ အဖွဲ့အစည်းများက စားသောက်စရာများကို လာရောက် လှူဒါန်းပေးလျက်ရှိသည်။ မဒေါက်မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၁ ခု၌ ဇူလိုင် ၂၇ ရက် ညနေပိုင်းစာရင်းအရ အိမ်ထောင်စု ၁၅၅၇ စုရှိ ရေဘေးသင့်ပြည်သူ ၈၅၈၀ ဦးကို တာဝန်ရှိသူများက နေရေး၊ စားရေး၊ ကျန်းမာရေးတို့ကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ရေကာတာကို စောင့်ကြည့်ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

**ရဲမြန်မာ (ညောင်လေးပင်)**

# မိတ္ထီလာပုဂံ (သို့မဟုတ်) မုန်တိုင်းရွာ

မိတ္ထီလာမြို့တွင် သမိုင်းဝင် အထင်ကရ ကန်တော်ကြီးရှိသည်။ မိတ္ထီလာကန်တော်ကြီးကို ရှေးမြန်မာမင်း ၁၇ ဆက်တို့က ပြုပြင်ဆည်ဖို့ခဲ့သည်။ ရှေးမြန်မာမင်းများသည် ကန်တော်တစ်ဝိုက်တွင် သမိုင်းဝင်ဘုရားစေတီ ၃၂ ဆူ တည်ထားကိုးကွယ်ခဲ့သည်။

မိတ္ထီလာအနောက်ဘက် ၁၀ မိုင်အကွာတွင် မုန်တိုင်းကျေးရွာရှိသည်။ မုန်တိုင်းကျေးရွာမှာ မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းဘေးတွင် ရှိသော စံပြကျေးရွာကြီးဖြစ်သည်။ မုန်တိုင်းရွာမှာ စံပြရွာကြီးဖြစ်ပြီး အိမ်ထောင်စု ၄၃၀ ရှိကာ လူဦးရေ ကျား၊ မ၊ ကလေး အပါအဝင် ၂၁၈၂ ဦးရှိပြီး အများစုမှာ တောင်သူလယ်သမားများဖြစ်သည်။

မုန်တိုင်းကျေးရွာ၏ ထူးခြားချက်မှာ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်က ဘုရားစေတီ ၇၅ ဆူရှိသည်။ ထိုဘုရားစေတီများထဲတွင် မြန်မာနိုင်ငံ၌ ပထမဆုံး တည်ဆောက်ထားသည့် မုန်တိုင်အုတ်ကျောင်းတော်ကြီးရှိသည်။ မုန်တိုင် အုတ်ကျောင်းတော်ကြီးကို ဘုရားဒါယကာ ဦးပန်းရ- ဘုရားဒါယိကာမ ဒေါ်စိန်သာတို့က ၁၁၁၁ ခုနှစ်က တည်ဆောက်လှူဒါန်းခဲ့သည်။ မုန်တိုင် အုတ်ကျောင်းတော်ကြီးမှာ နန်းမတော် တည်ထားခဲ့သည့် နန်းမတော်မယ်နု အုတ်ကျောင်းတော်ထက် နှစ် ၇၀ ကျော် စော၍ တည်ထားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ အုတ်ကျောင်းတော်ကြီး နှစ်ခုမှာ တစ်ပုံစံတည်းဖြစ်ပြီး မယ်နု အုတ်ကျောင်းတော်ကြီးက ပိုမိုကြီးမားသည်ဟု သိရသည်။

မုန်တိုင် အုတ်ကျောင်းတော်ကြီးမှာ အလျား ၁၁၆ ပေ၊ အနံ ၈၃ ပေ၊ အမြင့် ပေ ၈၀ ခန့်ရှိသည်။ မုန်တိုင်အုတ်ကျောင်း တော်ကြီးမှာ သုံးထပ်အဆောက်အအုံ ဖြစ်သည်။ ပထမအောက်ခြေ လေးဖက် လေးတန်တွင် မုခ် ၅၀ ရှိသည်။ ဒုတိယ ထပ်တွင် တစ်မျက်နှာမုခ် သုံးပေါက်နှင့် မုခ် ၁၂ ပေါက်ရှိသည်။ တတိယထပ်တွင် အပေါ်ထပ်သို့တက်သော အုတ်လှေကား တစ်စင်းရှိပြီး အပေါ်ထပ် အရှေ့ဘက် ဆုံး အခန်းတွင် အကျယ် ပေ ၂၀၊ အနံ ၁၀ ပေခန့်ရှိ အခန်းကျယ်ကြီးတစ်ခု ရှိသည်။ တရားဘာဝနာပွားများရန် အခန်းဖြစ်ဟန်တူသည်။ မုန်တိုင် အုတ်ကျောင်းတော်ကြီးမှာ လှေကား နှစ်စင်းတပ်ဖြစ်သည်။

ထိုမုန်တိုင်အုတ်ကျောင်းတော်ကြီးတွင် သီတင်းသုံးရန်အတွက် မန္တလေးမြို့ တောင်ခွင် တိုက်အုပ်ဆရာတော်ကြီး ဦးဉာဏအား သာသနာပိုင်ဆရာတော်ကြီးထံ ခွင့်ပန်ပင့်ဆောင်ခဲ့သည်။ မင်းတုန်းမင်းတရားကြီးက ဦးဉာဏအား ဂိုဏ်းချုပ်ဆရာတော်အဖြစ် ခန့်အပ်လွှာ ချီးမြှင့်ဆက်ကပ်တော်မူသည်။ မုန်တိုင် အုတ်ကျောင်းတော်ကြီးမှာ ယခုအခါ နှစ်ပေါင်း ၂၇၀ ကြာမြင့်ခဲ့ပြီး ဖြစ်သည်။

မုန်တိုင်ကျေးရွာတွင် အင်းဝခေတ်က သမိုင်းဝင်ဘုရားစေတီ ၇၅ ဆူရှိသည်။ ထိုဘုရားစေတီများမှာ ရွာမြောက်ဘက်ပိုင်း၊ ရွာလယ်ပိုင်းနှင့် ရွာတောင်ဘက်ပိုင်း တို့တွင် တည်ရှိသည်။ ထိုဘုရားစေတီများ ထဲတွင် မုန်တိုင်အုတ်ဇရပ်၊ ရွှေဘုံသာ တို့မှာ ထင်ရှားသည်။ မုန်တိုင် အုတ်ဇရပ်၏ ပန်းတမော့လက်ရာများမှာ အလွန်ကောင်းမွန်လှသည်။ အုတ်ဇရပ်မှာ အနောက်ဘက်သို့ မျက်နှာမူတည်ထားသည်။ မုခ်ပေါက်နှစ်ပေါက်ရှိသည်။ မုခ်ပေါက်တွင် ထူးခြားရှားပါးသည့် ငါးကြင်းရုပ်ကို ထွင်းထုထားသည်မှာ အလွန်ရှားပါးသော အနုပညာလက်ရာဖြစ်သည်။ အုတ်ဇရပ်ကို ပြာသာဒ်သုံးဆောင်ဖြင့် တည်ဆောက်ထားသည်။ မြန်မာပြည်တွင် အလွန်ရှားပါးသော အင်္ဂတေပန်းတမော့အနုပညာများဖြင့် တည်ဆောက်ထားသဖြင့် အဖိုးမဖြတ်နိုင်သော ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်တစ်ခုပင် ဖြစ်ပေသည်။

ရွှေဘုံသာမှာ ရွာအရှေ့ဘက်တွင် ရှိသည်။ ရွှေဘုံသာ ဘုရားအတွင်း၌ ဆေးရေးပန်းချီများ ရှိသည်။ ရွှေဘုံသာဘုရားမှာ မုခ်လေးမုခ်ဖြင့် တည်ထားသည်။ စေတီဂူအတွင်း၌ အလယ်ဗောဓိမဏ္ဍိုင်ရှိသည်။ မုခ်လေးမုခ်တွင် ကိုယ်စားတော်လေးဆူ ရှိသည်။ ဆေးရေးနံရံပန်းချီကွက်များကို လိုဏ်ပတ်လည်တွင် ဝိုက်လျက်ရေးထားသည်။ ထိုဆေးရေးနံရံပန်းချီများမှာ ဗုဒ္ဓဝင်၊ ဇာတ်ကြီးဆယ်ဘွဲ့၊ နိမိတ်ကြီးလေးပါးဖြစ်ပုံ၊ ယသော်ဓယာကြာခြည်လုပ်ခန်း၊ ဇနက္ကညီနောင် ဆင်စီးစစ်တိုက်ပုံနှင့် ထူးခြားရှားပါးသည့် အမျိုးသမီးလေးဦး စောင်းတီးသူ၊ ပတ်သာတီးသူ၊ လက်ဖြင့် တီးပုံတို့ကို ထူးခြားရှားပါးစွာ တွေ့မြင်ရသည်။

ထို့ကြောင့် မုန်တိုင်ရွာကို မိတ္ထီလာ ပုဂံဟု တင်စားခေါ်ဝေါ်ကြပြီး စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များနှင့် အခါကြီး ရက်ကြီးများတွင် ကျောင်းသား ကျောင်းသူများ၊ မြို့ပေါ်မှ မိသားစုများသည် တကူးတက အလည်အပတ်သွားရောက်ပြီး အပန်းဖြေ အနားယူလေ့လာနေကြသည်ကို တွေ့ရသည်။ မိတ္ထီလာပုဂံတွင် စားသောက်ဆိုင်များလည်း ရှိသဖြင့် အထူးစည်ကားနေပါကြောင်း . . .။ ။

**သတင်းဆောင်းပါး - တင်လှိုင် (မိတ္ထီလာ)**

# လပွတ္တာမြို့နယ် ကျေးရွာ သုံးရွာအား VDP စီမံကိန်း ငွေကျပ်သိန်း ၁၀၀ စီ လွှဲပြောင်းပေးအပ်

**လပွတ္တာ ဇူလိုင် ၂၉**

လပွတ္တာမြို့နယ် ကျေးလက်နေပြည်သူများ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးရွာဖွံ့ဖြိုးရေး VDP စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၂၅ ရက်က လပွတ္တာမြို့နယ် သဲကုန်းကျေးရွာ၌ ကျင်းပသည်။

ထို့နောက် VDP စီမံကိန်းငွေကျပ် သိန်း ၁၀၀ ကို မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရေး ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

အလားတူပင် လပွတ္တာမြို့နယ် ကဿပေါင်းကျေးရွာနှင့် စမ်းချောင်းကျေးရွာတို့တွင်လည်း VDP စီမံကိန်းငွေကျပ် သိန်း ၁၀၀ စီကို မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရေး ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ကြသည်။

အဆိုပါ လပွတ္တာမြို့နယ် ကျေးရွာသုံးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရေးစီမံကိန်း VDP ရန်ပုံငွေများ လွှဲပြောင်းပေးအပ်နိုင်ခဲ့သဖြင့် ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သော စာသင်ကျောင်း၊ ရွာတွင်းကျောက်ချောလမ်းခင်းခြင်းနှင့် ရွာအဝင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

# ကော့သောင်းကမ်းနီး အဖြူရောင်ပရဟိတအဖွဲ့က ကယ်ဆယ်ရေး ပစ္စည်းများ သွားရောက်လှူဒါန်း

**ကော့သောင်း ဇူလိုင် ၂၉**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းသဖြင့် တနင်္သာရီမြစ်ရေလျှံကာ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအနှံ့ ပြည်သူများ ရေဘေးဒုက္ခကြုံတွေ့နေကြသောကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း တနင်္သာရီမြစ်ချောင်းဖျားဒေသများရှိ ကျေးလက် ပြည်သူများသို့ ပရဟိတလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ကော့သောင်းကမ်းနီး အဖြူရောင်ပရဟိတအဖွဲ့က ဇူလိုင် ၂၈ ရက်တွင် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ကျေးရွာပြည်သူများနေထိုင်ရာ အိမ်များအရောက် ထောက်ပံ့လှူဒါန်းခဲ့ကြကြောင်း သိရသည်။

အဆိုပါလှူဒါန်းပွဲတွင် ကော့သောင်းမြို့ မြို့မိမြို့ဖ စေတနာရှင်များ၊ အလှူရှင်များ၊ ကုမ္ပဏီ၊ အသင်းအဖွဲ့များနှင့် ကော့သောင်းကမ်းနီး အဖြူရောင်ပရဟိတအဖွဲ့တို့က စားသောက်ဖွယ်ရာများ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ သောက်ရေသန့်များ၊ ဘီစကွတ်မုန့်များနှင့် အဝတ်အထည်မျိုးစုံတို့ကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ရန် ခက်ခဲဝေးလံသည့် တနင်္သာရီမြစ်ချောင်းဖျားဒေသများရှိ ဘုန်းတော်ကြီးကျောင်းတိုက်များ၊ ကျေးလက်ပြည်သူမိသားစုများထံသို့ လိုက်လံထောက်ပံ့ပေးအပ် လှူဒါန်းခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ဆယ်ကျော်သက်အမျိုးသမီးငယ်များအခွင့်အရေး အသိပညာပေးဆွေးနွေး

**အင်းတော် ဇူလိုင် ၂၉**

ဆယ်ကျော်သက် အမျိုးသမီးငယ်များအခွင့်အရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ စေတနာခန်းမ၌ ကျင်းပရာ ဆွေးနွေးပွဲသို့ အမျိုးသမီးရေးရာ၊ ရှမ်းနီစာပေနှင့် ယဉ်ကျေးမှု၊ ကတူး လူငယ်ကွန်ရက်၊ နိစ္စဓူဝပညာရေးကွန်ရက်၊ သဘာပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အင်အားစုတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ကသာမြို့မှ အထက်တန်းရှေ့နေ ဒေါ်အေးအေးသန်း၊ မန္တလေးမြို့မှ အမျိုးသမီးအခွင့်အရေးနည်းပြ ဒေါ်ဆွေဆွေထွန်း၊ ကသာမြို့အိမ်တွင်းမှု သင်တန်းကျောင်း ကျောင်းအုပ် ဒေါ်ကေခိုင်မြင့်ဝင်းနှင့် ကတူးလူငယ်ဖွံ့ဖြိုးရေးအသင်း ဥက္ကဋ္ဌ ဦးသန်းဇော်ဦး တို့ကဦးဆောင်ဆွေးနွေးကြရာ တက်ရောက်လာသူများက ပါဝင် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုမင်း (အင်းတော်)**

# သံလွင်မြစ်ရေ ဝင်ရောက်မှုကြောင့် ရပ်ကွက်အများစု ရေဝင်နစ်မြုပ်

**ကမမောင်း ဇူလိုင် ၂၉**

ကရင်ပြည်နယ် ကမမောင်းမြို့တွင် သံလွင်မြစ်ရေ၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်သို့ ရောက်ရှိနေသည့်အတွက် မြို့ပေါ်စာသင်ကျောင်းများ၊ ဆေးရုံ၊ ဌာနဆိုင်ရာရုံးအချို့နှင့် ရပ်ကွက်အများစုမှာ သံလွင်မြစ်ရေ ကျော်လွန်ဝင်ရောက်ခဲ့သည်။

နေထိုင်၍ မရကြသော အိမ်ထောင်စု ၁၀၄ စု လူဦးရေ ၅၀၂ ဦးအား အမှတ် (၃) အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ အမှတ် (၁) အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် အမှတ် (၅) အခြေခံပညာမူလတန်းကျောင်းများတွင် ကယ်ဆယ်ရေး စခန်းများ ဖွင့်လှစ်ပြီး နေရာချထားပေးလျက်ရှိသည်။

ရေဘေးသင့်ပြည်သူများအား ကမမောင်းမြို့ နည်းဗျူဟာမှူးနှင့် အရာရှိများ၊ စစ်သည်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများက သောက်ရေသန့်နှင့် အစားအစာများကို ပေးဝေလျက်ရှိကြောင်းနှင့် မိုးစပါးစိုက်ခင်း ရေနှစ်မြုပ်မှုအခြေအနေမှာ တောင်သူ ၂၁၈ ဦး၏ လယ်မြေ ၇၃၄ ဒသမ ၅၄ ဧကမှာ ရေလွှမ်းလျက်ရှိကြောင်း သိရသည်။

**ကမမောင်း ( မြန်/ဆက်)**

# ဒုတိယဝါဆိုလပြည့်ကျော်(၁)ရက်နေ့တွင် ကျောက်ပန်းတောင်းမြို့ပေါ်ရှိ ဘုရားပုထိုးစေတီများ၌ ဝါဆိုပန်းကပ်သူများ၊ ဝါဆိုပေါက်ပေါက်ပက်သူများဖြင့် စည်ကားများပြားလျက်ရှိ

**ကျောက်ပန်းတောင်း ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်တွင် ဒုတိယဝါဆိုလပြည့်ကျော်(၁)ရက် ဇူလိုင် ၂၈ ရက် နံနက် ၈ နာရီခန့်မှ စတင်၍ မြို့ပေါ်ရှိ ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်းကန်၊ ဇရပ်များတွင် ဝါဆိုပန်းဆက်ကပ်သူများ၊ ဝါဆိုပေါက်ပေါက်ပက်လှူသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်များရှိ ဓမ္မာရုံအသီးသီး၌ ဝါတွင်းကာလ၏ ပထမဆုံးရက်ဖြစ်သည့် ဝါဆိုလပြည့်နေ့မှစတင်၍ ကျောင်းတိုက်အသီးသီးမှ သံဃာတော်အရှင်သူမြတ်များအား ဆွမ်း၊ဆွမ်းဟင်းများကို အလှည့်ကျ လောင်းလှူကုသိုလ်ယူကြပြီး ညနေပိုင်းတွင် ဘုရားကျောင်းကန်များ၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကို မိမိတို့ သူငယ်ချင်း၊ ဆွေမျိုးအပေါင်းအသင်း၊ ဌာနဆိုင်ရာ စသည်ဖြင့် အစုအဖွဲ့အလိုက် ကပ်လှူကုသိုလ်ယူခြင်းများဆောင်ရွက်လေ့ရှိကြကာ ဝါဆိုလပြည့်ကျော်(၁)ရက်နေ့တွင်မူ မြို့ပေါ်ရှိဘုရား၊ ပုထိုး၊ စေတီများဖြစ်သည့် ဆုတောင်းပြည့်မဟာစေတီကြီးဘုရား၊ ကုန်းတော်ကြီးဆုတောင်းပြည့်ဘုရား၊သက်တော်ရ/သက်တော်ရှည်ဘုရား၊ မြရွှေဂူဘုရား၊ ရွှေတောင်ဦးဘုရား၊မြို့ဦးစေတီဘုရား၊ ကုက္ကိုတံဆုတောင်းပြည့်ဘုရားများသို့လှည့်လည်သွားလာ၍ ဝါဆိုပန်းဆက်ကပ်ခြင်း၊ဝါဆိုပေါက်ပေါက်ပက်လှူပူဇော်ခြင်းများကို ကလေး၊ လူကြီး အရွယ်စုံတို့က မိမိတို့အစုအဖွဲ့အလိုက် မော်တော်ကား၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီယာဉ်များ၊ မော်တော်ဆိုင်ကယ်များဖြင့် ပျော်ရွှင်စွာသွားလာကြသည်ကို တွေ့ရသည်။



ယင်းနောက် အမြင့်ပေ ၁၈၈၆ ပေရှိ ဂေါင်းဒီတောင်ပေါ်သို့ တပျော်တပါး တက်ရောက်ကြပြီး ဂေါင်းဒီတောင်ပေါ်ရှိ စကြာမုဒြာထိုင်တော်မူရုပ်ပွားတော်မြတ်ကြီးနှင့် ရပ်တော်မူ ဗျာဒိတ်ပေး မြတ်စွာဘုရားရုပ်ပွားတော်မြတ်ကြီးတို့ကို ပန်းနှင့် ဆန်မန်းပေါက်ပေါက်များ ကပ်လှူပူဇော်ကြကြောင်း သိရသည်။

အဆိုပါ ဘုရားစေတီပုထိုးများနှင့် ဂေါင်းဒီတောင်တို့တွင် လူငယ်အသင်းအဖွဲ့များ၊ စေတနာရှင်များနှင့် သက်ဆိုင်ရာ ဝေယျာဝစ္စအဖွဲ့ဝင်များက မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ မုန့်၊ အချိုရည်၊ လက်ဖက်သုပ်၊ ဂျင်းသုပ်၊ ကြာဆံဟင်းခါးများဖြင့်စေတနာ အလှူပေး ကျွေးမွေးဧည့်ခံကြသဖြင့် ဘုရားစေတီပုထိုးများတွင် ညနေပိုင်း ၅ နာရီမှ ၆ နာရီအထိ လူမပြတ်အောင် စည်ကားလျက်ရှိကြကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

# မြန်မာအမျိုးသားလေကြောင်းတွင် တာဝန်ထမ်းဆောင်မည့် လေယာဉ်မောင်/မယ်သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၉**

မြန်မာအမျိုးသားလေကြောင်း ပျံသန်းရေးဌာနတွင် တာဝန်ထမ်းဆောင်မည့် လေယာဉ်မောင်/မယ်များ၏ သင်တန်းဆင်းပွဲ(၁/၂၀၁၈)နှင့် တောင်ပံအပ်နှင်းပွဲကို ယနေ့ နံနက်ပိုင်းက လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်ဇင်မောင်က အမှာစကားပြောကြားပြီး မြန်မာအမျိုးသားလေကြောင်းလိုင်း၏ အမှုဆောင်အရာရှိချုပ် ဦးသန်းထွန်းက သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား ဆုများချီးမြှင့်ခဲ့သည်။ ထို့နောက် လေကြောင်းပညာသိပ္ပံကျောင်းအုပ်ကြီးက သင်တန်းဆင်းအောင်လက်မှတ်ချီးမြှင့်ပြီး လေကြောင်းပျံသန်းမှုလုပ်ငန်းဌာနမှူး ကပ္ပတိန်ခုပ်ခန့်မုံက တောင်ပံများ ချီးမြှင့်အပ်နှင်းခဲ့သည်။

မြန်မာအမျိုးသားလေကြောင်းမှ သင်တန်းဆင်း လေယာဉ်မောင်/မယ်များအတွက် ပေးအပ်မည့် တာဝန်များနှင့် ပတ်သက်၍ လေကြောင်းပျံသန်းမှု လုပ်ငန်းဌာနမှူး ကပ္ပတိန်ခုပ်ခန့်မုံက ပြောကြားရာတွင် "သူတို့သည် ပထမဦးစွာ ဂျူနီယာလေယာဉ်မောင်/မယ်တွေဖြစ်တဲ့အတွက်ကြောင့် အေတီအာ လေယာဉ်ပျံနဲ့ စတင်တာဝန်ပေးအပ်မှာ ဖြစ်ပါတယ်။ အေတီအာ လေယာဉ်ပျံမှာ သူတို့ကြိုးစားမှုတွေလည်းရှိလာပြီ၊ ထိုက်သင့်တဲ့ အတွေ့အကြုံလည်းရလာပြီဆိုရင် ကျွန်တော်တို့ အနေနဲ့ လေယာဉ်ပျံအကြီးတွေဖြစ်တဲ့ အမ်ဘရီယာ အီး-၁၉၀ ဂျက်လေယာဉ်ပျံနဲ့ ဘိုးရင်း ၇၃၇-၈၀၀ ဂျက်လေယာဉ်ပျံတွေအပေါ် တက်ရောက်တာဝန်ထမ်းဆောင်စေမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

လေယာဉ်မောင်/မယ်များအဖြစ် ရွေးချယ်ရာတွင် တက္ကသိုလ်ကောလိပ်တစ်ခုခုမှ ဒုတိယနှစ်အောင်မြင်ပြီး အသက်(၁၈-၂၄)နှစ်အတွင်းဖြစ်ကာ ဘာသာစကားကျွမ်းကျင်၍ ရေကူးတတ်မြောက်သူများကို လျှောက်လွှာခေါ်ယူရွေးချယ်ပြီး သင်တန်းပို့ချကာ လေယာဉ်မောင် /မယ်အဖြစ် တာဝန်ပေးအပ်ခြင်းဖြစ်သည်။ လက်ရှိတွင် မြန်မာအမျိုးသားလေကြောင်းလိုင်း၌ တာဝန်ထမ်းဆောင်လျက်ရှိသော လေယာဉ် မောင်/မယ် ၁၂၃ ဦးရှိပြီး အသစ်ခန့်အပ်မည့် လေယာဉ်မောင်/မယ်များအပါအဝင် စုစုပေါင်း ၁၅၇ ဦးရှိလာမည်ဖြစ်သည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

# တာချီလိတ်၌ မယ်ဆိုင်ချောင်းရေဝင်ရောက်ခဲ့မှုကြောင့် ကျန်ရှိသည့် သဲနုန်းများအား ရှင်းလင်းဆောင်ရွက်

**တာချီလိတ် ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ်ရှိ တောင်ပေါ်ဒေသများတွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် မြေနိမ့်ပိုင်းရပ်ကွက်အချို့၌ မယ်ဆိုင်ချောင်းရေများ ဝင်ရောက်ခဲ့ရာ ယင်းချောင်းရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်၍ ယနေ့နံနက်ပိုင်းက တင်ကျန်ခဲ့သည့် သဲနုန်းများကို ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နယ်မြေခံတပ်နယ်မှ တပ်မတော်သားများက ပူးပေါင်းကူညီဆောင်ရွက်ရာ စစ်ဗျူဟာအဖွဲ့(အခြေချ) တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အေးမင်းဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် ဌာနဆိုင်ရာများက လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးသည်။

တာချီလိတ်မြို့၌ မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျချောင်းရေများပြားပါက မြေနိမ့်ပိုင်းရပ်ကွက်အချို့တွင် နှစ်စဉ် ချောင်းရေများဝင်ရောက်လေ့ရှိသဖြင့် ရေကြီးရေလျှံခြင်းကြောင့် ဆုံးရှုံးမှုများမဖြစ်စေရေး ကယ်ဆယ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားကြောင်း သိရသည်။ **ဖြိုးလေး(တာချီလိတ်)**

# ပူတာအိုရှိ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသူ ကျောင်းသားများအား ဂုဏ်ပြုချီးမြှင့်

**ပူတာအို ဇူလိုင် ၂၉**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်းက ကြီးမှူး၍ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပူတာအိုစာစစ်ဌာနမှ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ရဝမ် တိုင်းရင်းသား/သူ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ကျေးဇူးတော်ချီးမွမ်းဆုတောင်းပေးခြင်းအခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီခွဲက ပူတာအိုမြို့ဒုတ္တန်ရပ်ကွက်ရှိ မြန်မာနိုင်ငံရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်းခြံဝင်း ခါကာဘိုခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးမယစ်




ယောရှုက ကြိုဆိုနှုတ်ခွန်းစကားနှင့်အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက ၂၀၁၇-၂၀၁၈ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် တစ်ဘာသာ၊ နှစ်ဘာသာ၊ သုံးဘာသာဂုဏ်ထူးရှင် ၅၀ အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဆုတံဆိပ်များကိုလည်းကောင်း၊ ပညာရေးမှူး(ငြိမ်း) ဆရာကြီး ဦးဆာရ်ဝမ်ဖုန်က ၂၀၁၇-၂၀၁၈ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးအမ်ထင်ဆန်း၊ ရပ်မိရပ်ဖ ဦးချန်းဂျုံဆားရ်တို့က ပညာရေးနှင့်ပတ်သက်၍ အားပေးစကားပြောကြားကြပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်ခဲ့ကြသည့် ကျောင်းသူ ကျောင်းသားများကိုယ်စား သုံးဘာသာဂုဏ်ထူးရှင် မောင်မဘုဒီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ ၂၀၁၇-၂၀၁၈ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပူတာအိုစာစစ်ဌာနမှ အောင်မြင်သူပေါင်း ၁၇၀၊ တစ်ဘာသာဂုဏ်ထူးရှင် ၄၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ခုနစ်ဦးအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ကျေးဇူးတော်ချီးမွမ်းပွဲအခမ်းအနားကျင်းပခဲ့ခြင်းဖြစ်ပြီး အဆိုပါအခမ်းအနားတွင် ကျေးဇူးတော်ချီးမွမ်းခြင်း၊ နှုတ်ကပတ်တော်အားဖြင့်ခွန်အားယူခြင်း၊ ဆုတောင်းပေးခြင်းများပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၉-၇-၂၀၁၈

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၁၀/၉၃၀ ကျပ် | ၉၄၅/၉၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၂၀/၉၄၀ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၇၅/၉၀၀ ကျပ် | ၉၃၅/၉၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၅၀ ကျပ် | ၉၉၅/၁၀၀၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၂၇ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၇၅ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၅၀ · ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၈၅ · ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၈၇ · ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၄ · ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၀ · ၇၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၇၆၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၇ · ၅၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၅၂ · ၃၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၃ · ၀၂၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ကြက်သွန်နီများ ဈေးကွက်အတွင်း အများအပြားဝင်ရောက်နေ၍ ဈေးနှုန်းကျဆင်း

**ရန်ကုန် ဇူလိုင် ၂၉**
ယခုနှစ်တွင် ကြက်သွန်နီစိုက်ခင်းများ မိုးမိထား၍ ကြာရှည်သိုလှောင်ထားနိုင်မှု မရှိခြင်းကြောင့် ဈေးကွက်အတွင်း အလုံးအရင်းနှင့် ဝင်ရောက်နေသည့်အတွက် ကြက်သွန်နီဈေးနှုန်းများ ကျဆင်းနေကြောင်း ကြက်သွန်နီစိုက်တောင်သူများထံမှ သတင်းရရှိသည်။

ကြက်သွန်နီဈေးနှုန်းမှာ နှစ်စဉ် ဇူလိုင်လတွင် ဈေးတက်လေ့ရှိသော်လည်း လက်ရှိအချိန်ထိ ကြက်သွန်စတင်ပေါ်ချိန်က ဈေးနှုန်းအတိုင်းသာ ရပ်တန့်နေကြောင်း မြစ်သားမြို့နယ်ရှိ ကြက်သွန်ပွဲရုံပိုင်ရှင် ဦးစိုးညွန့်က ပြောသည်။

"ဒီနှစ်က တရုတ်ကလည်း ဝယ်တာနည်းတယ်၊ နောက်တစ်ခုက ဒီဘက်က ကြက်သွန်ခင်းတွေက မိုးတွေမိထားတော့ ကြက်သွန်နီက ကြာရှည်အထားမခံဘူး၊ တရုတ်ကို ပို့လိုက်တယ်၊ ဟိုဘက်ရောက်သွားတော့ အရင်နှစ်တွေကလို ကြာကြာမခံတော့ သူတို့ဘက်ကဝယ်တာနည်းတာလည်း ဖြစ်နိုင်တယ်၊ ပြီးတော့ သူတို့ဆီကဈေးကလည်း ကျနေတယ်၊ ဒီဘက်ကမှာလည်း အရင်က ၉ လ ပိုင်းလောက်ရောက်မှ အရောင်းကျတာ၊ ခုက ၇ လ ပိုင်းတည်းက အရောင်းကျနေတယ်"ဟု ၎င်းက ပြောသည်။

ကြက်သွန်နီဈေးကွက်မှာ ယခင်နှစ်ကာလတူအချိန်နှင့် နှိုင်းယှဉ်ပါက တစ်ဝက်ခန့်ကွာနေပြီး တစ်ပိဿာလျှင် ၅၀၀ ကျပ်မှ ၆၀၀ ကျပ် ဝန်းကျင်ဈေးသာရှိနေကြောင်း သိရသည်။

"ကြက်သွန်က နိုင်ငံခြားကဆွဲရင် ဈေးတက်လွယ်တယ်၊ ခုဟာက ဈေးကွက်ထဲကို ဝင်လာတာတော့များတယ်၊ လက်ရှိအချိန်ထိတော့ ပြည်တွင်းစားသုံးမှုအတွက် ပိုလျှံနေတဲ့သဘောရှိနေတယ်၊ ဈေးကလည်း တက်ချိန်ရောက်နေပေမယ့် တက်မလာသေးဘူး၊ ဒီလက တစ်ပိဿာကို ၁၀၀၀ ဝန်းကျင်လောက် ရှိတတ်တယ်။ အခုက ၅၀၀၊ ၆၀၀ ပဲရှိသေးတယ်"ဟု မန္တလေးတိုင်းဒေသကြီး ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုချောင်သီးနှံများ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးဇော်မျိုးဦးက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်အတွင်းက ပြည်တွင်းကြက်သွန်နီဈေးမြင့်တက်မှုကြောင့် တရုတ်နိုင်ငံမှကြက်သွန်နီများ ပြည်တွင်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်နေသည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ကြက်သွန်စိုက်တောင်သူများက ကြက်သွန်နီတရားမဝင်တင်သွင်းမှုများကိုတားဆီးပေးရန် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများရုံးနှင့် တိုင်းဒေသကြီးရုံးများထံ တင်ပြခဲ့ကြောင်း သိရသည်။

**ဉာဏ်ထက်**(AMIA)၊ **ဓာတ်ပုံ ကေဇူး**(AMIA)



# မူဆယ် ကုန်သွယ်ရေးဇုန်တွင် ပဲပုပ်စေ့ တစ်တန်လျှင် အမြင့်ဆုံးဈေး ကျပ် ၈၅၀၀၀၀ ခန့်ရရှိ

**ရန်ကုန် ဇူလိုင် ၂၉**
မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့ ပဲပုပ်စေ့ ဝင်ရောက်မှုနည်းပါးနေပြီး တစ်တန်လျှင် အမြင့်ဆုံးဈေး ကျပ် ၈၅၀၀၀၀ ခန့်ရရှိနေကြောင်း မူဆယ်ရှိ ကုန်သည်များထံက သိရသည်။

"ပဲပုပ်စေ့က ရက်ခြား ရက်ခြားတော့ ဝင်တယ်၊ ဝင်တာများတဲ့ အပတ်ဆိုရင် တန် ၄၀၀၀ ဝန်းကျင်လောက်တော့ရှိတယ်၊ အရင်နှစ် ကာလတူနဲ့ယှဉ်ရင်တော့ အဝင်နည်းတယ်၊ အရောင်းအဝယ်ပါးတယ်၊ အခု တရုတ်က နိုင်ငံကြီးတွေကနေ တင်သွင်းလာတဲ့ ပဲပုပ်စေ့တွေကို တင်းကျပ်တာတွေရှိနေတယ်"ဟု တောင်ကြီး- မူဆယ်ရှိ ပဲပုပ်ကုန်သည် ဦးစိုင်းသိန်းလင်းက ပြောသည်။

လက်ရှိတွင် မူဆယ်ကုန်စည်ဒိုင်သို့ ရှမ်းပြည်နယ်ထွက် ပဲပုပ်စေ့ တစ်နေ့လျှင် ၁၆ တန်ခန့် စတင်ဝင်ရောက်လာပြီး အနိမ့်ဆုံးဈေး ၃၅၀၀ ယွမ် မြန်မာငွေကျပ် ၇၄၀၀၀၀ ခန့်၊ အမြင့်ဆုံးဈေး ၄၀၀၀ ယွမ် မြန်မာငွေကျပ် ၈၅၀၀၀၀ ခန့် ဈေးပေါက်နေပြီး ယခင်နှစ်ကာလတူထက် ဈေးနှုန်းအနည်းငယ်မြင့်တက်လျက်ရှိနေသော်လည်း လျော့နည်းဝင်ရောက်နေကြောင်း သိရသည်။

"ပဲပုပ်ကို အများဆုံးတင်သွင်းတဲ့နိုင်ငံတွေကတော့ တရုတ်၊ အီးယူ၊ မက္ကဆီကို၊ ဂျပန်၊ ထိုင်း၊ အီဂျစ်၊ အင်ဒိုနီးရှား အစရှိတဲ့ နိုင်ငံတွေ ဖြစ်ပါတယ်၊ ကာလတူ နှိုင်းယှဉ်ရင်တော့ အရင်နှစ် ဒီလိုအချိန်တုန်းက ပဲပုပ် တစ်ပိဿာ ၉၇၈ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်၊ ဒီနှစ်မှာတော့ ကျပ် ၂၀၀၀ဝန်းကျင်နဲ့ အရောင်းအဝယ်ဖြစ်နေတဲ့အတွက် ဈေးကတော့ ကောင်းပါတယ်၊ တရုတ်ဘက်မှာတော့ ပဲပုပ်ကို စားသုံးဆီ(Vegetable Oil) အဖြစ် သာမက လူသုံးကုန်ပစ္စည်းတွေဖြစ်တဲ့ ပိုးသတ်ဆေး၊ ဆပ်ပြာ၊ အိမ်သုတ်ဆေး၊ ပုံနှိပ်မင်၊ ဆေးဝါးထုတ်လုပ်မှုတွေမှာ အသုံးပြုတယ်"ဟု မန္တလေး-မူဆယ်ရှိ ပဲပုပ်ကုန်သည်များအဖွဲ့ ဈေးကွက်မန်နေဂျာ ကိုခိုင်လတ်က ပြောသည်။



မြန်မာနိုင်ငံတွင် စိုက်ပျိုးမှုရှိသော ပဲပုပ်မျိုးများမှာ ရေဆင်း ငါး၊ ရေဆင်း ခြောက်နဲ့ ရေဆင်း ၁၁ မျိုးတို့ဖြစ်ကာ တစ်ဧကလျှင် မျိုးစေ့ ၁၂ ပြည်မှ ၁၆ ပြည်အထိ အသုံးပြုကြသည်။

ရေဆင်းစိုက်ပျိုးရေး သုတေသန၊ ပဲမျိုးစုံဌာနစိတ်တွင် အီဂျစ်၊ ထိုင်း၊ အမေရိကန်နိုင်ငံများမှ မျိုးများတင်သွင်းမှုနှင့် ပြည်တွင်းမျိုးများ စုဆောင်း၍ မျိုးကောင်းမျိုးသန့်များ ပွားများထုတ်လုပ်ကြောင်း သိရသည်။

ရှမ်းပြည်နယ်တွင် မိုးရာသီ၌ ပဲပုပ်စိုက်ပျိုးပြီး ဩဂုတ်လ၊ စက်တင်ဘာလတို့တွင် ရိတ်သိမ်း၍ ဆီစားနေကြာ၊ ဆောင်းအာလူး၊ ကြက်သွန်ဖြူ/နီ၊ ဂျုံတို့ကို စိုက်ပျိုးနိုင်သည်။

ထို့ကြောင့် ကချင်၊ ကရင်၊ ကယား၊ ရှမ်းပြည်နယ်တို့တွင်လည်းကောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်း၊ မန္တလေး၊ မကွေးတိုင်းဒေသကြီးများတွင်လည်းကောင်း၊ အောက် မြန်မာနိုင်ငံရှိ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးများတွင်လည်းကောင်း စိုက်ပျိုးကြသည်။

**ဇာလင်းသူ**(AMIA)၊ **ဓာတ်ပုံ- ကေဇူး**(AMIA)

## မိုးသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေး အခမဲ့ထွန်ယက်ရေးအကူ ဆောင်ရွက်နေမှု မြေပြင်ကွင်းဆင်းကာ တောင်သူများနှင့်တွေ့ဆုံ

**ဝက်လက် ဇူလိုင် ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်း ၂၀၁၈ခုနှစ် ဇွန်လဆန်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နှမ်းသီးနှံစိုက်ကေများ အချိန်မီစိုက်ပျိုးနိုင်ရေး အခမဲ့ထွန်ယက်ရေးအကူဆောင်ရွက်လျက်ရှိသည့် အခြေအနေ မြေပြင်ကွင်းဆင်းစစ်ဆေးကာ တောင်သူများနှင့် တွေ့ဆုံပွဲကို ဇူလိုင် ၂၆ ရက်နေ့ နံနက် ၁၁ နာရီက ကျေးသီးကုန်းကျေးရွာ၊ တောင်သူဦးတင့်လွင် လယ်ကွင်းအနီး၌ တွေ့ဆုံခဲ့သည်။

ရှေးဦးစွာ ရွှေဘိုခရိုင် စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်သန်းက အခမဲ့ထွန်ယက်ရေးအကူ ဆောင်ရွက်နေမှုများအပေါ်တွင် တောင်သူများအနေဖြင့် အခက်အခဲရှိကတင်ပြကြရန်နှင့် မိမိအနေဖြင့် ကူညီဆောင်ရွက်ပေးရန် မြေပြင်ကွင်းဆင်းလာခဲ့ခြင်းဖြစ်ကြောင်းကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးငွေဇော်စိုးက ယခုကျေးရွာအုပ်စုသို့ မိမိဝက်လက်မြို့နယ်ရုံးမှ ထွန်စက် သုံးစီး ထွန်ယက်ရေးအကူများဆောင်ရွက်ရန် ဝန်ထမ်းများနှင့် စက်များ ယိုယွင်းမှုရှိက အချိန်မရွေးဆက်သွယ်ဆောင်ရွက်ရန်ကိုလည်းကောင်း ပြောကြားခဲ့ကြသည်။

ဝက်လက်မြို့နယ်အတွင်းရှိ နှမ်းသီးနှံပျက်စီးခဲ့သည့် ကျေးရွာ ၂၆ အုပ်စု ၄၀၁၉၅ ဧကများအပေါ် စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် အခမဲ့ထွန်ယက်ရေးအကူစက်များနှင့် ၂၀၁၈ ခုနှစ် ဇူလိုင် ၈ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂၅ ရက်အထိ ၃၅၄၂ ဧက ဆောင်ရွက်ပေးပြီးဖြစ်ကြောင်းနှင့် အခမဲ့ထွန်ယက်ရေးအကူများကို ဩဂုတ်လကုန်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ် စက်မှုလယ်ယာဦးစီးဌာန၏ ပြောကြားချက်အရ သိရသည်။ **ဥမ္မာဝင်း**

# မူဆယ်နယ်စပ် နှမ်းရောင်းစုံဈေး ယခင်နှစ်ကထက် တစ်တန်လျှင် ကျပ် တစ်သိန်းခန့် ဈေးပိုရရှိ

**ရန်ကုန် ဇူလိုင် ၂၉**
မူဆယ်နယ်စပ် နှမ်းရောင်စုံဈေးကွက်တွင် နှမ်းအမျိုးအစားအပေါ်မူတည်၍ ယခင်နှစ်ကထက် တစ်တန်လျှင် ကျပ် ၁၀၀၀၀၀ ခန့် ဈေးပိုမိုရရှိနေကြောင်း မန္တလေး- မူဆယ် နှမ်းမျိုးစုံ ကုန်သည်များက ပြောသည်။

"အရင်နှစ်ထက်စာရင် အခွံချွတ်နှမ်းတွေ ပိုတင်ပို့လာနိုင်တယ်၊ စမုံနှမ်းနက်က အရောင်းအဝယ်အသွက်ဆုံး ဖြစ်သလို ဈေးလည်း ပိုရလာတယ်၊ အခုနိုင်ငံအဝန်းမှာ မိုးနှမ်းကို မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးနဲ့ နေပြည်တော်ဘက်ကနှမ်းတွေ အဝင်များတယ်၊ တစ်လကို တန်ချိန် ၁၄၀၀ ဝန်းကျင်လောက်သွားနေတယ်"ဟု မန္တလေးမြို့ချမ်းအေးသာစံမြို့နယ်ရှိ ဇရာမြေပွဲရုံပိုင်ရှင် ဦးမြတ်ထွန်းဦးက ပြောသည်။

ယခင်နှစ် ယခုလိုအချိန်က နှမ်းဖြူ တစ်တန်လျှင် ကျပ် ၁၇ သိန်းကျော် ဈေးရှိရာမှ လက်ရှိတွင် ကျပ် ၁၈ သိန်းကျော်၊ နှမ်းညို တစ်တန်လျှင် ယခင်နှစ်က ကျပ် ၁၆ သိန်း ကျော် ဈေးမှ ယခုနှစ်တွင် ကျပ် ၁၇ သိန်းဝန်းကျင်၊ နှမ်းနက် တစ်တန်လျှင် ယခင်နှစ်က ကျပ် ၁၈ သိန်းကျော် ရှိရာမှ ယခုနှစ်တွင် ကျပ် ၁၉ သိန်းကျော် ဈေးအသီးသီးရှိနေပြီး မြန်မာ့နှမ်းရောင်စုံတင်ပို့မှုကို ၇၀ ရာခိုင်နှုန်းခန့် ဈေးကွက်ရရှိထားသည့် တရုတ်နိုင်ငံသို့ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန် ချင်းရွှေဟော်စခန်းတို့မှ တင်ပို့လျက်ရှိကြောင်း သိရသည်။

"နှမ်းစတင်ထွက်ရှိချိန်ဆိုပေမယ့် မေနဲ့ ဇွန်လလောက်က ရွာတဲ့မိုးကြောင့် နှမ်းခင်းတွေပျက်စီးခဲ့သလို တချို့ဒေသတွေမှာတော့ နှမ်းကြဲချိန် မိုးခေါင်ခဲ့လို့ အပင်ပေါက်ရောက်မှု နည်းခဲ့တော့ ဒီနှစ်အတွက်တော့ နှမ်းအထွက် လျော့နိုင်တယ်၊ ဈေးဆက်တိုက်တက်နေတာကလည်း ပစ္စည်းအဝင်နည်းပြီးတော့ ဝယ်လိုအားကောင်းနေတာကြောင့် ဖြစ်တယ်၊ မိုးနှမ်းသစ်ဖြိုင်ဖြိုင်မပေါ်သေးတော့ လက်ကျန်နည်းပါးလာသလို အခုတစ်ပတ်မှာ နှမ်းနက် သုံးတင်း တစ်အိတ်ကို ကျပ် ၁၂၅၀၀၀ နဲ့ စမုံနှမ်းနက် တစ်အိတ်ကို ကျပ် ၁၄၅၀၀၀ ရှိနေလို့ ဇွန်လကထက်စာရင် တစ်အိတ်ကို ကျပ် ၁၀၀၀၀ ကျော် ဈေးစတက်လာတယ်"ဟု မန္တလေး-မူဆယ် နှမ်းကုန်သည်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးကျော်ဇောအောင်က ပြောသည်။



ကမ္ဘာတွင် နှမ်းဈေးကွက် ဝေစုရရှိမှုအနေဖြင့် အများဆုံးတင်ပို့နေသည့် အိန္ဒိယမှ ဈေးကွက်ဝေစု၏ ၂၀ ရာခိုင်နှုန်းခန့်၊ အီသီယိုးပီးယားမှ ၁၈ ရာခိုင်နှုန်းခန့်၊ ဆူဒန်မှ ၁၁ ရာခိုင်နှုန်း၊ နိုင်ဂျီးရီးယားမှ ၈ ဒသမ ၃ ရာခိုင်နှုန်းခန့်နှင့် မြန်မာမှ ၆ ဒသမ ၄ ရာခိုင်နှုန်းခန့် ရယူထားနိုင်ပြီး ဆူဒန်၊ အီသီယိုးပီးယား၊ အာဖရိကနိုင်ငံတို့မှာ ကမ္ဘာ့နှမ်းတင်ပို့မှု၏ ၃၇ ရာခိုင်နှုန်းခန့်ကို ရယူထားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နှမ်းကို မိုးနည်းရပ်ဝန်းဒေသများဖြစ်သည့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြပြီး ကျန်ဒေသများတွင်လည်း အထိုက်အလျောက် စိုက်ပျိုးကာ နှမ်းဖြူ၊ နှမ်းနီ၊ နှမ်းညို၊ နှမ်းနက်နှင့် နှမ်းကြားဟူ၍ ခွဲခြားရောင်းဝယ်မှု ပြုလုပ်နေကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ ဆီထွက်သီးနှံများအနက် နှမ်းသည် စိုက်ဧကအများဆုံးဖြစ်ပြီး ဆီထွက်သီးနှံ စုစုပေါင်း စိုက်ဧက၏ ၅၁ ဒသမ ၃ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

**ဇာလင်းသူ**(AMIA)
**ဓာတ်ပုံ- ကေဇူး**(AMIA)

# မိတ္ထီလာမြို့နယ်အတွင်း ပထမဆုံးစမ်းသပ်စိုက်ပျိုးသည့် ကြံသီးနှံ တဲလှကျေးရွာတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**မိတ္ထီလာ ဇူလိုင် ၂၉**

မိတ္ထီလာမြို့နယ်အတွင်း ပထမဆုံးစမ်းသပ်စိုက်ပျိုးသည့် ကြံသီးနှံများကို တဲလှကျေးရွာမှ ဒေသခံတောင်သူတချို့ကစတင်စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးနည်းပညာကူညီပံ့ပိုးခြင်း၊ Action Aid Myanmar (မိတ္ထီလာ) က ငွေကြေးအရင်းအနှီးများ ပံ့ပိုးကူညီခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"မိတ္ထီလာမြို့နယ်ထဲက သံဘိုကျေးရွာအုပ်စု တဲလှကျေးရွာမှာ မြို့နယ်အတွင်း ပထမဆုံးစမ်းသပ်စိုက်ပျိုးတဲ့ ကြံသီးနှံစိုက်ခင်းတွေ ဖြစ်ထွန်းအောင်မြင်လျက်ရှိပါတယ်၊ ဒေသခံတောင်သူတွေက ကြံသီးနှံစိုက်ပျိုးချင်တဲ့ ဆန္ဒရှိတယ်ဆိုလို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြံစိုက်ပျိုးရေးနည်းပညာအကူအညီကို ကြီးကြပ်ဆောင်ရွက်ပေးပြီး Action Aid Myanmar (မိတ္ထီလာ)က ငွေကြေးအရင်းအနှီးထုတ်ချေး ပံ့ပိုးကူညီပေးတာဖြစ်ပါတယ်၊ တဲလှကျေးရွာဘက်မှာ တောင်သူ သုံးဦး စုစုပေါင်း ကြံသီးနှံစိုက်ဧက သုံးဧကဖြစ်ပြီး နေပြည်တော် စက်စက်ယိုစိုက်ခင်းကနေ ကြံမျိုးဝယ်ယူပြီး စိုက်ပျိုးတာဖြစ်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးငြိမ်းဇော်က ပြောသည်။

"စတင်စိုက်ပျိုးချိန်ကတော့ ဟုတ်မှဟုတ်ပါ့မလားလို့ ရင်တထိတ်ထိတ်နဲ့ စိုက်ပျိုးကြည့်ခဲ့တာပါ၊ အခုလို ကြံသီးနှံတွေဖြစ်ထွန်းအောင်မြင်တာတွေ့တော့လည်း စိတ်ချမ်းသာတာပေါ့ဗျာ၊ အခုဖြစ်ထွန်းအောင်မြင်နေတဲ့ ကြံသီးနှံစိုက်ခင်းကို ဇန်နဝါရီလထဲကစတင်စိုက်ပျိုးခဲ့တာ ဖြစ်ပါတယ်၊ တဲလှကျေးရွာမှာ ကျွန်တော့်လိုပဲ ကြံသီးနှံစတင်စိုက်ပျိုးတဲ့ တောင်သူနှစ်ဦး ကျွန်တော် အပါအဝင် သုံးဦး ရှိပါတယ်၊ အခုတော့ ကျွန်တော်တို့စိုက်ပျိုးတဲ့ ကြံသီးနှံတွေဖြစ်ထွန်းအောင်မြင်တာ မြင်တဲ့တခြားတောင်သူတွေကလည်း နောက်နှစ်ကျ ကြံစိုက်ကြည့်မယ်လို့ ပြောတဲ့သူတွေရှိပါတယ်" ဟု တဲလှကျေးရွာမှ ဒေသခံတောင်သူဦးတင်ဝင်းက ပြောသည်။

ကြံသီးနှံမျိုးတစ်ဧကတွင် ကြံမျိုး အနည်းဆုံး လေးတန်မှ အများဆုံး ငါးတန်အထိ စိုက်ပျိုးရလေ့ရှိပြီး ကြံသီးနှံထွက်ရှိချိန်တွင် ဖြစ်ထွန်းအောင်မြင်သည့်အပေါ်တွင် မူတည်၍ တန်ချိန် ၃၀ မှ ၄၀ ကြား ထွက်ရှိပြီး ကြံသီးနှံဈေးနှုန်းမှာ တစ်တန်လျှင် ကျပ် ၄၀၀၀၀မှ ကျပ် ၅၀၀၀၀ အထိရောင်းချရသည်။



ချမ်းသာကြံသီးနှံမှာ တစ်နှစ်ပတ်လုံးစိုက်ပျိုးရသည့်နှစ်ရှည်သီးနှံဖြစ်သည့်အတွက် မိတ္ထီလာဒေသတွင် စိုက်ပျိုးခြင်းမရှိဘဲ ယခုအခါ စိုက်ပျိုးစရိတ်အရင်းအနှီးနှင့်သီးနှံစိုက်ပျိုးထွက်ရှိမည့်အချိန်၊ ကြံသီးနှံစိုက်ပျိုးရောင်းချလျှင် ရရှိမည့် ငွေကြေးအကျိုးအမြတ်နှင့်တခြားသီးနှံများ နှစ်သီး သုံးသီး စိုက်ပျိုး၍ ရရှိမည့်ငွေကြေးအကျိုးအမြတ်များကို နှိုင်းယှဉ်ကြည့်ပြီးနောက် တဲလှကျေးရွာမှ ဒေသခံတောင်သူတချို့အနေဖြင့် ကြံသီးနှံကို စတင်စမ်းသပ်စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နာဂဒေသတွင် လှေကားထစ်စိုက်ပျိုးမြေနှင့်မြေရိုင်း ဧက ၂၅၀ ဖော်ထုတ်ပေးသွားမည်

**မုံရွာ ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန်အတွက် မြေရိုင်းဖော်ထုတ်ခြင်းနှင့် လှေကားထစ်လယ်ယာမြေများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဖော်ထုတ်ပေးနိုင်ရန်အတွက် စီစဉ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

"နာဂဒေသမှာသွားလာဖို့ ခက်ခဲတဲ့ကျေးရွာတွေကို ရွေးချယ်ဖော်ထုတ်ပေးတာပါ၊ ရွှေ့ပြောင်းတောင်ယာစိုက်တာက မြေဆီမြေနှစ်တွေ ဆုံးရှုံးတယ်၊ သစ်တောတွေပြုန်းတီးတယ်၊ သဘာဝပတ်ဝန်းကျင်တွေကို ထိခိုက်ပျက်စီးစေတယ်၊ အဲဒါတွေကို ရှောင်ရှားနိုင်ဖို့နဲ့ နှစ်စဉ်သစ်တောတွေကို ခုတ်ထွင်ရှင်းလင်းစရာမလိုဘဲ အေးအေးဆေးဆေးစိုက်ပျိုးလို့ရနိုင်မယ့် လှေကားထစ်စိုက်ခင်းတွေ၊ မြေရိုင်းဖော်ထုတ်ခြင်းတွေကို လုပ်ဆောင်ပေးတာပါ၊ လုပ်ငန်းတွေကိုတော့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ရန်ပုံငွေနဲ့ တင်ဒါစနစ်နဲ့လုပ်ဆောင်မှာပါ၊ အခုအခြေအနေမှာတော့ လုပ်ဆောင်ရမယ့်လုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ခွင့်ပြုချက်ကိုစောင့်နေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ဇင်က ပြောသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်းရှိ တိုက်ရုံကျေးရွာတွင် မြေရိုင်းဧက ၁၅၀ ဖော်ထုတ်ခြင်းနှင့် နန်းယွန်းမြို့နယ်အတွင်းရှိ ဟားဝါးအပေါ်ရွာ၊ ဟားဝါးအထက်ရွာနှင့် ဟားဝါးအောက်ကျေးရွာတို့တွင် လှေကားထစ်လယ်ယာမြေ ဧက ၁၀၀ အား ဖော်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

# စွန့်လွှတ်မြေ ၇ ဒသမ ၀၈ ဧကအား ယာယီပုံစံ (၃) ဖြင့် မူလတောင်သူများထံသို့ပေးအပ်

**မိုင်းပန် ဇူလိုင် ၂၉**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုင်းပန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နမ့်ပန်ခန်းမ၌ ယနေ့ မွန်းလွဲ ၂ နာရီက ကာကွယ်ရေးဝန်ကြီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် တပ်မြေရေိယာ ၇ ဒသမ ၀၈ ဧကအား ယာယီပုံစံ (၃) ဖြင့် မူလတောင်သူများထံသို့ ပေးအပ်သည့်အခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းဝေလင်းက အမှာစကားပြောကြားခဲ့ပြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဆိုင်ရာ မူဝါဒဆိုင်ရာများအား ထည့်သွင်းရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန အမှတ်(၃၈၅) အမြောက်တပ်မှ စွန့်လွှတ်အပ်နှံလာသည့် တပ်မြေရေိယာ ၇ ဒသမ ၀၈ ဧကအား နိုင်ငံတော်ပိုင်မြေ (State Land) အဖြစ်သတ်မှတ်ခဲ့မှုအပေါ် မူလတောင်သူများလက်ဝယ်သို့ လုပ်ကိုင်ခွင့်ရရှိရေးအတွက် မြေယာလုပ်ထုံးလုပ်နည်းနှင့်အညီ ယာယီပုံစံ (၃) အားမူလတောင်သူများ လက်ဝယ်များထံသို့ မြို့နယ်အုပ်ချုပ်ရေးမှူးက ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းပညာများနှင့်အညီ မြေလွတ်၊ မြေရိုင်းများကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးလုပ်ကိုင်ခွင့် လျှောက်ထားနိုင်ကြောင်း အသိပညာပေးဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုဆန်း (မိုင်းပန်)**

# ဒီးမော့ဆိုတွင် နွေစပါး စံပြကွက်ရိတ်သိမ်း မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

**ဒီးမော့ဆို ဇူလိုင် ၂၉**

ကယားပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဒီးမော့ဆိုမြို့နယ် ဂေါ်ရခါးကျေးရွာ တောင်သူ ဦးဒူကာပရာဆပ်၏ နွေစပါး SRI စံပြကွက် ၀ဒသမ ၁၀ ဧကစံကွက်နှင့် ဟိုဖိတ်ကျေးရွာ တောင်သူ ဦးဌေးမောင်၏ နွေစပါး SRI စံပြကွက် ရိတ်သိမ်းခြင်းနှင့် တောင်သူ ဦးပူနီဗဟာဒူး၏ မိုးစပါး SRI ၁ ဒသမ ၀၀ ဧက စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ဇူလိုင် ၂၈ ရက်တွင် ဆောင်ရွက်ပြသခဲ့ရာ ပြည်နယ်ဒုတိယဦးစီးမှူး ဦးစိုင်းသန်းအောင်က စံကွက်ရိတ်သိမ်းခြင်းနှင့် SRI စိုက်နည်းစနစ်၏ အားသာချက်များကိုလည်းကောင်း၊ လွိုင်ကော်ခရိုင် ဦးစီးမှူး ဦးကျော်ကျော်က တောင်သူများအနေဖြင့် ဌာနနှင့်အကျိုးတူပူးပေါင်း၍ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းဖြင့် နည်းပညာ၏အကျိုးကျေးဇူးများကို လည်းကောင်း၊ ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မူမူသက်က စိုက်ပျိုးနည်းစနစ်အမျိုးမျိုးနှင့် အထွက်နှုန်း၊ ပိုးမွှား/ ရောဂါကာကွယ်ခြင်းနှင့် အထွက်နှုန်းတိုးတက်ရရှိမှုတို့ကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

စံကွက်ရိတ်သိမ်းခြင်းကို တောင်သူ ဦးဒူကာပရာဆပ်၏ နွေစပါး SRI စံပြကွက်တွင် ၀ ဒသမ ၁၀ ဧကရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် အစိုတင်း ၂၃၆ ဒသမ ၉၀ နှုန်းထွက်ရှိခဲ့ပြီး တောင်သူမှ လိုအပ်သောနည်းပညာများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့၍ ယခင်ထက် အထွက်နှုန်းပိုမိုရရှိခဲ့ခြင်း၊ မျိုးဖိုးနှင့် လုပ်အားခ သက်သာခြင်း၊ ပေါင်းနုတ်၊ မြေဆီကျွေး၊ ရေသွင်း၊ ရေထုတ်လွယ်ကူခြင်း၊ ပိုးမွှား၊ ရောဂါကျရောက်မှုနည်းခြင်း၊ ပင်ပွားများများရရှိခြင်း၊ တစ်နှံပါ အောင်စေ့များခြင်းတို့ကြောင့် ဝင်ငွေပိုမိုရရှိနိုင်သဖြင့် ယနေ့ပွဲသို့ တက်ရောက်လာသော တောင်သူများအားလုံးကို ယခုစိုက်ပျိုးနည်းအား ပြောင်းလဲစိုက်ပျိုးကြရန် တိုက်တွန်းဆွေးနွေးခဲ့သည်။

စံကွက်ရိတ်သိမ်းခြင်းနှင့် မိုးစပါး SRI စိုက်ပျိုးခြင်းသရုပ်ပြပွဲကို ဒီးမော့ဆိုမြို့နယ် ဝန်ထမ်း ၂၀ နှင့် တောင်သူ ၅၀ အပါအဝင် စုစုပေါင်း ၇၀ တက်ရောက်ခဲ့သည်။

**ဒွေးမယ်နော်**

# မိုးစပါးဆင်းသုခမျိုး (SRI) စနစ် စပါးအစွမ်းရှိ စိုက်နည်းစနစ်အား တောင်သူပညာပေး လက်တွေ့စိုက်ပျိုးကွင်းသရုပ်ပြ

**ကနီ ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် မိုးစပါးဆင်းသုခမျိုး (SRI)စနစ် စပါးအစွမ်းရှိစိုက်နည်းစနစ်အား တောင်သူပညာပေး လက်တွေ့စိုက်ပျိုးကွင်း သရုပ်ပြပွဲကို ဇူလိုင် ၂၉ ရက်က ကင်းတောင်ကျေးရွာအုပ်စု ကွင်းအမှတ် ၁၄၀၉ရှိ တောင်သူ ဦးခင်မောင်ဦး၏ ၁ ဒသမ ၅ ဧက၌ စပါးအစွမ်းရှိ စိုက်နည်းစနစ်အတွက် ပျိုးသက် ၁၁ ရက်သားတွင် လက်တွေ့စိုက်ပျိုးပြသခဲ့ကြောင်း သိရသည်။

SRI ဆိုတာက ပျိုးသက်နုကောက်ကွက်ကျဲ စပါးအစွမ်းရှိ စိုက်နည်းစနစ်ဖြစ်ကြောင်း၊ စပါးတစ်ပင်ချင်း ကြိုက်နှစ်သက်သည့် မြေ၊ ရေ၊ လေ၊ အာဟာရ၊ ပတ်ဝန်းကျင် ဖန်တီးပေးခြင်းဖြင့် စပါးပင်၏ ဗီဇအစွမ်းရှိသလောက်ကြီးထွားနိုင်ကြောင်း၊ ပင်ပွားများများထွက်နိုင်ကြောင်းနှင့် အထွက်နှုန်းအမြင့်ဆုံး ရောက်ရှိနိုင်ကြောင်းနှင့် ယင်း (SRI) စိုက်နည်းစနစ်၏ လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးလှမြင့်က လက်တွေ့စိုက်ပျိုးပြပွဲ တက်ရောက်လာသော တောင်သူများအား ရှင်းလင်းပြောပြသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ ကင်းတောင်ကျေးရွာ၊ ညောင်သူမြားကျေးရွာနှင့် ထူးကျေးရွာတို့မှ စိတ်ပါဝင်စားသည့် တောင်သူများ လာရောက်လေ့လာခဲ့ကြသည်။ **သန်းဌေးအောင်(ကနီ)**



# မန္တလေးတိုင်းဒေသကြီးအတွင်း မြစ်ရေတင်စီမံကိန်းများမှ ယခုနှစ် မိုးသီးနှံ ၂၁၀၅၄ ဧကကို စိုက်ပျိုးရေပေးဝေလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၉**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေး၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံနှင့် ညောင်ဦးခရိုင်တို့၏ မြစ်ရေတင်စီမံကိန်းပေါင်း ၃၇ ခုမှ မိုးစပါး ၁၂၀၂၂ ဧကနှင့် အခြားသီးနှံ ၉၀၃၂ ဧက စုစုပေါင်း ၂၁၀၅၄ ဧကကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ စိုက်ပျိုးရေပေးဝေနိုင်သည့်အတွက် တိုင်းဒေသကြီး၏ စိုက်ပျိုးစွမ်းအားမြင့်တက်၍ စိုက်ပျိုးထုတ်ကုန်တိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးသည် အပူပိုင်း မိုးနည်းရေရှားဒေသတွင်ပါဝင်ကာ ယခင်က စိုက်ပျိုးရေးလုပ်ငန်းများအတွက် သဘာဝမိုးရေကိုသာ မှီခိုအားထား စိုက်ပျိုးခဲ့ကြပြီး ယခုအခါ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးထုတ်ကုန်များ တိုးတက်ရေးအတွက် အထောက်အကူပြုစေရန်၊ သီးထပ်၊ သီးညှပ်စိုက်စွမ်းအားများ မြှင့်မိုး၊ ဆောင်း သုံးရာသီစလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဆည်မြောင်း၊ တာတမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေဖော်ထုတ်ရေးစီမံကိန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



၂၀၁၈-၂၀၁၉ ခုနှစ် ကျောက်ဆည်ခရိုင် ထီးတော်မိုးမြစ်ရေတင်လုပ်ငန်းမှ မိုးသီးနှံရေပေးဝေနေစဉ်။

# ကရင်ပြည်နယ်၌ ရေကြီးရေလျှံမှုလျော့ကျသွားပါက စိုက်ပျိုးရေးလုပ်ငန်းထိခိုက်မှုမရှိရေး ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၉**

ကရင်ပြည်နယ်၌ မိုးအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် သံလွင်မြစ်၊ ဂျိုင်းမြစ်၊ ဟောင်သရောမြစ်၊ သောင်ရင်းမြစ်၊ လှိုင်းဘွဲ့နှင့် ချောင်းမြောင်းများ စိုးရိမ်ရေမှတ်ကျော်အထိ ရေကြီးရေလျှံမှုကြောင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများ၊ စိုက်ကွင်းများအတွင်း ရေလွှမ်းမိုးခဲ့ပြီး အိမ်ထောင်စု ၁၉၄၅ စုအတွက် ကယ်ဆယ်ရေးစခန်း ၃၇ ခု ဖွင့်လှစ်ထားရှိခဲ့ရကြောင်း၊ မိုးစပါးစိုက်ဧရိယာ ၁၁၃၆၃ ဧက ၊ မိုးအစေ့ထုတ်ပြောင်း ၁၆၇၇ ဧက၊ မိုးမြေပဲနှင့် ဟင်းသီးဟင်းရွက် စိုက်ခင်းများ ရေနစ်မြုပ်မှု ကြုံတွေ့နေရကြောင်း သိရသည်။

အဆိုပါ ရေကြီးရေလျှံမှု ကြုံတွေ့နေရသော စိုက်ခင်းများအတွက် ထိခိုက်မှုသက်သာစေရန်နှင့် အထွက်နှုန်းကျဆင်းမှု မဖြစ်ပေါ်စေရန်တို့အတွက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနက သက်ဆိုင်ရာခရိုင်၊ မြို့နယ်၊ ကျေးရွာများအလိုက် စိုက်ပျိုးရေး ပညာရှင်များက ကွင်းဆင်းကူညီဆောင်ရွက်ပေးနိုင်ရေး၊ ရေများပြန်လည်ကျဆင်းသွားပါက သီးနှံစိုက်ကွင်းများတွင် ကျရောက်တတ်သည့် ပိုးမွှားရောဂါများ ကာကွယ်နှိမ်နင်းနိုင်ရေး၊ ပျက်စီးသွားသော စိုက်ခင်းများတွင် အချိန်မီ အစားထိုးပြန်လည်စိုက်ပျိုးနိုင်ရန် အရန်မျိုးများ စုဆောင်းထားရေးနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးနိုင်ရန် ပြင်ဆင်ပြီးဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောသည်။

ကော့ကရိတ်ခရိုင်တွင် မျိုးစေ့ချစက် တစ်စီး၊ မျိုးစေ့ချကိရိယာ လေးခု၊ ဆေးဖျန်းစက် နှစ်လုံး၊ ဆေးဖျန်းပုံး ရှစ်လုံး၊ အရန်မျိုးစပါး တင်း ၅၀၀ ကိုလည်းကောင်း၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် မျိုးစေ့ချစက် တစ်စီး၊ မျိုးစေ့ချကိရိယာ နှစ်ခု၊ ဆေးဖျန်းစက် နှစ်လုံး၊ ဆေးဖျန်းပုံး တစ်လုံး၊ အရန်မျိုးစပါး တင်း ၅၀၀ ကို လည်းကောင်း၊ မြဝတီမြို့နယ်တွင် မျိုးစေ့ချကိရိယာ တစ်ခု ၊ ဆေးဖျန်းပုံး လေးလုံးကို လည်းကောင်း၊ ဘားအံမြို့နယ်တွင် မျိုးစေ့ချစက် နှစ်စီး၊ မျိုးစေ့ချကိရိယာ နှစ်ခု၊ ဆေးဖျန်းစက် တစ် လုံး၊ အရန်မျိုးစပါး တင်း ၁၀၀၀ ကို လည်းကောင်း၊ လှိုင်းဘွဲ့မြို့နယ်နှင့် ဖာပွန်မြို့နယ်တို့တွင် မျိုးစေ့ချ စက် နှစ်စီး၊ မျိုးစေ့ချကိရိယာ နှစ်ခု ၊ ဆေးဖျန်းစက် နှစ်လုံး၊ ဆေးဖျန်းပုံး လေးလုံးစီတို့ကို လည်းကောင်း၊ လှိုင်းဘွဲ့မြို့နယ် သိုလှောင်ရုံတွင် အရန်မျိုး စပါးတင်း ၁၀၀၀ ကို လည်းကောင်း သိုလှောင်ထားရှိပြီးဖြစ်ကြောင်းနှင့် ရေများပြန်လည်ကျဆင်းသွားပါက ဖြန့်ဝေကူညီမှုများ ဆောင်ရွက်ခြင်းနှင့် အတူ နည်းပညာ အကူအညီများပေးသွားရန် စီစဉ်ဆောင်ရွက်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကရင်ပြည်နယ်အတွင်း နှစ်စဉ် မိုးစပါး ဧကလေးသိန်းကျော် စိုက်ပျိုးခဲ့ကာ ယခုနှစ် မိုးစပါးရာသီအတွက် ဧကတစ်သိန်းရှစ်သောင်းကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# စစ်တောင်းမြစ်ရေ မြင့်တက်မှုကြောင့် နှမ်းစိုက်တောင်သူများ အခက်အခဲဖြစ်

**ရေတာရှည် ဇူလိုင် ၂၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အရှေ့ဘက် ခြောက်မိုင်ခန့်အကွာရှိ ကျွဲရိုင်းပြင် ကျေးရွာဝန်းကျင်၌ ဇူလိုင် ၂၆ ရက်မှ စတင်ကာ စစ်တောင်းမြစ်ရေမြင့်တက်လာသည့်အတွက် ရိတ်သိမ်းခါနီးနှင့် ရိတ်သိမ်းဆဲ နှမ်းစိုက်ခင်းများကို စက်လှေများဖြင့်လည်းကောင်း၊ လူအားဖြင့်လည်းကောင်း သယ်ယူရွှေ့ပြောင်းနေကြရကြောင်း သိရသည်။ “နှမ်းခင်းတွေက ရင့်မှည့်ကုန်ပြီ။ မြစ်ရေတက်လာတော့ ကမန်းကတန်း လုပ်ကြရတာ စက်လှေခတွေကုန်၊ လူငှားခတွေကုန်ပြီး အတော့်ကိုဒုက္ခရောက်ကြတယ်” ဟု ကျွဲရိုင်းပြင် ကျေးရွာနေ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

စစ်တောင်းမြစ်ရေသည် ကျွဲရိုင်းပြင်ကျေးရွာ အလယ်ပိုင်းတွင် သုံးပေခွဲခန့်အထိ ရောက်ရှိလာသည့်အတွက် အိမ်ထောင်စု ၂၅ စု စတင်ရွှေ့ပြောင်းရပြီဖြစ်ကြောင်း သိရသည်။ စစ်တောင်းမြစ်ကြောင်းဖြတ်သန်းစီးဆင်းရာ ကျေးရွာများအနက် ကက္ကူကျေးရွာ၊ သစ်ချဆိပ်ကျေးရွာနှင့် ကျွဲရိုင်းပြင်ကျေးရွာတို့တွင် မြစ်ရေများဝင်ရောက်လျက်ရှိပြီး လတ်တလောတွင် မြစ်ရေ ဆက်လက်မြင့်တက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# တောင်တွင်းကြီးမြို့ရှိ ရတနာပွင့်လှုကန်တော်ကြီးကန်မှ အပန်းဖြေနေရာတစ်ခု အပြင် နှစ်စဉ် မိုးစပါးဧက ၁၃၀၀ ကျော် စိုက်ပျိုးရေပေးဝေနိုင်ခဲ့

**မကွေး ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ရှိ ရတနာပွင့်လှုကန်တော်ကြီးမှ ပြီးခဲ့သည့်နှစ်က မိုးစပါး ဧက ၁၃၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန မကွေးမြို့နယ်ရုံးမှ သိရသည်။

အဆိုပါ ကန်တော်ကြီးကန်သည် တောင်တွင်းကြီးမြို့ စတင်တည်စဉ်ကတည်ရှိခဲ့သော ကန်ဖြစ်ပြီး ရှေးမင်းများလက်ထက်ကတည်းက ထိန်းသိမ်းထားသော တစ်ဖက်ရပ်ဆည်ကန်ဖြစ်သည်။ အဆိုပါကန်ကြီးသည် တောင်တွင်းကြီးမြို့၏ ရတနာ ခုနစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး အလျား ပေ ၄၄၀၀၊ ရေပြင်အကျယ် ဧရိယာ ၂၆၅ ဧက ၊ ကန်ပေါင် အကျယ် ၃၂ ပေရှိသော သံကူကွန်ကရစ်ရေပိုလွှဲနှင့် ရေထုတ်ပြွန်မှာ နှစ်ပေ ပတ်လည် တစ်ပေါက်ပါရှိကြောင်း သိရသည်။ ၁၉၅၃-၁၉၅၄ ခုနှစ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြန်လည်ပြုပြင်ထိန်းသိမ်းခဲ့ပြီး ကွမ်းခြံစု၊ သဖန်းကုန်း၊ ရွာလေးကုန်း၊ ညောင်ရွာ၊ ရွှေအိုး (၁) စသည့် ကျေးရွာများရှိ လယ်ယာဧက ၁၃၀၀ ကျော်ကို ရေပေးဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကန်တော်ကြီးကန်မှာ မိုးရွာသွန်းမှု အခြေအနေနှင့် ရေဝင်ရောက်မှုအရ ကန်ရေပြည့်အထိ ရေသိုလှောင်နိုင်ခဲ့ပြီး မြောင်းအဆုံး၊ မြောင်းအဖျားအထိ အောင်မြင်စွာ ရေပေးဝေနိုင်ခဲ့ကြောင်း၊ နှစ်စဉ် ပျမ်းမျှ မိုးစပါး ဧက ၁၃၀၀ ရေပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

ကန်တော်ကြီး၏ အရှေ့မြောက်ဘက်တွင် နိုင်ငံကျော် ရှင်ဦးဥတ္တမ၏ နတ်မိုတောရကျောင်း၊ အနောက်ဘက်တွင် မြို့နေလူထုအား ရေပေးဝေနေသည့် မြို့နယ်စည်ပင်သာယာရေး၏ စက်ရေတွင်း၊ တောင်ဘက်တွင် မြို့လယ်သို့ ဖြတ်သန်းစီးဆင်းသည့် စက်စက်ယိုချောင်းတို့ တည်ရှိကြောင်း၊ ယင်းကန်တော်ကြီးသည် မြို့၏ ကျက်သရေဆောင် အထင်ကရကန်ဖြစ်ရုံသာမက တောင်တွင်းကြီးမြို့၏ ရေတွင်းများ နွေရာသီ ရေမခန်းခြောက်အောင် ထိန်းသိမ်းပေးထားသော ကန်လည်း ဖြစ်သည့်အပြင် မြို့နေလူထု၏ ကျန်းမာရေးအတွက် လမ်းလျှောက်ခြင်းနှင့် စိတ်အပန်းဖြေစရာ နေရာတစ်ခုလည်း ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ရတနာပွင့်လှုကန်တော်ကြီး ကန်သည် စိုက်ပျိုးရေ၊ သောက်သုံးရေအပြင် အပန်းဖြေစရာ နေရာတစ်ခုဖြစ်သည့်အတွက် ဒေသအတွက်များစွာ အကျိုးရှိသည့် ကန်ကြီး တစ်ကန်ဖြစ်ကြောင်း သိရသည်။

**မောင်မွှေး**



# ကသာမြို့နယ်၌ မိုးစပါးစိုက်နိုင်ပြီ

**ကသာ ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၌ ဧရာဝတီမြစ်ရေ အတက်အကျဖြစ်နေသော်လည်း မိုးစပါးစိုက်တောင်သူများ စိုက်ပျိုးနိုင်ပြီ ဖြစ်သည်။ ယမန်နှစ် မိုးစပါးစိုက်ပျိုးစံချိန်ကို နီးကပ်လာကြောင်း သိရသည်။

ယခုနှစ် ဧရာဝတီမြစ်ရေသည် ကသာမြို့၏ သတ်မှတ် ၁၀၄၀ စင်တီမီတာအနီး တက်လိုက် ကျလိုက်ဖြစ်နေ၍ မိုးစပါးရေနစ်မည်ကို စိုးရိမ်စိတ်များလျက်ရှိကြောင်းနှင့် ကသာမြို့နယ် ၂၀၁၇ ခုနှစ်တွင် မိုးစပါးမျိုးစုံစိုက် ဧက ၇၉၅၅ ဧက ရှိခဲ့သည်။ ဇူလိုင် ၂၃ ရက်ထိ မိုးစပါးမျိုးကွဲ ၊ မြေအမျိုးအစား လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်၊ တောရိုင်းတိုး၊ သစ်တောကျူး ၊ အခြားကျူး ရေရရှိ စိုက်ဧက ၆၁၀၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သက်ဆိုင်ရာဌာန စာရင်းအရ သိရသည်။

“ဒီနှစ်လယ်စပါးစိုက်ရတာ ပျိုးကြဲပြီး မိုးမလိုက်လို့ စက်ရေတင်သွင်းရ၊ ထွန်းယက်ပျိုးချိန် ရေမရှိတော့ ချောင်းမြောင်းတွေက ရေကို ပိုက်တွေနဲ့ သွယ်တန်းယူရနဲ့ ကုန်ကျစရိတ်တွေပိုလာတယ်။ ဧရာဝတီမြစ်ရေက စိတ်ချရတဲ့အနေအထားမရှိသေးတဲ့အတွက် စပါးသီးမှည့်ချိန် နှစ်စဉ်တိုးရေမရောက်သေးလို့ နောက်မိုးကြီးရင် ဧရာဝတီမြစ်ရေမြင့်တက်လာနိုင်တဲ့ အနေအထားရှိပါတယ်” ဟု မိုးစပါးစိုက်ပျိုး တောင်သူတစ်ဦးထံမှ သိရသည်။

ထို့ပြင် ကသာမြို့နယ်တွင် ယခင်နာမည်ရှိခဲ့သော ကုလားကြီးဆန်၊ ညှော်မထဆန်တို့ကို စိုက်ပျိုးသူမရှိတော့ဘဲ ရွှေဘို ၁ ၊ ရွှေဘို ၂၊ မော်ဘီ ၃၊ ဆင်း ၃ ၊ ပုလဲသွယ်၊ ရွှေမနော်၊ ရောမင်း၊ ဗီယက်နမ် ၊ ကောက်ညှင်းတို့ကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

# ကျွန်တော်နဲ့ အဂတိတိုက်ဖျက်မှုကြေညာချက်



**ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်**

မကြာမီက ဖွဲ့စည်းခဲ့တဲ့ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက ဆက်သွယ်လာပါတယ်။ ရေးဆွဲပြုစုထားတဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ အသစ်ကို ကုန်သည်ကြီးများအသင်းမှာ ရှင်းလင်းတင်ပြလို ကြောင်း ဥက္ကဋ္ဌကြီးရဲ့ပန်ကြားချက်ကို ကြားရတော့ အလွန် ကျေနပ်မိပါတယ်။ ကျွန်တော်က ချက်ချင်းပဲ အသင်းကြီးရဲ့ ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းကို အကြောင်းကြားခဲ့တယ်။ သူက လည်း ကြိုဆိုတယ်။ ဥက္ကဋ္ဌ ဦးအောင်ကြည် တင်ပြမယ့် အကြောင်းအရာဟာ လုပ်ငန်းရှင်အားလုံးနဲ့ သက်ဆိုင်နေတာ ဖြစ်တယ်။ ဥပဒေအသစ်မှာပါတဲ့ ကျင့်ဝတ်တွေနဲ့ ပတ်သက်ပြီး ကတိကဝတ်ပြုဖို့ ပါဝင်တာမို့ ပိုပြီး အဓိပ္ပာယ်ရှိတာ။ အခုလို ကျွန်တော်က ပွဲစားလုပ်ရင်း အတွေးတစ်ခုဝင်လာတယ်။ ဟောပြောဆွေးနွေးရုံသက်သက်မဟုတ်ဘဲ ပိုပြီးလေးနက် အောင် ဘယ်လိုဆောင်ရွက်ဖို့လိုတာကို စဉ်းစားခဲ့တယ်။ နိုင်ငံတကာအတွေ့အကြုံကို သတိရပြီး ဟောပြောဆွေးနွေး ရုံသက်သက်မဟုတ်ဘဲ လက်မှတ်ထိုးပွဲလုပ်ရင် ပိုပြီးထိရောက် မယ်ဆိုတာကို တွေးမိတယ်။ ဒါနဲ့ ဥက္ကဋ္ဌကြီး နှစ်ဦးစလုံး ကို ကျွန်တော်တင်ပြခဲ့တယ်။ ဦးအောင်ကြည်က အံ့သြသွား တယ်။ သူထင်ထားတာထက် ပိုလုပ်မယ့်အစီအစဉ်ကို ကြိုဆို တယ်။ ဦးဇော်မင်းဝင်းကလည်း အခုလို လုပ်ငန်းရှင်တွေအနေ နဲ့ တိုင်းပြည်အတွက် အလွန်အရေးပါတဲ့ကိစ္စမှာ ပါဝင်ရတာ ကို ကျေနပ်တယ်။ အမှန်တော့ မြန်မာနိုင်ငံ စက်မှုလက်မှုနဲ့ ကုန်သည်ကြီးများအသင်းချုပ်ကို ကျွန်တော်အားကိုးတယ်။ လုပ်ရည်ကိုင်ရည် အပြည့်ရှိတယ်။ ကျွန်တော်အကူအညီ တောင်းတိုင်း ဆောင်ရွက်ပေးတယ်။ ကျွန်တော့်အနေနဲ့ လည်း အသင်းကြီးမှာ အကြံပေးပုဂ္ဂိုလ်အနေနဲ့ တာဝန်ယူထား တယ်။

> **“အဂတိလိုက်စားမှုဟာ တကယ်တမ်းတော့ ယဉ်ကျေးမှုတစ်ရပ်ဖြစ် တယ်။ ယဉ်ကျေးမှုလို့ ပြောရတာက အကျင့်ဖြစ်လာပြီး အရိုးစွဲလာ တာကြောင့် ဖြစ်တယ်။ အပြစ်ရယ်လို့ မမြင်တော့ဘဲ ထုံးစံတစ်ခုအနေနဲ့ ကြည့်ကြတာ။ ပမာဏအနည်းအများအပေါ် မူတည်ပြီး ခွင့်လွှတ်ကြ ပြန်တယ်။ အထူးသဖြင့် လုပ်ခလစာ နည်းပါးတာမို့ လုပ်ကြရတာပါ ဆိုပြီး စောဒကတက်ကြ”**

### အဂတိလိုက်စားမှုသည် ဆိုးရွားသည့်လက္ခဏာ

ကျွန်တော်ကလည်း ဟောပြောဆွေးနွေးပွဲနဲ့ လက်မှတ် ထိုးပွဲမှာ တင်ပြစရာတွေ တင်ပြနိုင်ဖို့ ပြင်ဆင်ခဲ့ရတယ်။ တစ်ဖက်ကလည်း ကြေညာချက်ထုတ်နိုင်ဖို့လည်း လိုအပ်တဲ့ အစီအစဉ်တွေလုပ်ခဲ့တယ်။ အခမ်းအနားကို တခမ်းတနားဖြစ် စေချင်တာ။ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အနေနဲ့ အဂတိလိုက် စားမှု တိုက်ဖျက်ရေးကို ဦးစားပေးဆောင်ရွက်ဖို့ ကြေညာပြီး လိုအပ်တဲ့ အစီအစဉ်တွေ လုပ်နေတာမို့ တစ်ဖက်တစ်လမ်း က ကူညီချင်တယ်။ သမ္မတကြီးက ဥက္ကဋ္ဌ ဦးအောင်ကြည်နဲ့ အဖွဲ့ဝင်တွေကို တွေ့ဆုံတာလည်း အလွန်အားရစရာကောင်း တဲ့ လက္ခဏာတစ်ခုဖြစ်ပါတယ်။ အဂတိလိုက်စားမှုဟာ လူ့ အဖွဲ့အစည်းတစ်ရပ်ရဲ့ ဆိုးရွားလှတဲ့ လက္ခဏာတစ်ရပ်ပါ။ ဒီကိစ္စက ညီညွတ်နားလည်မှုပေးဖို့ မသင့်ဘူးလို့ ယူဆမိတယ်။ ထိရောက်တဲ့ ပညာပေးမှုတွေလုပ်ဖို့ တစ်ဖက်ကလိုသလို တရားဥပဒေနဲ့အညီ ထိထိရောက်ရောက် အရေးယူဖို့လည်း လိုအပ်ပါတယ်။ လူ့အသိုင်းအဝိုင်းရဲ့ ရုပ်ဆိုးအကျည်းတန်တဲ့ အရာ ဖြစ်တယ်။ ခက်တာက အဂတိလိုက်စားမှု ကျူးလွန်ပြီး ချမ်းသာနေကြတဲ့သူတွေက ပြောင်ပြောင်တင်းတင်း နေထိုင် လှုပ်ရှားနေတာ တွေ့နေရတော့ စိတ်ထဲက တစ်မျိုးခံစားရတယ်။ မဟုတ်တာလုပ်ပြီး ချမ်းသာလာကြတဲ့သူတွေကလည်း ဒုနဲ့ ဒေး။ ဒါတွေကို မေ့ပစ်ရမယ်ဆိုပြန်တော့ ခက်သားလား။

နမူနာကောင်းတွေ မပြနိုင်ပြန်တော့ ပြဿနာကကြီးတာ။ တလောက မလေးရှားနိုင်ငံက ခေါင်းဆောင်နဲ့ သူ့ရဲ့မိသားစု အကြောင်း ကြားရတော့ အံ့သြစရာပါပဲ။ ရာထူးနဲ့ တန်ခိုးအာဏာ ကို အပြည့်အဝအသုံးချပြီး ကြိုက်သလိုဆောင်ရွက်ခဲ့တာ။ နိုင်ငံပိုင်ပစ္စည်းဥစ္စာတွေ ဘဏ္ဍာငွေတွေကို ကိုယ်ပိုင်ပစ္စည်း သဖွယ်သုံးပြီး စုစည်းခဲ့တာတွေက မယုံလောက်အောင်ပဲ။ လုပ်ရတိုင်း လုပ်ခဲ့ကြတဲ့ ရလဒ်တွေ။

### လုပ်ခလစာနည်းပါးတာ စောဒကတက်စရာ

အဂတိလိုက်စားမှုဟာ တကယ်တမ်းတော့ ယဉ်ကျေးမှု တစ်ရပ်ဖြစ်တယ်။ ယဉ်ကျေးမှုလို့ ပြောရတာက အကျင့်ဖြစ်လာ ပြီး အရိုးစွဲလာတာကြောင့် ဖြစ်တယ်။ အပြစ်ရယ်လို့ မမြင်တော့ ဘဲ ထုံးစံတစ်ခုအနေနဲ့ ကြည့်ကြတာ။ ပမာဏအနည်းအများ အပေါ်မူတည်ပြီး ခွင့်လွှတ်ကြပြန်တယ်။ အထူးသဖြင့် လုပ်ခ လစာနည်းပါးတာမို့ လုပ်ကြရတာပါဆိုပြီး စောဒကတက်ကြ ပြန်တယ်။ ဒီကိစ္စဟာလည်း စဉ်းစားစရာ။ အထူးသဖြင့် လစာ နည်းပါးသူတွေအတွက် စိန်ခေါ်မှုတွေက အများကြီး။ မျက်စိမှိတ်၊ မျက်ရိပ်ပြပြီး အဆင်ပြေအောင် ဆောင်ရွက်နိုင်ပြန်တော့ အကျင့် ဖြစ်နေပြန်တယ်။

ကျွန်တော်က အစိုးရဝန်ထမ်းဖြစ်ခဲ့တော့ အခက်အခဲတွေ ကို နားလည်တယ်။ သဘောပေါက်တယ်။ တစ်ခုသတိပြုရမှာက ဝန်ထမ်းတွေမှာ အပြစ်ရှိသလို နိုင်ငံရေးတာဝန်ယူတဲ့သူတွေမှာ လည်း တာဝန်ရှိတယ်။ အထူးသဖြင့် နမူနာပြနိုင်ဖို့ လိုအပ်တယ်။ အနေအထိုင်၊ အဝတ်အစား၊ အစားအသောက်၊ အပြုအမူ အစစ အရာရာ ထိန်းသိမ်းနိုင်ဖို့ လိုအပ်တယ်။ ကျွန်တော့်အမြင်တော့ ဥပဒေကို ကြပ်ကြပ်မတ်မတ် ကိုင်သင့်တယ်။ ဥပဒေမရှိတာ မဟုတ်ဘဲ ရှိတဲ့ဥပဒေကို မကြပ်မတ်နိုင်တာ။ ဒါကြောင့်လည်း တစ်ဖက်က ပြည့်စုံတဲ့ဥပဒေတွေ ထုတ်နိုင်ဖို့ လွှတ်တော်မှာ တာဝန်ရှိသလို ဒီဥပဒေကို ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ပေး နိုင်တဲ့ တရားရေးမဏ္ဍိုင်ဟာလည်း အလွန်အရေးကြီးလှပါတယ်။ အမှန်တော့ မဏ္ဍိုင်သုံးရပ်စလုံး ဟန်ချက်ညီဖို့ လိုအပ်မယ် လို့ထင်တယ်။ ဟန်ချက်မညီရင် လုပ်သမျှဟာ ထိရောက်မှာ မဟုတ်ပါဘူး။ ကြေညာချက်ထိုးမယ့်နေ့ ကျွန်တော် ကုန်သည်ကြီး များအသင်းကိုရောက်တော့ ဥက္ကဋ္ဌကြီး ဦးအောင်ကြည်နဲ့ အဖွဲ့ ဝင်နှစ်ဦးက ရောက်နှင့်နေပြီ။ ကျွန်တဲ့ဧည့်သည်တော်တွေက စုံစုံညီညီ။ ပွဲက နောက်ကွယ်က တာဝန်ယူစီစဉ်တဲ့ တွဲဖက် အတွင်းရေးမှူးက ဒေါ်ခိုင်ခိုင်နွယ်။ သူက ပွဲနဲ့ပတ်သက်ပြီး စိတ်ပူတာမို့ ကျွန်တော် မကြာခဏဆက်သွယ်ခဲ့တယ်။ နေရာ ထိုင်ခင်းကအစ နဖူးစည်းအရောင်အဆုံး။ အမှန်တော့ဒီပွဲကြီးမှာ ကုန်သည်ကြီးများအသင်းအတွက်လည်း အလွန်အရေးပါတဲ့ ပွဲဖြစ်တယ်။ အစစအရာရာ အဆင်ပြေဖို့က လိုအပ်တာ။ ပွဲမစမီ ဧည့်ခန်းထဲမှာ ထိုင်ကြရင်း စကားတွေပြောဖြစ်တယ်။ ကုန်သည် ကြီးများအသင်းနဲ့ အကြံပေးပုဂ္ဂိုလ်တွေလည်း လာရောက်ကြ တယ်။

### ကျင့်ဝတ်နဲ့ပတ်သက်ပြီး တွန်းအားပေး

ပွဲစတဲ့အချိန်မှာ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးဇော် မင်းဝင်း က အဖွင့်မိန့်ခွန်းပြောကြားခဲ့ပါတယ်။ အမှန်တော့ ဒီအသင်းကြီးဟာ မြန်မာနိုင်ငံမှာရှိတဲ့ ပုဂ္ဂလိကကဏ္ဍတစ်ခုလုံး ကို ကိုယ်စားပြုထားတဲ့အသင်း၊ ဦးဆောင်ဦးရွက်ပြုနေတဲ့ အသင်း။ ဆရာဦးဇော်မင်းဝင်း မိန့်ခွန်းပြောပြီးချိန်မှာ ဥက္ကဋ္ဌကြီး ဦးအောင်ကြည်က ပြုစုထားတဲ့ ပြုစုဆဲ အဂတိတိုက်ဖျက်ရေး ဥပဒေနဲ့ပတ်သက်ပြီး အသေးစိတ်တင်ပြပါတယ်။ ဒီဥပဒေနဲ့ နောက်ခံဥပဒေပါ အချက်အလက်တွေကို ပြီးပြည့်စုံအောင် တင်ပြခဲ့တယ်။ ဆက်လက်ပြီး ကျင့်ဝတ်တွေနဲ့ပတ်သက်ပြီး စီးပွားရေးလုပ်ငန်းရှင်တွေကို တိုက်တွန်းအားပေးခဲ့တယ်။ ဥပဒေ အသစ်မှာ၊ လုပ်ငန်းတိုင်းမှာ ကျင့်ဝတ်တွေပြုစုဖို့ လိုမှာဖြစ်ကြောင်းကိုလည်း ရှင်းပြခဲ့တယ်။ ဥပဒေသကြောင့် မဟုတ်ဘဲ ကိုယ့်ဆန္ဒအလျောက်ပြုစုပြီး ကျင့်သုံးကြဖို့ ပန်ကြားခဲ့ပါတယ်။

### ပေးတဲ့သူက မပေးရင် တစ်ဖက်ဖြေရှင်းနိုင်

ကျွန်တော့်အလှည့်ရောက်တော့ အဂတိလိုက်စားမှုကို ဆန့်ကျင်တဲ့ စီးပွားရေးလုပ်ငန်းခေါင်းစဉ်နဲ့ တင်ပြဆွေးနွေး ခဲ့ပါတယ်။ ကျွန်တော်က UNGC အဖွဲ့ဝင်ကုမ္ပဏီတွေ ကို ဖိတ်ကြားထားခဲ့တယ်။ အဖွဲ့ဝင်ကုမ္ပဏီတွေဟာ အဂတိ လိုက်စားတိုက်ဖျက်မှုနဲ့ ပတ်သက်ပြီး ကတိပြုပြီးသား ကုမ္ပဏီ တွေ ဖြစ်ကြတယ်။ ဒါကြောင့် UNGC ကို ဝင်ကြဖို့လည်း တိုက်တွန်းခဲ့ပါတယ်။ ဦးအောင်ကြည်ရဲ့တင်ပြချက်မှာ အစိုးရ ဝန်ကြီးဌာနတွေမှာ CPU လို့ ခေါ်တဲ့ အဂတိလိုက်စားမှု တားဆီးရေးအဖွဲ့ဝင် ဖွဲ့ဖို့ အစီအစဉ်ရှိကြောင်း တင်ပြသွား ခဲ့တယ်။ ဒါက ယူတဲ့သူဘက်ကကြည့်ပြီး ဆောင်ရွက်တာ။ ကျွန်တော့်အနေနဲ့က ပေးတဲ့သူတွေဘက်က လိုက်နာရတဲ့ ကိစ္စတွေကို တင်ပြခဲ့ပါတယ်။ ပေးတဲ့သူက မပေးဘူးဆိုရင် ပြဿနာကို တစ်ဖက်ဖြေရှင်းနိုင်မှာဖြစ်တယ်။ တစ်ဖက်က ယူတဲ့သူတွေက မယူတော့ဘူးဆိုရင် အမြစ်ပြတ်နိုင်မှာသာ ဖြစ်တယ်။

အခုလို ကျွန်တော်တို့သုံးဦး တင်ပြဆွေးနွေးကြပြီး ဥက္ကဋ္ဌ ဦးအောင်ကြည်ရယ်၊ သူ့ရဲ့ကော်မရှင်က အဖွဲ့ဝင် တစ်ဦးရယ် ကျွန်တော်ရယ်၊ အမေးအဖြေကဏ္ဍ လုပ်ခဲ့တယ်။ ပရိသတ် တွေက မေးခွန်းစုံ။ တချို့တွေကတော့ ထုံးစံအတိုင်း ကိုယ့် အကြောင်း ကိုယ်ဖော်ပြီး မေးခွန်းမေးတဲ့ ပုံစံနဲ့မေးကြတယ်။ ကျွန်တော်က သဘာပတိလုပ်တာမို့ တချို့မေးခွန်းတွေကို ဖြေဖို့ ဥက္ကဋ္ဌကြီးကို ပန်ကြားပြီး တချို့မေးခွန်းကိုတော့ ကော်မရှင်အဖွဲ့ဝင်တွေကို ဖြေဖို့ဆောင်ရွက်ခဲ့ပါတယ်။ တချို့ မေးခွန်းတွေကိုတော့ မဖြေခဲ့ပါဘူး။ မေးခွန်းတွေက ဟောပြော တာနဲ့ မသက်ဆိုင်ဘဲ ကိုယ်ပြောချင်တာကို တင်ပြတာမို့ ဒီလိုဆောင်ရွက်ခဲ့ရတာ အားတော့နာပေမယ့် ဒီနည်းနဲ့ ပွဲသိမ်း ခဲ့ရပါတယ်။

နောက်ဆုံးပိုင်းမှာတော့ ဥက္ကဋ္ဌတစ်ဦးက ကျင့်ဝတ်များ ဖော်ထုတ်မှုဆိုင်ရာ ကြေညာချက်ကို လက်မှတ်ရေးထိုးကြ ပါတယ်။ ကျွန်တော့်တာဝန်ရှိသူတွေက အသိသက်သေအဖြစ် ဆောင်ရွက်ခဲ့တယ်။ ပွဲပြီးချိန်မှာ ကုန်သည်ကြီးများ အသင်းက တည်ခင်းတဲ့ နေ့လယ်စာ စားကြတယ်။ စကားပြောကြတယ်။ ဆက်လက်ဆောင်ရွက်ရမယ့် ကိစ္စတွေကို ဖော်ထုတ်ခဲ့ကြ တယ်။ အခုလို ကြေညာချက်ရေးထိုးနိုင်တဲ့ ဆောင်ရွက်နိုင်ခဲ့ တာကိုလည်း ကျေနပ်မိပါတယ်။ ဂုဏ်ယူမိပါတယ်။ ။

## အကျဉ်းသူ အကျဉ်းသားများ၏ ဥပဒေနှင့်အညီ ရသင့်ရထိုက်အခွင့်အရေးများ ရရှိရေး မုံရွာအကျဉ်းထောင်၌စစ်ဆေး

**မုံရွာ ဇူလိုင် ၂၉**

ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၆၇ နှင့်အညီ ပြည်ထောင်စုတရား လွှတ်တော်ချုပ်တရားသူကြီး ဦးအောင် ဇော်သိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၄ ရက်က မုံရွာအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးကြည့်ရှုခဲ့သည်။

ယင်းသို့ စစ်ဆေးကြည့်ရှုရာတွင် မုံရွာအကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် အကျဉ်းထောင် တာဝန်ခံအရာရှိ ဦးခင်မောင်ထွန်းတို့က အကျဉ်းသူ အကျဉ်းသားများ၏ နေထိုင် စားသောက်မှုအခြေအနေ၊ ကျန်းမာရေး စောင့်ရှောက်မှုအခြေအနေ၊ သောက်သုံး ရေရရှိမှုအခြေအနေများနှင့် စာပေဗဟု သုတ လေ့လာနိုင်ရန် စာကြည့်တိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီးက ပြစ်ဒဏ် ကျခံရသူများ၏ အဆောင်များနှင့် စားဖို ဆောင်များ၌ သန့်ရှင်းစွာထားရှိမှု ရှိ မရှိ၊ ဆေးကုသနိုင်ရန် အခွင့်အရေး ရှိ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိ ခြင်း ရှိ မရှိတို့ကို စစ်ဆေးမေးမြန်းပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက် ပေးခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီးသည် ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများ ကို စစ်ဆေးပြီး တိုင်းဒေသကြီး တရား လွှတ်တော်တွင် တိုင်းဒေသကြီးတရား လွှတ်တော် တရားသူကြီးချုပ်နှင့် တရား သူကြီးများ၊ တရားရေးအရာရှိများ၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘိုခရိုင်တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများ နှင့်တွေ့ဆုံ၍ တရားစီရင်ရေးဆိုင်ရာ ကိစ္စ ရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



## ရေဘေးသင့်ဝန်ထမ်းများအား ထောက်ပံ့ငွေများပေးအပ်

**ပဲခူး ဇူလိုင် ၂၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ပဲခူးမြစ်ရေသည် စိုးရိမ်ရေမှတ် ၈၀ စင်တီမီတာထက်ကျော်လွန်၍ ပဲခူးမြို့ အေနိမ့်ပိုင်းရပ်ကွက်များတွင် ရေများဝင်ရောက်လျက်ရှိရာ ပဲခူးဘူတာရှိ ဝန်ထမ်းများ၏ နေအိမ်များ ရေနစ်မြုပ်ခဲ့ သည်။

အဆိုပါရေဘေးသင့် ဝန်ထမ်းမိသားစုများအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် တာဝန်ရှိသူများက လိုက်လံ ကြည့်ရှုအားပေးစကားပြောကြားပြီး ဝန်ထမ်းမိသားစုတစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ဝန်ထမ်း ၈၆ ဦးအတွက် ငွေကျပ် ၄၃၀၀၀၀ တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## နိုင်ငံသားစိစစ်ရေးကတ် အခမဲ့ပြုလုပ်ပေး

**ရမည်းသင်း ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီးအလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ တိုင်းဒေသကြီးပညာရေးမှူးရုံးတို့ ပူးပေါင်း၍ United Pacific Co.,Ltd. နှင့် Adavanced Myanmar Star Co.,Ltd. တို့၏ ပံ့ပိုးမှုဖြင့် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွင်း ရမည်းသင်းမြို့နယ်၌ အထက၊ အထက (ခွဲ)၊ အလက၊ အလက(ခွဲ) ကျောင်းပေါင်း ၄၃ ကျောင်းတို့ရှိ ကျောင်းသား ကျောင်းသူများအား ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်များ အခမဲ့ ပြုလုပ်ပေးလျက်ရှိရာ ထိုလိုင်အလကမှ ကျောင်းသား ကျောင်းသူ ၁၂၄ ဦးကိုလည်း နိုင်ငံသား စိစစ်ရေးကတ်များ အခမဲ့ပြုလုပ်ပေးခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဦးမိုးသိန်းထံက သိရသည်။ **နေလင်းအောင်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ဒလမြို့နယ်အတွင်းရှိ ကုန်ထုတ်လမ်းများ အဆင့်မြှင့်တင်

**ရန်ကုန် ဇူလိုင် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ ရွှေလှေချောင်ကျေးရွာအုပ်စု၊ ကွဲလူးအိုင်ကျေးရွာအုပ်စုနှင့် ညောင်ပင်ကျေးရွာအုပ်စုတို့ရှိ ကျေးရွာပေါင်း ၁၁ ရွာ၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ကောင်းမွန်စေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးရွာချင်းဆက်လမ်းနှင့် တံတားများကို တိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား) က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်ပြီး တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဒလမြို့နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျနေသော ကျေးရွာများ၏ ကုန်ထုတ်လမ်း (လယ်ယာ) များ အဆင့်မြှင့်တင်ပြီး အသုံးပြုလာနိုင်ရေး၊ ဝေးလံသော ကျေးရွာများရှိ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ ခရီးသွားလာရေး အဆင်ပြေချောမွေ့စေရေး၊ နွေ၊ မိုး၊ ဆောင်းရာသီမရွေးသွားလာနိုင်သော လမ်းနှင့် တံတားများ ဆောင်ရွက်ပေးနိုင်စေရန်နှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်များဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေများဖြင့် နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား) ဌာနစုမှူး ဦးစီးအရာရှိ ဦးမောင်မောင်လွင်က ပြောသည်။

ကျေးရွာချင်းဆက် လမ်းများနှင့် လိုအပ်လျက်ရှိသော တံတားနှစ်စင်းတို့ကို ထပ်မံဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ပါက ညောင်ပင်ကျေးရွာအုပ်စုအတွင်းရှိ ဂတ်ကျေးရွာ၊ ငဖောကျေးရွာ၊ အနိုးချောင်ကျေးရွာ စသည့်ကျေးရွာပေါင်းလေးရွာမှ ဒေသခံပြည်သူ ၁၅၀၀ ကျော်၊ ကျောင်းသား ကျောင်းသူ ၁၂၀ ကျော်နှင့် ကွဲလူးအိုင်ကျေးရွာအုပ်စုအတွင်းရှိ သာယာကုန်းကျေးရွာ၊ ချောလဲကျေးရွာ၊ ညောင်လေးပင်ကျေးရွာ စသည့်



ကျေးရွာပေါင်း လေးရွာမှ ဒေသခံပြည်သူ ၂၄၀၀ ကျော်၊ ကျောင်းသား ကျောင်းသူ ၄၆၀ ကျော်နှင့် တစ်ဆက်တည်းရှိသော ကျေးရွာများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပြီး လယ်ယာကဏ္ဍမှ ထွက်ရှိသော ကုန်ထုတ်စွမ်းအားများလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ- နိုင်လင်းကျော် (ဒလ)**

# ရေနံမထွက်တော့သည့် တွင်းဟောင်းနေရာများတွင် သီးနှံစိုက်ပျိုးနိုင်ရန် အချိန်ယူပြုပြင်ရမည်

**မကွေး ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်း ရေနံမှော်အများစု၏ ရေနံထွက်ရှိမှုမှာ ရေနံလောက ခေတ်ကောင်းစဉ်အချိန်ကနှင့် နှိုင်းယှဉ်လျှင် အဆပေါင်းများစွာ ကျဆင်းသွားခဲ့ပြီး ရေနံမထွက်တော့သည့် တွင်းဟောင်းနေရာများ ပတ်ဝန်းကျင်တွင် သီးနှံများ စိုက်ပျိုးမည်ဆိုပါက အချိန်များစွာယူ၍ ပြုပြင်ရလိမ့်မည်ဖြစ်ကြောင်း ထန်းကိုင်းရေနံမှော်ဒေသနေ တောင်သူအချို့ထံမှ သိရသည်။

ရေနံဟောင်းတွင်းတစ်တွင်း၏ ၁၅ပေ ပတ်လည်ဝန်းကျင်တွင် ရေနံများပေကျံနေသဖြင့် ရေနံ၏အခိုးအငွေ့ အပူရှိန်လက်ကျန်များ ရှိနေကြောင်း၊ ရေနံတူးရာတွင် တွင်းတစ်ခုနှင့် တစ်ခုကြား ပေ ၃၀ ခန့်သာ ဝေးကွာသဖြင့် ရေနံလုပ်ကွက်အတွင်း မြေဧက ပေါင်းများစွာမှာ သီးနှံများစိုက်ပျိုးဖြစ်ထွန်းမှု မရှိကြောင်း ဒေသခံများက ပြောသည်။

"ရေနံတွေ လုံးဝမထွက်တော့တဲ့ ရေနံတွင်းနေရာတွေကို သီးနှံစိုက်ပျိုးဖူးပါတယ်။ သီးနှံမဖြစ်ပါဘူး။ ရေနံအပူရှိန်က ပြင်းတဲ့အတွက်ကြောင့်ပါ။ ရေနံတွင်းဟောင်းနေရာတွေကို သီးနှံစိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်မယ်ဆိုရင် လေးငါးခြောက်နှစ်လောက်တော့ မြေတွေကို အစားထိုးပြုပြင်ယူရမှာဖြစ်ပါတယ်"ဟု ထန်းကိုင်းကျေးရွာမှကို မြင့်နိုင်က ပြောသည်။ ထန်းကိုင်းရေနံမှော်တွင် ၂၀၁၃ ခုနှစ်ခန့်က ရေနံတွင်းပေါင်း ၂၀၀၀ ကျော်ခန့်ရှိပြီး ယနေ့အချိန်တွင် ရေနံတွင်းများ၏ သုံးပုံနှစ်ပုံမှာ ရေနံလုံးဝမထွက်တော့ကြောင်း၊ လတ်တလော ရေနံထွက်ရှိနေသည့် တွင်းများတွင်လည်း ယခင်က တစ်ရက် ဂါလန် ၅၀ ကျော်ထွက်ရှိသည့် တွင်းမှာ တစ်ရက် နှစ်ဂါလန်ခန့်သာ ထွက်ရှိတော့ကြောင်း ရေနံအလုပ်သမားတစ်ဦးက ပြောပြသည်။



ရေနံလုပ်ကွက်များဆီမှ စိုက်ပျိုးရေးလောကသို့ ပြန်လာရေးမှာ ဒေသခံများအတွက် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အခက်အခဲများစွာရှိနေပြီး အေးအေးချမ်းချမ်း စိုက်ပျိုးထွန်ယက်၍ အသက်မွေးဝမ်းကျောင်းပြုလိုသူများရှိနေသကဲ့သို့ အခြားအဆင်ပြေရာ ရေနံမှော်များသို့ ထွက်ခွာမှုများလည်းရှိနေကြောင်း ရေနံမကျေးရွာနေ ကိုကျော်စွာဝင်းထံက သိရသည်။

**ဇေယျာတု (မကွေး)**

# စွန့်ပစ်မြေစာပုံ ပြိုကျသေဆုံးသူများ၏ မိသားစုဝင်များအား ကရုဏာကြေးနှင့် ထောက်ပံ့ငွေ ပေးအပ်

**ဖားကန့် ဇူလိုင် ၂၉**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်၌ ကျောက်မျက်တူးဖော်ရေးလုပ်ကွက်အဟောင်း စွန့်ပစ်မြေစာပုံပြိုကျမှုဖြစ်စဉ်တွင် သေဆုံးသူများ၏ ကျန်ရစ်သူမိသားစုဝင်များထံသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်နယ်ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနမှ ထောက်ပံ့ပေးအပ်လှူဒါန်းသည့် ကရုဏာကြေးငွေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အလှူရှင်များ၏ ထောက်ပံ့ငွေကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးရန်နမ်းဖုန်က ကျန်ရစ်သူမိသားစုများအား တွေ့ဆုံပေးအပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု မမုံကျေးရွာအနီး ရောရတနာကျောက်မျက်တူးဖော်ရေး လုပ်ကွက်အဟောင်း၏ ကမ်းပါးယံပြိုကျရာနေရာနှင့် သေဆုံးသူရုပ်အလောင်းများ မြှုပ်နှံသင်္ဂြိုဟ်ရာ ဖားပြင်သုသာန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး မမုံကျေးရွာ စံပြရပ်ကွက်ရှိ ဗေနေဇာဘုရားရှိခိုးကျောင်း၌ သေဆုံးသူများအတွက် ဝတ်ပြုဆုတောင်းကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်နယ်ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနမှ ထောက်ပံ့ပေးအပ်လှူဒါန်းသည့် ကရုဏာကြေး တစ်ဦးလျှင် ငွေကျပ် သုံးသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အလှူရှင်များ၏ ထောက်ပံ့ကြေး တစ်ဦးလျှင် ငွေကျပ် သုံးသိန်းတို့ကို စွန့်ပစ်မြေစာပုံပြိုကျ၍ သေဆုံးသူ ၂၇ ဦး၏ ကျန်ရစ်သူမိသားစုများအား တာဝန်ရှိသူများက ပေးအပ်ကာ ပြည်နယ်ဝန်ကြီးက မိသားစုများနှင့်ထပ်တူ ဝမ်းနည်းမိပါကြောင်း နှစ်သိမ့်စကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# မိုးညှင်းမြို့နယ်၌ တရားမဝင်သစ်ထုတ်လုပ်မှု လျှော့နည်းပပျောက်ရေး အသိပညာပေး

**မိုးညှင်း ဇူလိုင် ၂၉**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၂၉ ရက်က တရားမဝင်သစ်ထုတ်လုပ်မှု လျှော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မော်ဟန်ဘိနယ် သစ်တောတာဝန်ခံ တောအုပ် ဦးအောင်မိုးဦးက တရားမဝင်သစ်လျှော့နည်းပပျောက်ရေးနှင့် သစ်တောဥပဒေအကြောင်းအရာများကိုလည်းကောင်း၊ မိုးညှင်းမြို့နယ် သဘာဝစိမ်းလန်းစိုပြည်ဖွံ့ဖြိုးရေးအသင်း (NGDA) ဥက္ကဋ္ဌ ဦးတင်ဝယ်က ဒေသခံပြည်သူများ၏ သစ်တောတည်ထောင်ခြင်းလုပ်ငန်းများအကြောင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းများကို လည်းကောင်း၊ FLEGT (ကချင်) မှ ကော်မတီဝင် ဦးရဲဝင်းထိုက်က သစ်တောထွက်ပစ္စည်းများကို တရားမဝင်သစ်ထုတ်လုပ်မှုလျှော့ချရေး၊ တရားဝင်သစ်ထုတ်လုပ် ရောင်းချနိုင်ရေးအကြောင်းအရာများနှင့် FLEGT VPA (EU - မြန်မာနှစ်နိုင်ငံ တရားဝင်သစ်ရောင်းချနိုင်ခွင့်) အကြောင်းများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်း၊ မြို့နယ်သဘာဝစိမ်းလန်းစိုပြည်ဖွံ့ဖြိုးရေးအသင်း (NGDA) ဥက္ကဋ္ဌ၊ FLEGT (ကချင်) မှ ကော်မတီဝင်၊ မော်ဟန်ဒေသ CF အဖွဲ့ဝင်များ၊ ဒေသခံများနှင့် သဘာဝပတ်ဝန်းကျင်လေ့လာသူများ တက်ရောက်ကြကြောင်း သိရသည်။

**နီတိုး (မိုးညှင်း)**

# မုံရွာ၌ မသန်စွမ်းမှုနှင့် အခွင့်အရေးဆိုင်ရာ အမြင်ဖွင့်ဆွေးနွေး

**မုံရွာ ဇူလိုင် ၂၉**

မြန်မာနိုင်ငံ မျက်မမြင်များအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး မျက်မမြင်များအသင်းတို့ ပူးပေါင်းပြီး မသန်စွမ်းမှုနှင့် အခွင့်အရေးဆိုင်ရာ အမြင်ဖွင့်ဆွေးနွေးပွဲကို မုံရွာမြို့ ချမ်းမြဝတီရပ်ကွက် မသန်စွမ်းပရဟိတ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ဇူလိုင် ၂၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးရုံးခွဲကနေ ဦးဆောင်ပြီး ဆက်စပ်နေတဲ့ သတင်းမီဒီယာတွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့ မသန်စွမ်းသူ ညီအစ်ကို မောင်နှမတွေကို မသန်စွမ်းမှုနဲ့ပတ်သက်တဲ့ အသိပညာ ဗဟုသုတတွေ ပေးတာပါ။ မျက်မမြင်တွေကို ဘယ်လို ထိထိရောက်ရောက် ကူညီရမလဲဆိုတဲ့ အစီအစဉ်လေးလည်း ပါပါတယ်။ မြန်မာလူမျိုးတွေက ကူညီတတ်ကြတယ်။ တစ်ခါတလေမှာ အကူအညီလွဲတာလေးတွေ ရှိကြတယ်။ အကူအညီလွဲပြီး ကူညီရာမရောက်ဘဲ စိတ်သောကရောက်ရတဲ့ အပိုင်းလေးတွေ ရှိကြတယ်။ သူတို့လည်း ကူညီတဲ့အခါ အထမြောက်အောင် ဘယ်လိုမျိုးတွေနဲ့ ကူညီသင့်သလဲ၊ ဘယ်လိုနည်းလမ်းတွေက မှန်တယ်ဆိုတာကို အဓိကဝေမျှပေးတာပါ" ဟု မြန်မာနိုင်ငံ မျက်မမြင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်ယမင်းဥမ္မာက ပြောသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မျက်မမြင်များအသင်း ဗဟိုကော်မတီဝင် ဦးမောင်ချို (ရောင်ခြည်သစ်မျက်မမြင်ကျောင်း၊ မုံရွာမြို့)က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မျက်မမြင်များအသင်း၏ လုပ်ငန်းစဉ်များကို အထွေထွေအတွင်းရေးမှူးက ရှင်းလင်းပြောကြားကာ အမြင်အာရုံ မသန်စွမ်းသူများအား ထိရောက်စွာ ကူညီနိုင်မည့် နည်းလမ်းများ၊ မသန်စွမ်းမှုကို ဖြစ်ပေါ်စေသော အတားအဆီးများ၊ မသန်စွမ်းမှုဆိုင်ရာ သဘောထားအမြင်သစ်နှင့် လက်ရှိမြန်မာနိုင်ငံအတွင်း မသန်စွမ်းလူပ်ရှားမှုများဆိုင်ရာ အခြေအနေများကို မြန်မာနိုင်ငံ မျက်မမြင်များအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြကြောင်းနှင့် အခမ်းအနားသို့ တက်ရောက်လာသူများနှင့် အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မသန်စွမ်းမှုနှင့် အခွင့်အရေးဆိုင်ရာ အမြင်ဖွင့်ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ မျက်မမြင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ကိုမြင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မျက်မမြင်များအသင်း (စစ်ကိုင်းတိုင်းဒေသကြီး)မုံရွာရုံးခွဲမှ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ မသန်စွမ်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး (ဇေယျာတိုင်း)**

# “ပြန်ပေး”ရုပ်ရှင်ဇာတ်ကား ဩဂုတ် ၃ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

ရန်ကုန် ဇူလိုင် ၂၉

**မျက်ခြယ်ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးက စီစဉ်ရိုက်ကူးထုတ်လုပ်သည့် “ပြန်ပေး”ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲ ကို ယနေ့ နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ဩဂုတ် ၃ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။**



ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)



သရုပ်ဆောင် လူမင်း



သရုပ်ဆောင် ခန့်စည်သူ




သရုပ်ဆောင် ခိုင်သင်းကြည်




သရုပ်ဆောင် မိုးဟေကို

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)က ရိုက်ကူးထားခြင်းဖြစ်ပြီး လူတစ်ဦးနှင့်တစ်ဦး လိမ်လည်လှည့်ဖြားပုံ၊ မိမိကိုယ်ကိုယ် လည်လှပြီဟု ထင်နေသော်လည်း မိမိထက်လည်သောသူများ အမြဲရှိနေတတ်ပုံ၊ အပြိုင်အဆိုင် လူလည်ကျနေတတ်ပုံတို့ကို ပညာပေးသည့် အနေဖြင့် ဟာသဆန်ဆန် ရိုက်ကူးထားခြင်း ဖြစ်သည်။

ယင်း ရုပ်ရှင်ဇာတ်ကားသည် ရန်အောင်၊ လူမင်း၊ ခန့်စည်သူ၊ ခိုင်သင်းကြည်၊ မိုးဟေကိုနှင့် အခြားသော အနုပညာရှင်များစွာဖြင့် ပုံဖော်ထားသော ရယ်ရွှင်ဖွယ်ရာ ကျေးလက်သရုပ်ဖော် ဟာသဇာတ်မြူး ရုပ်ရှင်ဇာတ်ကားကြီးဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ ကိုဇော် (အာရုဏ်ဦး) က “ဒီဇာတ်ကားတော့ ဆရာကြီးသော်တာဆွေရဲ့ ဝတ္ထု အလတ်အမျိုးအစားတွေ ငါးပုဒ်လောက်ကို ဆက်စပ်ပြီး ဇာတ်အိမ်တည်ဆောက် ရိုက်ကူးထားတာပါ။ ဟာသဇာတ်ကားထဲမှာ ဇာတ်လမ်း၊ ဇာတ်ကွက်နဲ့သွားတဲ့ အမျိုးအစားပါ။ ကိုလူမင်းက ဂျင်မောင်ဖုန်း၊ အဲဒီအပေါ်မှာမှ ခန့်စည်သူက ထုံးမောင်လှ၊ ဂျင်ထက်လည်တယ်ဆိုတဲ့ သဘောပါ။ အဲဒီထက်ပိုလည်တဲ့ ကိုရန်လေးကတော့ ဖြုတ်အုပ်ကြီးပါ။ တစ်ယောက်က လုပ်တဲ့ကိစ္စကို တစ်ယောက်က ဖော်တယ်။ တစ်ယောက်က ပြန်ပြီး လိမ်တယ်။ အဲဒီလိုမျိုးတွေပါ။ ဝတ္ထုထဲမှာ ကတည်းက ကျေးလက်ဒေသကို အခြေခံပြီးရေးထားတာပါ။ ကျေးလက်ဒေသမှာ လာပြီးတော့ လိမ်တတ်တဲ့ ပုံသဏ္ဌာန်မျိုးတွေပါ။ အခုအချိန်ထိလည်း အလိမ်ခံနေရတုန်းပါပဲ။ အဲဒါလေးတွေကို နည်းနာယူလို့ရအောင် ရိုက်ကူးပေးထားတာပါ။ ပရိသတ်တွေအနေနဲ့ စိတ်အပန်းပြေဖို့အတွက် လာရောက်ပြီး ကြည့်ရှုအားပေးကြပါ” ဟု ပြောသည်။

သရုပ်ဆောင် လူမင်းက “ဇာတ်ရုပ်ပိုင်းအနေနဲ့ကတော့ ဒီဇာတ်ကားမှာ ကျွန်တော်က ဂျင်မောင်ဖုန်းပါ။ တစ်ရွာလုံးမှာ ဂျင်လိုလည်တယ်ပေါ့။ ကျွန်တော့်ကို အားကျမခံ မောင်လှဆိုတဲ့ သူကလည်း ဂျင်ပေါ်ကထုံးဖြစ်နေတဲ့ ထုံးမောင်လှပေါ့။ နောက်ဆုံး အုပ်ချုပ်ရေးမှူး(သူကြီး) ကပါ ထုံးပေါ်က ဖြုတ်ကြီးဆိုတာမျိုး အပြိုင်အဆိုင် လူလည်ကျနေကြတဲ့ ဇာတ်လမ်းမျိုးပါ။ ဒိုင်ယာလော့တွေက အစခိုင်ခိုင်မာမာရှိထားတဲ့ ဆရာကြီးသော်တာဆွေရဲ့ဝတ္ထုကြီးကို ဒါရိုက်တာ ကိုဇော်ကလည်း ကြိုးစားပမ်းစား ရိုက်ထားတယ်။ သရုပ်ဆောင်တွေကလည်း သူ့နေရာနဲ့သူ မလိုအပ်ဘဲ ပိုနေတာမျိုး မရှိဘဲနဲ့ အံဝင်ခွင်ကျ ကွက်တိတွေဖြစ်ပြီးတော့ ရယ်ရတဲ့ ဟာသဇာတ်ကားတစ်ကားပါ။ ဒါကြောင့် ပရိသတ်တွေအနေနဲ့လည်း ပျော်ရွှင်စရာ တကယ့်ဟာသအပြည့်အဝ ကြည့်ချင်တယ်ဆိုရင် ဒီ “ပြန်ပေး” ဇာတ်ကားလေးကို ကြည့်လိုက်ပါလို့ ပြောချင်ပါတယ်” ဟု ပြောသည်။

သရုပ်ဆောင် ခန့်စည်သူက “ဟာသဇာတ်ကားတွေမှာ အမြဲတမ်း ပုံစံနှစ်မျိုး ရှိတာပေါ့။ တချို့ ဟာသဇာတ်ကားတွေက ဇာတ်လမ်းနဲ့သွားတယ်။ တချို့ကျတော့ ဇာတ်ကွက်နဲ့ သွားတာပေါ့။ ဒီ “ပြန်ပေး”ဇာတ်ကားကတော့ ဇာတ်လမ်းနဲ့သွားတဲ့ ဟာသလေးပါ။ ဆရာကြီး သော်တာဆွေရဲ့ မူရင်းဝတ္ထု ရသမပျက်စီးအောင်၊ ကျွန်တော်တို့လည်း ပရိသတ်လက်ခံနိုင်မယ့် ဟာသဇာတ်ကွက်လေးတွေကို ဒါရိုက်တာရယ်၊ သရုပ်ဆောင်တွေပါ စုပေါင်းပြီး ဖန်တီးထားကြတာ ဖြစ်တဲ့အတွက် ပရိသတ်အတွက်လည်း တစ်ခုခုရသွားလိမ့်မယ်လို့ ယုံကြည်ပါတယ်” ဟု ပြောသည်။

သရုပ်ဆောင် ခိုင်သင်းကြည်က “ဒီဇာတ်ကားထဲမှာ မခိုင်က ကိုခန့်နဲ့ လင်မယားပေါ့။ ကိုယ်က ကိုယ့်ယောကျ်ားကို အနိုင်ယူတာမျိုးပါ။ တစ်ခုခုဖြစ်ရင် ရှင့်ကို မျက်လုံးနဲ့ပဲ စကားပြောမယ်ဆိုတာမျိုး ပြောထားပါတယ်။ ဒီဇာတ်ကားလေးမှာ ပါဝင်တဲ့သူတွေအကုန်လုံး နေရာလေးတွေနဲ့ လိုက်ဖက်ပါတယ်။ ဇာတ်လမ်းလေးကလည်း အကြောင်းအရာတွေများတော့ မပျင်းရပါဘူး။ အားလုံးခြုံကြည့်ရင် မခိုင်အနေနဲ့ ကြိုက်တဲ့ဇာတ်ကားပါ။ ပရိသတ်ကြီးကိုလည်း လာကြည့်ဖို့ ဖိတ်ခေါ်ပါတယ်” ဟု ပြောသည်။

သရုပ်ဆောင် မိုးဟေကို က “ဒီဇာတ်ကားမှာ အားလုံး ညီညီနှုံးနှုံးနဲ့ တိုင်ပင်ပြီး လုပ်ခဲ့ပါတယ်။ ဟာသလုပ်ရတာ ပထမတော့ ကြောက်သလိုလို၊ ရှက်သလိုလိုနဲ့ အခက်အခဲရှိခဲ့တယ်။ နောက်ပိုင်းကျတော့ ဒီဇာတ်ထဲဝင်သွားတဲ့ အခါမှာတော့ အဲဒါတွေလည်း မရှိတော့ပါဘူး။ ဒီဇာတ်ကားမှာဆိုရင် ကိုခန့်စည်သူရဲ့ ညီမနေရာကနေ ပါဝင်သရုပ်ဆောင်ထားတာပါ။ ဒီဝတ္ထု၊ ဒီဇာတ်က အခု ပြန်ကြည့်တော့လည်း Up Date တော့ဖြစ်နေသေးတယ်။ တချို့အကြောင်းအရာတွေဆိုရင်လည်း ဟောင်းသွားတာမျိုး မတွေ့ရပါဘူး။ ရယ်လည်း ရယ်ရတဲ့အတွက်ကြောင့် ပရိသတ်တွေအနေနဲ့ လာရောက်အားပေးကြပါ” ဟု ပြောသည်။



“ပြန်ပေး”ရုပ်ရှင် ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ဇာတ်လမ်းအကျဉ်းအနေဖြင့် မြေလတ်ဒေသ တံခွန်တိုင်ကျေးရွာသည် မြို့နှင့် အတန်ငယ်ဝေးပြီး ရိုးသားကြသူများက လယ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကာ နေထိုင်ကြသည်။

သို့သော် ရွာတွင်ရိုးသားသော အခြားရွာသားများအပေါ် လက်တစ်လုံးခြားပြု၍ လူလည်ကျတတ်သော မောင်ဖုန်းနှင့် မောင်လှတို့ရှိကြပြီး မောင်ဖုန်းကို ဂျင်မောင်ဖုန်းဟု လည်းကောင်း၊ မောင်လှကို ထုံးမောင်လှဟု လည်းကောင်း ခေါ်ကြ၏။ ထိုရွာတွင် ဥက္ကဋ္ဌမှာ ဦးသီလဖြစ်၍ ခွက်ပုန်း ဦးသီလဟု အများက တိုးတိုးတိတ်တိတ်ခေါ်ကြကာ မုဆိုးဖိုဖြစ်သည်။ ဦးသီလက ခြံစည်းရိုးဟူသော စားသောက်ဆိုင်ကိုဖွင့်ကာ ညီအစ်ကိုဝမ်းကွဲ ဦးသာကူးကို ဆိုင်ထိုင်စေသည်။

မောင်ဖုန်းမှာ လူပျိုလူလွတ်ဖြစ်၍ ညီဖြစ်သူ စပ်စုနှင့်အတူနေလေသည်။ သူတို့နှင့်ရင်းနှီးသော မိတ်ဆွေထေကြီးမှာ “တို့ခေတ်”ထန်းရည်ဆိုင် ပိုင်ရှင်ကြီး ဖြစ်၏။ မောင်လှမှာ အိမ်ထောင်သည်ဖြစ်ပြီး ဇနီးသည် မိမိ မှာ ကပ်စေးနည်းလွန်းသောကြောင့် နှပ်ချေးမိမိဟု အမည်တွင်၏။ မောင်လှ၏ နှမဖြစ်သူ မြတ်သဲညှာမှာ ရွာတွင် ကွမ်းတောင်ကိုင် အလှရှင်ဖြစ်၍ တစ်ရွာလုံးရှိ လူပျိုလူလွတ်များက မျက်စိကျကြ၏။ မြတ်သဲညှာက လှသည်ထက်အမူပိုလွန်းသဖြင့် လူငယ်များက မပဲများဟု နာမည်ဖျက်ခေါ်ကြသည်။

ဥက္ကဋ္ဌဖြစ်သူ ဦးသီလ က သူ၏ငုံးမွေးမြူရေးခြံကြီးမှ ငုံးများပျောက်ဆုံးနေရာ မောင်ဖုန်း၏ လက်ချက်ဟုယူဆပြီး ဖမ်းရန်စောင့်နေရာ မောင်ဖုန်းက ပညာပြသဖြင့်လည်း မခံချိမခံသာဖြစ်နေရ၏။ မောင်လှက ဦးသီလကို မြှောက်ပေးကာ ငုံးသူခိုးဖမ်းရေးမှာ သူပါ ပါဝင်သည်ဖြစ်ကြောင်းနှင့် အကြံဉာဏ်များပေးသည်။

တစ်ညသ၌ အထုပ်ကြီးထမ်းလာသော မောင်ဖုန်းကိုတွေ့သဖြင့် ဝိုင်းလိုက်ရာ မောင်ဖုန်းက ထွက်ပြေးပြီး အထုပ်ကို ရေကန်ထဲပစ်ချသည်။ ဦးသီလက ဒေါပွ၍ မောင်ဖုန်းကို ဖမ်းထားပြီး သက်သေခံအဖြစ် ရေကန်ထဲမှ အထုပ်ကို မောင်လှကို ဆင်းရှာခိုင်းသည်။ မောင်လှမှာ ရေစိုပြီး ကြွက်စုတ်ဖြစ်ကာ အအေးဒဏ်ခံရပြီးမှ အထုပ်ကိုတွေ့တော့ ဖိနပ်စုပ်များဖြစ်နေသဖြင့် အားလုံး ပက်လက်လန်သွားကြ၏။

ထိုကဲ့သို့ တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင် လူလည်ကျကာ မလိမ့်တပတ် ပြုလုပ်ခြင်းများ၊ ရွှေးကောက်ပွဲ၊ ဆုမဲတို့နှင့် ပတ်သက်၍ မဲမသာမှုများ၊ မဲအရှုပ်အရှင်းများနှင့် လူလိမ်တို့၏ လုပ်လေ့လုပ်ထရှိသော အကြောင်းအရာများ၊ လိမ်လည်မှုများကို အခြေခံကာ ကျေးလက်ဒေသ အလှအပများ၊ ဓလေ့စရိုက်များဖြင့် ရယ်ရွှင်ဖွယ်ရိုက်ကူးထားသော ဟာသဇာတ်မြူးရုပ်ရှင်ဇာတ်ကား ကောင်းတစ်ကားဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး**

**ဓာတ်ပုံ-ဖေဇော်**

# လက်ပံကုန်းကျေးရွာအနီး တံ့တေးတူးမြောင်း ကမ်းပြိုကာကွယ်ရေးနှင့် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ရန်ကုန် ဇူလိုင် ၂၉**

တံ့တေးတူးမြောင်းအတွင်း ကမ်းပြိုကာကွယ်ရေးနှင့် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများကို အပိုင်းများခွဲ၍ ဆောင်ရွက်လျက်ရှိရာ တံ့တေးတူးမြောင်း ၃ မိုင်ခွဲနှင့် လက်ပံကုန်းကျေးရွာအနီးတွင် ဆောင်ရွက်လျက်ရှိသော အပိုင်းမှာ ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

လက်ပံကုန်းကျေးရွာအနီးရှိ ကမ်းပါးပြိုခြင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှ ငွေကျပ်သန်းပေါင်း ၂၄၅၃ သန်းကို အသုံးပြုကာ အလျားပေ ၅၀၀၀ နီးပါး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှ လုပ်ငန်းစတင်ခဲ့ပြီး ဇွန် ၃၀ ရက်တွင် လုပ်ငန်းများပြီးစီးကာ တံ့တေးတူးမြောင်း အကောက်စခန်းဘက်အခြမ်းတွင် အလျားပေ ၃၀၀ ခန့် ဆက်လက်ဆောင်ရွက် ကာကွယ်ထိန်းသိမ်းရန် လိုအပ်နေသေးကြောင်း သိရသည်။

ထို့ပြင် တံ့တေးတူးမြောင်း ၃ မိုင်ခွဲနှင့် လက်ပံကုန်းကျေးရွာ ကမ်းပါးထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင်အဖြစ် တာဝန်ယူထားသူ ဦးရဲသွေးအောင်က ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် ပတ်သက်၍ “တံ့တေးတူးမြောင်း ၃ မိုင်ခွဲနားမှာ ဆက်ပြီး ကမ်းပြိုနေတဲ့နေရာတွေကို ထိန်းသိမ်းသွားဖို့ရှိပါတယ်။ နောက်တစ်ခုက ၃ မိုင်ခွဲ အကောက်စခန်းရဲ့အောက်ဘက်မှာ ကမ်းပြိုမှုရှိနေတဲ့နေရာတစ်ခုကို ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်သွားဖို့ရှိတယ်။ တံ့တေးတူးမြောင်းရဲ့ နောက်ဘက်ခြမ်း ခနောင်တိုချောင်းထဲမှာလည်း ကမ်းပြိုတဲ့နေရာတွေကို ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားဖို့ စီစဉ်နေပါတယ်” ဟု ပြောသည်။

တံ့တေးတူးမြောင်း အရှည် ၂၁ မိုင်အတွင်း လက်ပံကုန်းကျေးရွာအနီးတွင် ယခင်က ရေလမ်းကြောင်းကျဉ်းပြီး ရေတက်ရေကျရေစီးနှုန်းများချိန်တွင် ဝဲထလေ့ရှိသည်။ ထိုသို့ ဝဲထသည့်အတွက် သင်္ဘောများသွားလာ၍ မရခဲ့ပေ။ ၂၀၀၀ ပြည့်နှစ်ခန့်တွင် တစ်နှစ်ပတ်လုံး သင်္ဘောများသွားလာနိုင်ရန် တံ့တေးတူးမြောင်းအကျယ်ကို ချဲ့ထွင်ခဲ့ကြောင်း သိရသည်။ ထိုသို့ချဲ့ထွင်ပြီးနောက် ဝဲပျောက်သွားပြီး ၂၄ နာရီပတ်လုံး သင်္ဘောများသွားလာနိုင်သော်လည်း ကမ်းပြိုမှုစတင်ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ ၂၀၁၀ ပြည့်နှစ်ခန့်တွင် ကမ်းပါးထိန်းသိမ်းရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်ခန့်တွင် ပြန်လည်ယိုယွင်းလာသည့်အတွက် ၂၀၁၈ ခုနှစ်တွင် ပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တံ့တေးတူးမြောင်းအတွင်း ၃ မိုင်ခွဲအနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ၃ မိုင်ခွဲနှင့် ၇ မိုင်အကြား အခြေထိန်းလုပ်ငန်းများ၊ အောင်စေတီဘုရားအနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ တံ့တေးမြို့ရှေ့ ဂျက်တီရေကာများ၊ တံ့တေးတူးမြောင်းနှင့် တိုးမြစ်ဆုံရာအနီးတစ်ဝိုက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများခွဲ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# လားရှိုး၌ မိုးသည်းထန်စွာရွာသွန်း၊ ရပ်ကွက်များအတွင်း ရေဝင်ရောက်

**လားရှိုး ဇူလိုင် ၂၉**

လားရှိုးမြို့တွင် ယမန်နေ့ ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြို့ပေါ်ရှိ ရပ်ကွက်အများစုတွင် ရေ ကျော် ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သည်။

ထို့အပြင် ရပ်ကွက် ၁၂၊ နယ်မြေ ၁၉၊ အဝေးရာလမ်း ဟူးမွန်ဆည်သွား လမ်းတံတားကို ည ၁၁ နာရီအချိန် မိုးသည်းထန်စွာ ရွာသွန်းနေစဉ် အေဒီဗင် အမျိုးအစားယာဉ်တစ်စီး ဖြတ်မောင်းစဉ် ရေမြောင်းအတွင်း ထိုးကျသွားခဲ့ပြီး ရေစီးနှင့်အတူ မျောပါသွားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



ရေမြောင်းအတွင်းထိုးကျသည့်ယာဉ်အား ပြန်လည်ဆယ်ယူရန် ကြိုးပမ်းနေသည်ကို တွေ့ရစဉ်။

ယနေ့နံနက် ၉ နာရီခွဲခန့်တွင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းကူညီ ဆောင်ရွက်မှုဖြင့် ရေမြောင်းအတွင်းမှ အေဒီဗင်ယာဉ်ကို ကရိန်းဖြင့် ဆယ်ယူထားရှိပြီး ဖြစ်သော်လည်း ယာဉ်မောင်းအား မတွေ့ရှိသေးသဖြင့် တာဝန်ရှိသူများက ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

အေတီချောင်း ရေမြင့်တက်နေပြီး တာဝန်ရှိသူများက စောင့်ကြည့်လျက်ရှိကာ လိုအပ်သည်များကို ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိကြောင်း၊ လားရှိုးမြို့ ရပ်ကွက်နေရာအနှံ့အပြားတွင် ရေကျော်ရေနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ပြီး အမှတ် ၅ ရပ်ကွက် အထက်မန်အိုင်လမ်းသွယ် ၂၀ မှ နေအိမ်အုတ်တံတိုင်း ပေ ၆၀ ခန့် ပြိုလဲခဲ့ကြောင်း၊ ရေကန်တောင် ရေကန် အမှတ် (၁) တွင် မိုးများရွာသွန်းမှုကြောင့် ကန်ရေလျှံကာ ကန်ပေါင်ကျိုးခဲ့ကြောင်း သိရသည်။

အဆိုပါ ကန်ပေါင်ကို နယ်မြေခံတပ်မတော်သားများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးစိုးနိုင်နှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ သဲအိတ်များဖြင့် တာဖို့ခြင်းလုပ်ငန်းများ အချိန်မီ ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ ရပ်ကွက်အတွင်းရှိ လမ်းများပေါ်သို့ ရေကျော်မှုကြောင့် ကျန်ရစ်သော နွံနှုန်းများ၊ အမှိုက်များကိုလည်း ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းပူးပေါင်း သန့်ရှင်းရေးများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဘီးလင်းမြို့နယ်တွင် ရေကြီးမှုကြောင့် ဒေသခံများ ရေလွတ်ရာသို့ ပြောင်းရွှေ့

**ဘီးလင်း ဇူလိုင် ၂၉**

ဘီးလင်းမြို့နယ်တွင် ရေလွှမ်းမိုးမှုများကြောင့် မြို့ပေါ် ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စု ရှစ်အုပ်စုရှိနေအိမ်များသို့ ရေများဝင်ရောက်လာမှု၍ မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှု ကော်မတီ၏ အစီအစဉ်ဖြင့် ပြောင်းရွှေ့နေရာချထားပေးလျက်ရှိကြောင်း သိရသည်။

ဘီးလင်းမြို့နယ်တွင် ရေဘေးသင့်ပြည်သူများကို ကယ်ဆယ်ရေးစခန်း ၃၇ နေရာနှင့် နီးစပ်ရာ ဆွေမျိုးများအိမ်သို့ မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှု ကော်မတီအဖွဲ့မှ အိမ်ထောင်စု ၂၃၂၀ လူဦးရေ ၉၉၄၁ ဦးအား ပြောင်းရွှေ့နေရာချထားပေးလျက်ရှိသည်။

ထို့အပြင် သဘာဝဘေးနှင့် မြစ်ရေဝင်ရောက်မှုကြောင့် မြို့ပေါ်ရပ်ကွက်ရှိ လူ၊ တိရစ္ဆာန်များနှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဖာပွန်မြို့နယ်၌ ဒုတိယအကြိမ် ရေကြီးရေလျှံမှု ဖြစ်ပွား

**ဖာပွန် ဇူလိုင် ၂၉**

ဖာပွန်မြို့နယ်တွင် ဒုတိယအကြိမ် ရေကြီးရေလျှံမှုများ ထပ်မံဖြစ်ပွားခဲ့ရာ ရေဘေးရှောင်စခန်းများတွင် အိမ်ထောင်စုများ ထပ်မံတိုးပွားလျက်ရှိကြောင်း သိရသည်။

ဒုတိယအကြိမ် ရေမြင့်တက်လာမှုကြောင့် ဖာပွန်မြို့နယ် အမှတ်(၂)ရပ်ကွက် မကာဟဲအပိုင်း၊ ဝေ့နောင်၊ ကုလားကိုင်း၊ ရှမ်းကိုင်းနှင့် အနောက်ဘက်ကမ်း ကျေးရွာတို့တွင် အိမ်ခြေ ၂၉၆ အိမ် ရေနစ်မြုပ်ခြင်းနှင့် အမှတ်(၁)ရပ်ကွက်၊ အမှတ် (၄)ရပ်ကွက်နှင့် ကူးဆိပ်ကျေးရွာရှိ နေအိမ်များသို့ ရေများ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ အမှတ်(၂)ရက်ကွက်တွင် အိမ်ခြေ ၂၂၇ အိမ်ရှိသည့်အနက် အိမ်ခြေ ရှစ်အိမ်နှင့် မကာဟဲအပိုင်းတွင် အိမ်ခြေ ၅၁ အိမ်သို့ လည်းကောင်း၊ ဝေ့နောင်ကျေးရွာတွင် အိမ်ခြေ ၄၀ ရှိသည့်အနက် ၂၇ အိမ်သို့ လည်းကောင်း၊ ရှမ်းကိုင်းကျေးရွာတွင် အိမ်ခြေ ၅၅ ရှိ အိမ်ခြေအားလုံးသို့ လည်းကောင်း၊ ကုလားကိုင်းကျေးရွာ အိမ်ခြေ ၇၇ အိမ် နှင့် အနောက်ဘက်ကမ်းကျေးရွာတွင် အိမ်ခြေ ၁၆၀ ရှိ အိမ်ခြေများအားလုံး ရေနစ်မြုပ်လျက်ရှိကြောင်းနှင့် ဖာပွန်မြို့အမှတ်(၁)ရပ်ကွက်တွင် အိမ်ခြေ ၈၆ အိမ်ရှိသည့်အနက် ၂၀ အိမ်သို့ လည်းကောင်း၊ အမှတ်(၄)ရပ်ကွက်တွင် အိမ်ခြေ ၆၉ အိမ်ရှိသည့်အနက် ၅၄ သို့ လည်းကောင်း၊ ကူးဆိပ်ကျေးရွာတွင် ချောင်းကမ်းနားအပိုင်းရှိ အိမ်ခြေ အားလုံးသို့ ရေဝင်ရောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖာပွန်မြို့နယ်အတွင်း၌ ရေဘေးရှောင်စခန်း ၁၀ ခု ဖွင့်လှစ်ထားရှိပြီး အဆိုပါရပ်ကွက်နှင့် ကျေးရွာများရှိ ရေဘေးရှောင် စုစုပေါင်း အိမ်ထောင်စု ၃၆၉ စု လူဦးရေ ၁၇၅၈ ဦးတို့မှ သက်ဆိုင်ရာ ရေဘေးရှောင်စခန်းသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ကျန်ရှိနေသည့် ကျေးရွာများရှိ အိမ်ထောင်စုများလည်း ဆွေမျိုးများ၏ နေအိမ်သို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**




## သထုံမြို့နှင့် ဘီးလင်းမြို့အကြားတွင် ရေမကျသေးသည့်အတွက် ခရီးသွားမော်တော်ယာဉ်များနှင့် ခရီးသည်များ သုံးရက်ကြာ ပိတ်မိနေ

**သထုံ ဇူလိုင် ၂၉**

မွန်ပြည်နယ် သထုံမြို့နယ်နှင့် ဘီးလင်းမြို့နယ်ကြား ရွှေရောင်ပြလမ်းဆုံအနီးမှ ဘီးလင်းမြို့နယ် ဘီးလင်းတံတားကြားတွင် မိုးရွာသွန်းမှုလျော့နည်းသွားသော်လည်း မော်လမြိုင်အဝေးပြေးကားလမ်းမကြီးပေါ်သို့ တောင်ပေါ်ရေ ကျဆင်းမှုကြောင့် ယမန်နေ့ကထက် ရေကျော်ရေလွှမ်းမိုးမှုများ ရှိနေသေးသည့်အတွက် သထုံမြို့ဘက်ခြမ်းတွင် ခရီးသွားမော်တော်ယာဉ်များ၊ ပြည်သူများသည် ခရီးဆက်လက် မသွားနိုင်ဘဲ ယနေ့ညနေပိုင်းအထိ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်နေဆဲဖြစ်ကြောင်း သိရသည်။

အဝေးပြေးလမ်းမပေါ်တွင် ရေအနည်းငယ် ကျဆင်းသွားသော်လည်း ခရီးသွားလာမှု စိတ်ချရခြင်းမရှိသေးသောကြောင့် ကားများဖြတ်သန်းသွားလာခွင့်ကို ပိတ်ထားသောကြောင့် ရွှေရောင်ပြရှိ စက်သုံးဆီအရောင်းဆိုင်၏ အဆောက်အအုံထဲ၌ ခရီးသွားပြည်သူ ၅၀၀ ကျော်နှင့် မော်တော်ယာဉ်များ ရပ်တန့်ထားရပြီး သုံးရက်ကြာ နားခိုနေရကြောင်း၊ အစားအသောက်များကို စေတနာရှင်ပြည်သူများက လာရောက်ကူညီလှူဒါန်းကြသည့်အပြင် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးအတွက် ဝန်ဆောင်မှုများပေးကြောင်း သိရသည်။ ဒုံဝန်းကျေးရွာမှ ရေကြီးရာ ရွှေရောင်ပြလမ်းဆုံအထိ ရပ်တန့်ထားသော ကားတန်းအရှည်မှာ တစ်မိုင်ကျော်ခန့် ရှိကြောင်း သိရသည်။

**ခွန် (ဝင်းပ)**



## ဘားအံမြို့ ရေဘေးအခြေအနေအရ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**ဘားအံ ဇူလိုင် ၂၉**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း သံလွင်မြစ်ရေနှင့် ဂျိုင်းမြစ်ရေတို့မှာ ရပ်ကွက် ကျေးရွာများအတွင်း တက်ရောက်နေသည့်အတွက် ရေကြီးနစ်မြုပ်မှုများထပ်မံ ဖြစ်ပေါ်နေလျက်ရှိရာ ဇူလိုင် ၂၈ ရက်က ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ကာ ရေဘေးကယ်ဆယ်ရေးစခန်း အသစ်ဖွင့်လှစ်နေရကြောင်း သိရသည်။

ဘားအံမြို့ပေါ်နှင့် သံလွင်အနောက်ဘက်ကမ်းတို့တွင် ရေဘေးကယ်ဆယ်ရေးစခန်း ၁၂ ခုသည် ဇူလိုင် ၂၇ ရက် မွန်းလွဲပိုင်းထိ အခြေအနေမှ ညနေပိုင်းနှင့် ဇူလိုင် ၂၈ ရက်က မွန်းလွဲပိုင်းအထိ ကယ်ဆယ်ရေးစခန်း ၁၄ ခုအထိတိုင် ထပ်မံဖွင့်လှစ်ထားရကြောင်းနှင့် အိမ်ထောင်စု ၁၅၄၈ စုကျော် လူဦးရေ ၇၉၆၄ ဦးကျော်ရှိကြောင်း သိရသည်။

အဆိုပါမြစ်ရေမှာ ဆက်လက်မြင့်တက်နေပြီး မိုးလည်း အဆက်မပြတ်ရွာသွန်းကာ ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ရပ်ကွက်ကျေးရွာများမှ ရေဘေးသင့်ပြည်သူများကို နယ်မြေခံရဲစခန်းများမှ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့များ၊ လူမှုကူညီရေး အသင်းအဖွဲ့များ၊ စေတနာရှင်များက ရေဘေးလွတ်ရာနှင့် ရေဘေးစခန်းများသို့ ကူညီရွှေ့ပြောင်းပေးနေလျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ဝါဆိုပန်းခူးခြင်းဓလေ့တိမ်မြုပ်ခဲ့ပြီး ဝါဆိုလှိုင်းခုန်ပွဲဓလေ့ ဖြစ်ပေါ်လာသော ဟိုင်းကြီးကျွန်းပင်လယ်ကမ်းခြေ၌ ရေလှိုင်းစီးသူများဖြင့်စည်ကား



ဟိုင်းကြီးကျွန်းမြို့သင်္ကယ်သောင်ပင်လယ်ကမ်းခြေတွင် ဝါဆိုလှိုင်းခုန်ပွဲဆင်နွှဲနေကြသော ဒေသခံများ။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့နှင့်အနီးပတ်ဝန်းကျင် ကျေးရွာများ၌ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ကို ဝါဆိုပန်းခူးသည့်နေ့ရက်အဖြစ် သတ်မှတ်ကာ နံနက်ပိုင်းမှစ၍ ဒေသခံလူငယ်လူရွယ်များစုပေါင်းကာ ဝါဆိုလအတွင်း ဖူးပွင့်ကြသည့် တောတောင်နေရာအနှံ့မှ ပန်းများကို တပျော်တပါး လိုက်လံခူးယူကြပြီး ညနေပိုင်းတွင် ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများသို့ ဝါဆိုပန်းအဖြစ် ကပ်လှူပူဇော်ခြင်း၊ ဝါဆိုသင်္ကန်းများကပ်လှူပူဇော်ခြင်းတို့ ဆောင်ရွက်ကြသည့် ရိုးရာဓလေ့များရှိသော်လည်း ယနေ့အချိန်တွင် ဝါဆိုပန်းများ လိုက်လံခူးယူကြသည့် အလေ့အထများမှာ ပျောက်ကွယ်ခဲ့ပြီဖြစ်သည်။

ဝါဆိုပန်းများခူးယူကြသည့်အလေ့အထများ ပျောက်ကွယ်ခဲ့သော်လည်း ဝါဆိုပန်းကပ်လှူခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူခြင်းဓလေ့များမှာ ဟိုင်းကြီးကျွန်းဒေသအနှံ့ ယနေ့တိုင်ရှိနေဆဲဖြစ်သည်။ ထို့အတူ ယခင်က ဝါဆိုလပြည့်ကျော် ၁ ရက်တွင် ဝါဆိုပန်းခူးရင်း လူနည်းစုဖြင့် ပင်လယ်ရေကစားကြသည့် အလေ့အထများရှိနေခဲ့ပြီး ယခုအခါ ဒေသခံများစုပေါင်း၍ အပန်းဖြေရေလှိုင်းစီးခြင်း၊ ရေကစားခြင်းများပြုလုပ်ကြသည့် ဝါဆိုလှိုင်းခုန်ပွဲဟူသည့်အမည်နာမဖြင့် ဟိုင်းကြီးကျွန်းဒေသတွင် အလွန်စည်ကားသည့် ရိုးရာဓလေ့တစ်ခုအဖြစ် ဒေသအနှံ့ထွန်းကားလာခဲ့သည်။ ယနေ့ ဝါဆိုလပြည့်ကျော် ၁ ရက်တွင် ဟိုင်းကြီးကျွန်းမြို့ပင်လယ်ကမ်းခြေအပါအဝင် မော်တင်စွန်း၊ ပြင်ခရိုင်၊ မေဒါ အိုင်၊ သင်္ကယ်သောင် စသည့်ပင်လယ်ကမ်းခြေများ၌ ဒေသခံတစ်သောင်းခန့် အပန်းဖြေပင်လယ်ရေလှိုင်းစီးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ဟိုင်းကြီးကျွန်းမြို့(ပင်လယ်ကမ်းခြေ)**

ဟိုင်းကြီးကျွန်းမြို့တွင် အမှတ်(၁)ရပ်ကွက်ရှိ ပင်လယ်ကမ်းခြေ၌ လည်းကောင်း၊ အမှတ်(၃)ရပ်ကွက်ရှိ ပင်လယ်ကမ်းခြေတွင် လည်းကောင်း၊ ပင်လယ် ရေလှိုင်းစီးခြင်း၊ ရေကစားခြင်း၊ ဘောလုံးကန်ခြင်းများအပြင် ဟိုင်းကြီးတောင်ခြေရှိ ရေတံခွန်သို့ သွားရောက်အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိသည်။မြို့ပေါ်ရပ်ကွက် သုံးခုမှ ဒေသခံများအပါအဝင် အနီးပတ်ဝန်းကျင်ကျေးရွာများက ဒေသခံများလည်း လာရောက်အပန်းဖြေရေကစားကြပြီး ဒေသခံစုစုပေါင်း တစ်ထောင်ကျော်ခန့် လာရောက်အပန်းဖြေလျက်ရှိကြောင်းသိရသည်။ ဟိုင်းကြီးကျွန်းမြို့တွင် ဝါဆိုလှိုင်းခုန်ပွဲကို ဒေသခံများစုပေါင်း၍ ဆင်နွှဲလာခဲ့ကြသည်မှာ ယခုနှစ်တွင် ၁၀ နှစ်ကျော်ခန့်ရှိပြီဖြစ်ကြောင်း အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းသန်းက ပြောသည်။

**မော်တင်စွန်း(ပင်လယ်ကမ်းခြေ)**

ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စု မော်တင်စွန်းနှင့် မြွေတောင်ပင်လယ်ကမ်းခြေတွင် ဝါဆိုလပြည့်ကျော် ၁ ရက်၌ ဒေသခံများစုပေါင်း၍ ပင်လယ် ရေလှိုင်းစီးခြင်း၊ အပန်းဖြေရေကစားခြင်း၊ မော်တင်စွန်းစေတီတော်ကြီးအား ဖူးမြော်ကြည်ညိုကြသူများဖြင့်စည်ကားလျက်ရှိကြောင်းသိရသည်။ လှိုင်းခုန်ပွဲ အလေ့အထသည် လွန်ခဲ့သော ၁၀နှစ်ဝန်းကျင်ခန့်က စတင်ပြောင်းလဲပေါ်ပေါက်လာခြင်းဖြစ်ပြီး ယခင်က နံနက်ပိုင်းမှစ၍ တစ်နေကုန် ဝါဆိုပန်းခူးကာ ညပိုင်းတွင် ဘုရား၊စေတီပုထိုးများကို ဝါဆို ပန်းကပ်ခြင်း၊ ငါးပါးသီလဆောက်တည်ခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဆရာတော်သံဃာတော်များထံမှ တရားဓမ္မနာကြားခြင်းတို့ပြုလုပ်ခဲ့သော အစဉ်အလာ ရှိခဲ့ကြောင်း ယခုနောက်ပိုင်းတွင် ဝါဆိုပန်းခူးကြသည့် အလေ့အထများ မရှိသလောက် နည်းပါးသွားပြီဖြစ်ကြောင်း၊ သို့ရာတွင် ဝါဆိုပန်းကပ်ခြင်း၊ဝါဆိုသင်္ကန်းကပ်လှူခြင်း အလေ့အထများ ကျန်ရှိနေသေးကြောင်း၊ ဝါဆိုပန်းခူးသည့်အလေ့အထအစား ဝါဆို လှိုင်းခုန်ပွဲအမည်ဖြင့် အပန်းဖြေရေကစားကြသည့်အလေ့အထမှာ ပိုမိုအားကောင်းလာခဲ့ကြောင်း၊ နှစ်စဉ် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် မော်တင်စွန်းကမ်းခြေ၌ ဒေသခံ တစ်ထောင်ခန့် လာရောက်အပန်းဖြေရေကစားလေ့ရှိကြောင်း ဇီးချိုင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်က ပြောသည်။

**ပြင်ခရိုင်သောင်မကြီး(ပင်လယ်ကမ်းခြေ)**

ဟိုင်းကြီးကျွန်းမြို့ ပြင်ခရိုင်ကျေးရွာအုပ်စု ပြင်ခရိုင်ကျေးရွာ၏ အနီးရှိ ပင်လယ်ကမ်းခြေသောင်မကြီး၌ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် အပန်းဖြေရေလှိုင်းစီးသူများ၊ ရေကစားကြသူများဖြင့် အလွန်စည်ကားလျက်ရှိသည်။ နှစ်စဉ် ပြင်ခရိုင် သောင်မကြီး၌ ဝါဆိုလှိုင်းခုန်ပွဲသို့ လာရောက်ဆင်နွှဲကြသည့် လူဦးရေခုနစ်ထောင်မှ ရှစ်ထောင်ခန့်အထိရှိကြောင်း သိရှိရသည်။ ပြင်ခရိုင် သောင်မကြီး၌ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ပင်လယ်ရေလှိုင်းစီးကြသည့် အလေ့အထမှာ လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်ကာလကတည်းက နှစ်စဉ်ဆင်နွှဲခဲ့ကြသည့် ဓလေ့တစ်ခုဖြစ်ကြောင်း၊ ဝါဆိုပန်းခူးသည့်နေ့အဖြစ်လည်း ယနေ့တိုင် ဒေသခံများက သတ်မှတ်ထားကြဆဲဖြစ်ကြောင်း၊ ပြောင်းလဲမှုတစ်ခုအနေဖြင့် ယခင်ကဒေသခံလူငယ်လူရွယ်များ စုပေါင်း၍ ဝါဆိုပန်းများခူးယူကာ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများကို ဆက်ကပ်လှူဒါန်းကြသည့် ဓလေ့မရှိတော့ဘဲ ဝါဆိုပန်းကပ်လှူခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူခြင်းများကို ယခုတိုင် ဆောင်ရွက်နေကြဆဲဖြစ်ကြောင်း ပြင်ခရိုင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က ပြောသည်။

**မေဒါအိုင်(ပင်လယ်ကမ်းခြေ)**

ဟိုင်းကြီးကျွန်းမြို့ ဒီးဒူးကုန်းအုပ်စု မေဒါအိုင်ကျေးရွာအနီး ပင်လယ်ကမ်းခြေတွင်လည်း ဒေသခံများစုပေါင်း၍ ဝါဆိုလှိုင်းခုန်ပွဲကိုဆင်နွှဲလျက်ရှိရာ ဒေသခံ တစ်ထောင်ကျော် လာရောက်ရေကစားလျက်ရှိကြောင်း သိရှိရသည်။ ဒီးဒူးကုန်းအုပ်စု အနေဖြင့် ဝါဆိုလှိုင်းခုန်ပွဲကို ကျယ်ကျယ်ပြန့်ပြန့်ဆင်နွှဲလာခဲ့ကြသည်မှာ နှစ်ပေါင်း ၃၀ ကျော်ခဲ့ပြီဖြစ်ကြောင်း၊ ဝါဆိုပန်းခူးကြသည့်အလေ့အထများ မတွေ့ရတော့ပေမယ့်လည်း ယခုအချိန်အထိ ယင်းဒေသတွေမှာ ဝါဆိုပန်းများကပ်လှူပူဇော်ခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ခြင်း ရိုးရာဓလေ့များမှာ ဝါဆိုလှိုင်းခုန်ပွဲနှင့်အတူ ယနေ့အချိန်အထိ ရှိနေဆဲဖြစ်ကြောင်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးပိုင်ကပြောသည်။ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့၌ ဒီးဒူးကုန်းကျေးရွာအုပ်စု၏ အထင်ကရများဖြစ်သည့် သဘာဝကျောက္ကလပ်များကို လာရောက်လည်ပတ်သူများ၊ ရှင်စောပု မိဖုရားကြီး တည်ထားကိုးကွယ်ခဲ့သည့်စေတီပုထိုးများကို လာရောက်ဖူးမြော်သူများလည်း များပြားကြောင်းသိရှိရသည်။

**သင်္ကယ်သောင်(ပင်လယ်ကမ်းခြေ)**

ဟိုင်းကြီးကျွန်းမြို့သင်္ကယ်သောင်ကျေးရွာအုပ်စု သင်္ကယ်သောင်ကျေးရွာ အနီး ပင်လယ်ကမ်းခြေတွင် ဝါဆိုလှိုင်းခုန်ပွဲကို လာရောက်ဆင်နွှဲနေကြသော ဒေသခံစုစုပေါင်း တစ်ထောင်ကျော်ခန့်ရှိကြောင်းသိရှိရသည်။ ယခင်က ဝါဆိုပန်းခူးခြင်းအလေ့အထများရှိခဲ့သော်လည်း ဝါဆိုပန်းခူးရင်းပင်လယ်ရေကစားကြသည့်အလေ့အထများလည်းရှိခဲ့ကြောင်း၊ ယခုအခါ ဝါဆိုပန်းခူးကြသည့်အလေ့အထများ ပျောက်ဆုံးသွားခဲ့ပြီး ဝါဆိုလှိုင်းခုန်ပွဲဆိုသည့် အလေ့အထမှာဒေသ၏ရိုးရာဓလေ့တစ်ခုအဖြစ် ကျယ်ပြန့်လာခြင်းဖြစ်ကြောင်း သင်္ကယ်သောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးရဲလင်းထွန်းက ပြောသည်။

> “ဝါဆိုပန်းခူးကြသည့်အလေ့အထများ မတွေ့ရတော့ပေမယ့်လည်း ယခုအချိန်အထိ ဒီဒေသတွေမှာ ဝါဆိုပန်းများကပ်လှူပူဇော်ခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ခြင်း ရိုးရာဓလေ့များမှာ ဝါဆိုလှိုင်းခုန်ပွဲနှင့်အတူ ယနေ့အချိန်အထိရှိနေဆဲဖြစ်”

**လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ပေးထား**

အပန်းဖြေဝါဆိုလှိုင်းခုန်ပွဲသို့ ကျေးရွာအသီးသီးက လာရောက်ဆင်နွှဲကြသူများကို ရေဘေးအန္တရာယ်မဖြစ်ပေါ်စေရန်နှင့် လူငယ်လူရွယ်များစွာပါရှိပြီး အရက်သောက်စားပျော်ပါးမှုများရှိနေသည့်အတွက် ခိုက်ရန်ဖြစ်ပွားမှုမရှိစေရန် သက်ဆိုင်ရာ ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့များက မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးထားကြောင်း ချောင်းဝကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်မိုးက ပြောသည်။ ယခင်နှစ်က ဟိုင်းကြီးကျွန်းမြို့အမှတ်(၃)ရပ်ကွက်တွင် ရေလှိုင်းစီးနေသည့် လူငယ်နှစ်ဦး ပင်လယ်ရေနှင့်မျောပါသွားခဲ့၍ လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက အချိန်မီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ထိခိုက်မှုမဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။အပန်းဖြေရေကစားကြသူများသည် ဇူလိုင် ၂၈ ရက်နံနက်ပိုင်းမှစ၍ ပင်လယ်ကမ်းခြေများဆီသို့ တဖွဲဖွဲရောက်ရှိလာကာ စားသောက်ဖွယ်ရာ ရောင်းချသူများ၊ ဘောလုံးကန်သူများ၊ ပင်လယ် ရေလှိုင်းစီးသူများဖြင့် ပျော်ရွှင်စွာအပန်းဖြေလျက်ရှိပြီး မွန်းလွဲပိုင်းတွင် ရေကစားရာ ကမ်းခြေများဆီမှ ပြန်လည်ထွက်ခွာသွားကြပြီးနောက် ညနေပိုင်းတွင် ကျေးရွာအလိုက် ဝါဆိုပန်းများ၊ ဝါဆိုသင်္ကန်းများကို ကပ်လှူပူဇော်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ကြခြင်းမှာ ဟိုင်းကြီးကျွန်းမြို့ ပင်လယ်ကမ်းခြေကျေးရွာများ၏ ပြောင်းလဲလာသည့်ရိုးရာဓလေ့တစ်ခုပင်ဖြစ်သည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



## ဖျာပုံ၌ ဝါဆိုပန်းခူး ဆက်ကပ်လှူဒါန်းပွဲ၌ ရိုးရာလှေပြိုင်ပွဲ ထည့်သွင်းကျင်းပ

**ဖျာပုံ ဇူလိုင် ၂၉**

ဖျာပုံမြို့နယ် အပြောင်ကျေးရွာ၌ ရိုးရာဓလေ့အတိုင်း ဝါဆိုပန်းခူး ဆက်ကပ်လှူဒါန်းခြင်းနှင့် ရိုးရာလှေပြိုင်ပွဲကို ယမန်နေ့က အပြောင်ချောင်းအတွင်းတွင် ကျင်းပခဲ့သည်။

“ဒီရွာကနှစ်စဉ် ရိုးရာလှေတွေနဲ့ ရွာသူရွာသား လူငယ်တွေစုပြီး ဝါဆိုပန်းခူးတဲ့ ဓလေ့ရှိခဲ့ပါတယ်။ ဒီနှစ်မှာလည်းရွာ အစဉ်အလာမပျက်ကျင်းပတာဖြစ်ပါတယ်။ထူးခြားတာက ရိုးရာလှေလှော်ပွဲတွေ မတွေ့ရတာကြာနေတဲ့ လူငယ်တွေ၊ ရိုးရာဓလေ့တွေ မြတ်နိုးတတ်အောင် ဒီနှစ်မှာ ရိုးရာလှေပြိုင်ပွဲ ထည့်သွင်းကျင်းပရတာ ဖြစ်ပါတယ်”ဟု အပြောင်ကျေးရွာမှ ကိုလှဝင်းထိန်က ပြောသည်။

အဆိုပါ ဝါဆိုပန်းခူး ဆက်ကပ်လှူဒါန်းပွဲကို အပြောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကဦးဆောင်ပြီး ရွာသူရွာသား လူငယ်များနှင့်စိတ်ပါဝင်စားသည့် မြို့ပေါ်မှလူငယ်များ ပူးပေါင်းကာ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ မနက်အရုဏ်တက်ချိန်မှစ၍ ရိုးရာလောင်းလှေတစ်စင်း၊ ထရော်လှေလေးစင်းဖြင့် အပြောင်ကျေးရွာချောင်းအတိုင်း အပြောင်ကျေးရွာ၊ ကျုံကူကျေးရွာ ၊ ဖျာပုံတမံကျေးရွာအတွင်းရှိ ချောင်းရိုးများမှ ဝါဆိုပန်းများဆွတ်ခူးခဲ့ကြသည်။

ထို့နောက် ဖျာပုံတမံဘုန်းတော်ကြီးကျောင်း ၊အပြောင်ကျေးရွာ အောင်သိဒ္ဓိဘုန်းတော်ကြီးကျောင်း၊ ဇမ္ဗူထိန်လင်းဘုန်းတော်ကြီးကျောင်းတို့၌ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ဝါဆိုပန်းများ စုပေါင်းကပ်လှူကုသိုလ်ပြုခဲ့ကြပြီး ရိုးရာလှေပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ကြသည်။အဆိုပါ ပြိုင်ပွဲသို့ ရိုးရာလှေ အဖွဲ့ ကိုးဖွဲ့ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ရွာသူရွာသား လူငယ်များကလည်း စက်လှေ ၁၅ စင်းဖြင့် ချောင်းရိုးတစ်လျှောက်လိုက်လံ အားပေးခဲ့ကြကြောင်းသိရသည်။

**သူဇာနွယ်(ဖျာပုံ)**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

# လူမှုဖူလုံရေးအဖွဲ့

**လူမှုဖူလုံရေးအဖွဲ့လက်အောက်တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူးနေရာများ ဖြည့်စွက်ခန့်ထားနိုင်ရန် လျှောက်လွှာခေါ်ယူခြင်း**

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့တွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းစာရေး (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူးအတွက် အောက်ပါအတိုင်း ခန့်အပ်သွားမည်ဖြစ်ပါသည်-

| စဉ် | ခန့်အပ်မည့်ဌာန | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်)နေပြည်တော် | | |
| | - သတင်းအချက်အလက် နှင့်နည်းပညာဌာန | ၂၇ နေရာ | B.C.Sc/B.E(IT)/B.C.Tech/B.E(EC) ဘွဲ့ရရှိသူ(သို့မဟုတ်)တက္ကသိုလ် တစ်ခုခုမှဘွဲ့ရရှိပြီး ကွန်ပျူတာဒီပလိုမာရရှိထားသူအား ဦးစားပေးရွေးချယ်ပါမည်။ |
| | - ဆေးဌာန | ၁၅ နေရာ | B.Pharm (သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးအစိုးရအသိအမှတ်ပြုသင်တန်းများမှ ဆေးဝါးကျွမ်းကျင်/အကူသူနာပြုသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ (သို့မဟုတ်) ပြင်ပဆေးရုံ/ဆေးခန်းများတွင် လုပ်သက်အတွေ့အကြုံရှိဖူးသူအား ဦးစားပေး ရွေးချယ်ပါမည်။ |
| (ခ) | ပြည်ထောင်စုနယ်မြေ/ပြည်နယ်/တိုင်းရုံးများ | ၅၈ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ |
| | **စုစုပေါင်း** | **၁၀၀ နေရာ** | |

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ကွန်ပျူတာ အခြေခံတတ်ကျွမ်းသူဖြစ်ရမည်။
- (ဂ) ၃၁-၇-၂၀၁၈ရက်တွင် အသက်(၃၀)/ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်သူ
- (ဃ) နယ်မြေဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (င) ကျန်းမာရေးကောင်းမွန်ပြီး အကျင့်စာရိတ္တကောင်းမွန်၍ ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။
- (စ) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များ ပြည့်စုံစွာပူးတွဲပေးပို့ရမည်-
- (က) ဘွဲ့လက်မှတ်မိတ္တူ (အခြားကျွမ်းကျင်မှုဆိုင်ရာ သင်တန်းအောင်လက်မှတ်များရှိပါက မိတ္တူပူးတွဲတင်ပြရန်)
- (ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
- (ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်ပူးတွဲတင်ပြရန်။
- (ဃ) တာဝန်ကျရာ မည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ပါကြောင်း ဝန်ခံကတိပြုချက်
- (င) သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းတို့မှ(လျှောက်လွှာတင်သွင်းသည့်ရက်မတိုင်မီ ၂လအတွင်း) ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
- (စ) ကျန်းမာရေးကောင်းမွန်ကြောင်း ကျန်းမာရေးဦးစီးဌာန၏ ဆေးစစ်ချက်ပုံစံမူရင်း
- (ဆ) လွန်ခဲ့သည့် တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ လေးပုံ (၁$\frac{၁}{၂}$×၁$\frac{၃}{၄}$)လက်မ
- (ဇ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
- (ဈ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (ည) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက နိုင်ငံ့တာဝန်အားအနည်းဆုံးတစ်ဆက်တည်း (၅)နှစ်တိတိ တာဝန်ထမ်းဆောင်ပါမည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်

၄။ လျှောက်လွှာများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်လူမှုဖူလုံရေးရုံးများနှင့် ချင်းပြည်နယ်အတွက် စစ်ကိုင်းတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးနှင့် ကလေးမြို့နယ်လူမှုဖူလုံရေးရုံးတွင် အခမဲ့ရယူလျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာများကို မိမိတို့လျှောက်လွှာရယူထားသည့် တိုင်းဒေသကြီး/ပြည်နယ်လူမှုဖူလုံရေးရုံးများသို့ ၆-၈-၂၀၁၈ရက် (၁၅:၀၀)နာရီ နောက်ဆုံးထား၍ပေးပို့ရမည်ဖြစ်ပြီး၊ သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသော လျှောက်လွှာများကို လုံးဝ(လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ ရေးဖြေ/နှုတ်ဖြေစာမေးပွဲကို ၁၈-၈-၂၀၁၈ရက် နှင့် ၁၉-၈-၂၀၁၈ရက် တို့တွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

| စဉ် | ဖြေဆိုရမည့် တိုင်း/ပြည်နယ် | ရေးဖြေစာမေးပွဲ ပြုလုပ်မည့်နေရာ | ဖြေဆိုရမည့် ဘာသာရပ်များ |
|---|---|---|---|
| ၁ | နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်၊ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ် | နေပြည်တော် | အထွေထွေ ဗဟုသုတ၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာ (ရေးဖြေ/လက်တွေ့) လူတွေ့နှုတ်ဖြေ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ် | ရန်ကုန် | |

၇။ စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးလူမှုဖူလုံရေးရုံးတို့တွင် ၁၆-၈-၂၀၁၈ရက်နှင့် ၁၇-၈-၂၀၁၈ ရက်များ၌ ရုံးချိန်အတွင်း ဘွဲ့လက်မှတ်မူရင်း၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်းများဖြင့် ကိုယ်တိုင်လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။

၈။ စာမေးပွဲအောင်စာရင်း ထုတ်ပြန်မည့်ရက်ကို နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာသွားမည် ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) နေပြည်တော် ဖုန်း-၀၆၇-၃၄၃၇၉၀၃၊ ၀၆၇-၃၄၃၇၉၀၆နှင့် ပြည်နယ်/တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးများတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**လူမှုဖူလုံရေးအဖွဲ့**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

---

# နိုင်ငံပိုင်မြေနှင့်အဆောက်အအုံ၊ တိုက်ခန်းနှင့် မြေကွက်များအား ရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် လက်ဝယ်ရှိ မြေနှင့်အဆောက်အအုံ၊ တိုက်ခန်းနှင့် မြေကွက်(၁၇)ခုကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည် ဖြစ်ပါသည်။

၂။ ဝယ်ယူလိုသော Lot No တစ်ခုချင်းအလိုက် သီးခြားအဆိုပြုလွှာတစ်စောင်စီ တင်သွင်းရမည်။ သတ်မှတ်စပေါ်ငွေ P.O Cheque (Payment Order Cheque) အား တင်ဒါတင်သွင်းလွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃၁-၇-၂၀၁၈ ရက်မှ ၂၇-၈-၂၀၁၈ ရက်အထိ
**နေရာ** - ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်) စပေါ်ငွေသွင်းရမည့် တန်ဖိုးကို အဆိုပြုလွှာဝယ်ယူသည့်အခါ တစ်ပါတည်းဖော်ပြပေးပါမည်။

၄။ **တင်ဒါတင်သွင်းရမည့်အစီအစဉ်**
**P.O Cheque တင်ပြရမည့်ရက်** - ၂၈-၈-၂၀၁၈၊ ၂၉-၈-၂၀၁၈၊ ၃၀-၈-၂၀၁၈
**တင်ဒါတင်သွင်းရမည့်ရက်** - ၃၁-၈-၂၀၁၈ Lot No (၁)မှ (၁၇)အထိ နံနက် ၁၀ နာရီမှစ၍ အစဉ်လိုက်လက်ခံပါမည်။
**နေရာ** - ရုံးအမှတ်(၃၂)၊ နေပြည်တော်

၅။ ဝယ်ယူလိုသည့် မြေနှင့်အဆောက်အအုံ၊ တိုက်ခန်းနှင့်မြေကွက်တို့အား ကြော်ငြာသည့်ရက်မှစ၍ သွားရောက်ကြည့်ရှုနိုင်ပါသည်။ ဝယ်ယူရန် အဆိုပြုလွှာတင်သွင်းသည့်အချိန်တွင် ဝယ်ယူမည့်မြေနှင့်အဆောက်အအုံ၊ တိုက်ခန်းနှင့်မြေကွက်အား ကြည့်ရှုစစ်ဆေးပြီးဖြစ်ကြောင်း ဝန်ခံချက်ဖြင့် ပူးတွဲတင်ပြရပါမည်။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၆၃၃၉ နှင့် ၀၆၇-၄၀၆၁၈၅ တို့ကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ website http:// www.mopf.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

| Lot No | လုပ်ငန်းအမည် | မြေဧရိယာ ဧက |
|---|---|---|
| ၁ | ၂ | ၃ |
| | **မန္တလေးတိုင်းဒေသကြီး (၁)ခု မြေကွက် (၁)ကွက်** | |
| ၁ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၁)ရပ်ကွက်၊ အောင်ရတနာလမ်း၊ (၆၇×၆၈)ကြား၊ သိပ္ပံလမ်းနှင့် မိုးသောက်ပန်းလမ်းကြား၊ အကွက်အမှတ်(မ-၂၄)၊ ဦးပိုင်အမှတ် (၁-ဟ)ရှိ မြေကွက် | ၀.၃၀၃၇ |
| | **ရန်ကုန်တိုင်းဒေသကြီး (၁၂)ခု မြေနှင့်အဆောက်အအုံ (၄)ခု** | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၈)ရပ်ကွက်၊ အမှတ်-၁၆/၆၁၀(ခ)၊ ဆရာစံလမ်းရှိ မြေနှင့်အဆောက်အအုံ | ၂၀'×၆၀' |
| ၃ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ အမှတ်-၃၄/၁၂၀၇(က)၊ ရွှေတလေးလမ်းရှိ မြေနှင့်အဆောက်အအုံ | ၂၀'×၆၀' |
| ၄ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ အမှတ်-၃၄/၁၃၄၀(ခ)၊ ရွှေပေဖူးလွှာလမ်းရှိ မြေနှင့်အဆောက်အအုံ | ၂၀'×၆၀' |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ အမှတ်-၃၄/၁၄၇၆(က)၊ ရွှေမင်းဝံလမ်းရှိ မြေနှင့်အဆောက်အအုံ | ၂၀'×၆၀' |
| | **မြေမပါ အဆောက်အအုံသာရောင်းချခြင်း** | |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၃)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၉၇/ခ)၊ ဒေါင်းမင်းကုမ္ပဏီပိုင်ရုံးခန်းဖွင့်လှစ်ထားသော (၂)ထပ်တိုက် (၁)လုံးနှင့် တစ်ဆက်တည်း (၁)ထပ်ပေါ်တီခို(၁)ခု | - |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၃)ရပ်ကွက်၊ အောင်ဇေယျလမ်း အမှတ်(၉၇/ခ)၊ ဒေါင်းမင်းကုမ္ပဏီပိုင်ရုံးခန်းဖွင့်လှစ်ထားသော (၁)ထပ်တိုက် (၁)လုံး | - |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၃)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၉၇/ခ)၊ ဒေါင်းမင်းကုမ္ပဏီပိုင်အလိုင်းမင်းချိန်စက်လုပ်ငန်းလုပ်ကိုင်သော (၂)ထပ်တိုက် (၁)လုံး | - |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၃)ရပ်ကွက်၊ အောင်ဇေယျလမ်း အမှတ်(၉၇/ခ)၊ ဒေါင်းမင်းကုမ္ပဏီပိုင်ရုံးခန်း ဖွင့်လှစ်ထားသော (၂)ထပ်တိုက် (၁)လုံး | - |
| | **မြေကွက် (၄)ကွက်** | |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၈၉)ရပ်ကွက်၊ ကနောင်လမ်းသွယ်၊ စက်မှုဇုန်(၁)၊ အမှတ်(၁၉၈/၅)ရှိ မြေကွက် | ၁.၅၀၂ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ အမှတ်-၁၇၂၁ (က)၊ မဟာဆွေလမ်းရှိမြေကွက် | ၂၀'×၆၀' |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ အမှတ်-၁၇/၁၇၄၄ (က)၊ ဗိုလ်ရန်အောင်လမ်းရှိမြေကွက် | ၂၀'×၆၀' |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ အမှတ်-၁၇/၁၈၇၈ (က)၊ ပေဖူးလွှာလမ်းရှိ မြေကွက် | ၂၀'×၆၀' |
| | **ရှမ်းပြည်နယ် (၄)ခု မြေနှင့်အဆောက်အအုံ (၃)ခု** | |
| ၁၄ | ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ နယ်မြေ(၇)၊ ရပ်ကွက်(၅)၊ ကွင်းအမှတ်-ပန်အုပ်ကျောင်း အရှေ့တောင်ကွက်၊ ဦးပိုင်အမှတ် (၂၄၅၊ ၂၄၆၊ ၂၄၇)ရှိ မြေနှင့် အဆောက်အအုံ | ၀.၂၅၄ |
| ၁၅ | ရှမ်းပြည်နယ်၊ လောက်ကိုင်မြို့၊ ထင်ပါကျိုင်းအုပ်စု၊ ရင်စင်းကျေးရွာရှိ မြေနှင့်အဆောက်အအုံ | ၁.၂၁ |
| ၁၆ | ရှမ်းပြည်နယ်၊ လောက်ကိုင်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၁၇)၊ မြေကွက်အမှတ် (၁၇/ဆွမ်းဖုန်းချိန်)၊ ဦးပိုင်အမှတ်(၈၅)ရှိ မြေနှင့်ရင်ဖုန်းဟိုတယ် | ၁.၉၄၂ |
| | **မြေကွက် (၁)ကွက်** | |
| ၁၇ | ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ အကွက်အမှတ် (မန်အိုင်အရှေ့တိုးချဲ့ကွင်း)၊ နယ်မြေ(၁၃)၊ ဦးပိုင်အမှတ်(၂၅၂)ရှိ မြေကွက် | ၀.၀၈၂ |

---

**THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR**
**MINISTRY OF ELECTRICITY AND ENERGY**
**NATIONAL ELECTRIFICATION PROJECT**
**Invitation for Bids**

**Date:** 29th July, 2018

**SPECIFIC PROCUREMENT NOTICE**

IDA Credit No. : 5727-MM

**Contract Title: Concrete Poles for National Electrification Project**

**Reference No.:** C1-G11

1. The Ministry of Electricity and Energy has received financing from the World Bank towards the cost of the National Electrification Project, and intends to apply part of the proceeds towards payments under the contract for Concrete Poles for National Electrification Project.

2. The Ministry of Electricity and Energy now invites sealed bids from eligible bidders for supply of concrete pole 10 meter and 12 meter, for the total quantities of 138,212 poles to be delivered in calendar year 2018 and 2019 to multiple destinations in all Regions and States of Myanmar. Domestic preference with the margin of 15% will apply. The goods will be grouped into 12 lots and bidders may submit bid for any one or more lots.

3. For quick reference, some of the key qualification requirements include:
   - Minimum average annual turnover (or annual sales volume) shall be 75% of the bid price in over the last two years per each lot. In case of a bidder bidding for multiple lots, the minimum average annual turnover requirement of those multiple lots will be cumulatively applicable.
   - The Bidder should have past experience of having satisfactorily completed during the last 5 years, at least one contract for supply of similar goods; with the value of such contract not less than 50 % of the Bid Price for the offered goods.
   - More information is included in the bidding documents.

4. Bidding will be conducted through the International Competitive Bidding procedures as specified in the World Bank's Guidelines: Procurement of Goods, Works and Non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers [edition of January 2011 revised in July 2014] ("Procurement Guidelines"), and is open to all eligible bidders as defined in the Procurement Guidelines. In addition, please refer to the paragraphs 1.6 and 1.7 setting for the World Bank's policy on conflict of interest.

5. Interested eligible bidders may obtain further information from Project Manager, Project Management Office, Office No.53, Ministry of Electricity and Energy, **email : nep.pmomoep@gmail.com** , **telephone : +95 67 3431176** and inspect the bidding documents during office hours 10:00 to 16:00 hours Myanmar time.

6. A complete set of bidding documents in English may be obtained free of charge by interested eligible bidders upon the submission of a written application to the address below. The Bidding Documents will be issued through email only.

In case of any difficulty in obtaining the bidding documents, interested parties may contact in writing:

Director General, Department of Electric Power Planning
Office No(27), Ministry of Electricity and Energy

| | | |
|---|---|---|
| City | : | Nay Pyi Taw |
| Country | : | The Republic of the Union of Myanmar |
| Email | : | nep.pmomoep@gmail.com |
| Telephone | : | +95 67 3410480 |
| Facsimile | : | +95 67 3410480 |
| Web site | : | http://www.moee.gov.mm |

7. Bids must be delivered to the address below on or before **11st September, 2018**, 10:00 hrs (10:00 am) Myanmar time. Electronic bidding will not be permitted. Late bids will be rejected. Bids will be publicly opened in the presence of the bidders' designated representatives at the address below on **11st September, 2018**, 10:00 hrs (10:00 am) Myanmar time.

8. All bids must be accompanied by a Bid-Securing Declaration as stated in ITB 19.1 Bid Data Sheet of the bidding document.

9. The address referred to above is:

| | | |
|---|---|---|
| Attention | : | Director General Office, Department of Electric Power Planning Office No (27), Ministry of Electricity and Energy, Nay Pyi Taw The Republic of the Union of Myanmar |
| Place | : | Office No. 27, Ground Floor, Meeting Room, Ministry of Electricity and Energy |

---

**အမည်ပြောင်း**

ဝိုင်းမော်မြို့၊ မြို့မမြောက်၊ အိမ်အမှတ် (၂၂၅)နေ ဦးချစ်စန်း ၁/ဝမန(နိုင်)၀၇၀၄၉၇ ၏သမီး မမေယွမ်ယွမ်အား မမြတ်ယမုံဖူးဟု ပြောင်းလဲခေါ်ဆိုပါရန်။

---

**ဖခင်အမည်မှန်**

ကျောက်ပန်းတောင်းမြို့နယ်၊ မကျီးတိုင်းကျေးရွာ၊ အထက(ခွဲ)၊ နဝမတန်း(A)မှ မောင်ချစ်မိုးဦး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ ဦးပြေငြိမ်း ၉/ကပတ(နိုင်)၂၀၈၀၁၀ ဖြစ်ပါကြောင်း။ **ဦးပြေငြိမ်း**

---

**ဖခင်အမည်မှန်**

ကျောက်ပန်းတောင်းမြို့၊ လေးရွာ အထက(ခွဲ)၊ ပဉ္စမတန်း(B)မှ မောင်ဇေမျိုးထက်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးအောင်ဇော်ဌေး ၉/ကပတ(နိုင်)၁၅၄၆၀၉ ဖြစ်ပါကြောင်း။ **ဦးအောင်ဇော်ဌေး**

---

**ဖခင်အမည်မှန်**

ရွှေဘိုမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(D)မှ မဇင်ဇင်ယုနှင့် အဋ္ဌမတန်း(B) မှ မအေးသီရိတို့၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ညွန့် ဖြစ်ပါသည်။ **ဦးခင်မောင်ညွန့်**

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

နေပြည်တော်၊ ဒက္ခိဏာခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၈၉)၊ ဧရိယာ ၀ဒသမ ၀၈၂ဧကရှိ ဦးညီမြင့်လွင်အမည်ပေါက် ပါမစ်မြေအား ဒေါ်ခိုင်ဝါသွယ်(ဘ)ဦးစိန်ထွန်း ၁၂/ဥကတ(နိုင်)၁၅၇၄၄၈မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ နှစ်ဦးနှစ်ဖက် သဘောတူကတိဝန်ခံချက်၊ ဝယ်ယူပိုင်ဆိုင်ကြောင်းကိုယ်တိုင်ကတိပြုလွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရဲစခန်း ထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှား စာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်နေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

နေပြည်တော်၊ ဒက္ခိဏာခရိုင်၊ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၂၃၄၅)၊ ဧရိယာ ၀ဒသမ ၀၈၂ဧကရှိ ဒေါ်အုံးကြွေအမည်ပေါက် ပါမစ်မြေအား ဦးနန်းမင်းအောင်(ဘ)ဦးတင်လှိုင် ၉/လဝန(နိုင်)၁၆၁၇၃၀မှ မြေပေးမိန့်၊ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်၊ နှစ်ဦးနှစ်ဖက် သဘောတူကတိဝန်ခံချက်၊ဝယ်ယူပိုင်ဆိုင်ကြောင်း ကိုယ်တိုင်ကတိပြုကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

နေပြည်တော် ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ ၀ဒသမ၂၂၈ဧက၊ မြေကွက်အမှတ် (ဥ-၅၀၉၆-ဘီ)၊ ဦးဇော်ထွန်း ၁၂/ကမရ(နိုင်)၀၀၅၈၅၀ (ဘ)ဦးစိန်မောင်အမည်ပေါက် နှစ် ၃၀ မြေငှားဂရန်စာချုပ်မြေကွက်ကို ဒေါ်ဌေးဌေးကြည် ၁၂/ကမရ(နိုင်)၀၀၅၈၅၅ (ဘ) ဦးရွှန်းကီးမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာရေးကော်မတီ**

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အာဆီယံတရားစီရင်ရေးပေါ်တယ် စတင်ဖွင့်လှစ်ခြင်း အခမ်းအနားနှင့် (၆)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေး တက်ရောက်

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပသည့် အာဆီယံတရားစီရင်ရေး ပေါ်တယ် (ASEAN Judiciaries Portal) စတင်ဖွင့်လှစ်ခြင်းအခမ်းအနားနှင့် (၆)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးသို့ တက်ရောက်သည်။

အာဆီယံတရားစီရင်ရေးပေါ်တယ် စတင်ဖွင့်လှစ်ခြင်း အခမ်းအနားကို (၆)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးနှင့် ပူးတွဲလျက် တစ်ဆက်တည်း ကျင်းပခြင်းဖြစ်ပြီး ယင်းအခမ်းအနားသို့ အာဆီယံအတွင်းရေးမှူးချုပ်၊ စင်ကာပူနိုင်ငံဝန်ကြီးများ၊ အာဆီယံဒေသဆိုင်ရာ နော်ဝေကိုယ်စားလှယ်၊ အာဆီယံတရားသူကြီးချုပ်များ၊ အဆင့်မြင့်တရားသူကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❖



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အာဆီယံတရားစီရင်ရေးပေါ်တယ် ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံတရားသူကြီးချုပ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

## မြန်မာ ယူ-၁၆ အသင်း ပွဲဦးထွက် နိုင်ပွဲရ

**ရန်ကုန် ဇူလိုင် ၂၉**

၂၀၁၈ အာဆီယံ ယူ-၁၆ ပြိုင်ပွဲ အုပ်စုပထမနေ့ကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ စတင်ကျင်းပရာ မြန်မာ ယူ-၁၆ အသင်း နိုင်ပွဲစတင်ရရှိခဲ့သည်။ မြန်မာ ယူ-၁၆ အသင်းသည် တီမောအသင်းနှင့် စတင်ယှဉ်ပြိုင်ခဲ့ရပြီး သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၆ အသင်းသည် ပွဲဦးထွက်အနိုင်ရခဲ့သော်လည်း တီမောအသင်း၏ တုံ့ပြန်မှုကြောင့် ခက်ခက်ခဲခဲကစားခဲ့ရသည်။ တီမောအသင်း၏ ဦးဆောင်ဂိုးကြောင့် မြန်မာအသင်း နောက်မှလိုက်ကစားခဲ့ရပြီး ၇၈ မိနစ်ကျမှ အနိုင်ဂိုးရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ပြည့်ဖြိုးအောင်၊ ရန်ကျော်စိုး၊ နောင်နောင်စိုး၊ ခွန်ကျော်ဇင်ဟိန်းတို့ဖြင့် ပွဲထွက်ခဲ့ပြီး တီမောအသင်းကလည်း ပွဲစကတည်းက ခပ်မာမာတုံ့ပြန်ကစားခဲ့သည်။ ၄၄ မိနစ်တွင် ကော်စတာက တီမောအတွက် ဂိုးစတင်သွင်းယူခဲ့သောကြောင့် မြန်မာအသင်း

*စာမျက်နှာ ၅ ကော်လံ ၃* ❍

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၉**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်၌ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ

*စာမျက်နှာ ၅ ကော်လံ ၅* ◆

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အကြံပြုချက်နှင့် ဒေသအလိုက်ကူညီကယ်ဆယ်ရေး ဆောင်ရွက်ထားမှုများ

**နေပြည်တော် ဇူလိုင် ၂၉**

ဘားအံမြို့နယ်၊ ပဲခူးမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်ကြသူများအနေဖြင့် မြစ်ရေကြီးမှုဘေးအန္တရာယ်မှ ကင်းလွတ်ရာသို့ ရှောင်ရှားကြရန်နှင့် တောင်ငူမြို့နယ်၊ ရွှေကျင်မြို့နယ်၊ သာပေါင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက အကြံပြုထားသည်။

ဘားအံမြို့အထက(၃) အားကစားရုံ၊ အလက(၆)၊ Cyclone Shelter၊ အထက(၁)မြကြေးမုံ၊ အစ္စလာမ်ကျောင်းနှင့် အမက(၁၁)စသည့် ရေဘေးရှောင်စခန်းများရှိ ရေဘေးရှောင်ပြည်သူများအတွက် အာဟာရဖြည့်စွက်စာများအဖြစ် ပဲနို့၊ ကြက်ဥ၊ ပေါင်မုန့်၊ မုန့်အမျိုးမျိုးနှင့် သောက်ရေသန့်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့က ထမင်းနှင့်ဟင်းဘူးများကို တစ်နေ့လျှင် နှစ်ကြိမ် ဝေငှပေးလျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ ကွင်းချောင်းဝကျေးရွာ ဆေးချောင်းဝဘုန်းတော်ကြီးကျောင်း၌ ရောက်ရှိနေသော ရေဘေးရှောင်ပြည်သူများအတွက် ဆန်ရိက္ခာဖိုးများ၊ ကိုယ်ဝန်ဆောင်များနှင့် မွေးကင်းစကလေးများအတွက် စုစုပေါင်း ထောက်ပံ့ပေးငွေကျပ်သိန်း ၁၁၀ ကျော်အား ပေးအပ်ထားသည်။

ဘီးလင်းမြို့ ယာယီရေဘေးရှောင်စခန်းများရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး၊ စားသုံးဆီ၊ ငါးသေတ္တာနှင့် လူမှုရေးအကူအညီများ ပေးအပ်ခြင်း၊ စက်တပ်လှေငါးစင်း ပေးအပ်ခြင်း၊ ကိုယ်ဝန်ဆောင်များနှင့် ကလေးငယ်များအတွက် ထောက်ပံ့ငွေများ ပေးအပ်ခြင်းနှင့် ရေဘေးခိုလှုံရာ အဆောက်အအုံ (cyclone shelter)နှစ်လုံး ဆောက်လုပ်ရန်တို့ကို စီစဉ်ဆောင်ရွက်ပေးထားသည်။

ကျောက်ကြီးမြို့နယ် နတ်သံကွင်းမြို့ရှိ စစ်တောင်းမြစ်ရေကာတာကြံ့ခိုင်မှုအတွက် စုပေါင်းပြုပြင်ထိန်းသိမ်းဆောင်ရွက်နေသူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

*စာမျက်နှာ ၅ ကော်လံ ၃* ✻

## ဘားအံမြို့နယ်၌ စက်လှေတိမ်းမှောက်၍ သုံးဦး သေဆုံး

*စာမျက်နှာ - ၁၃*

## အင်ဒိုနီးရှားနိုင်ငံ၌ ပြင်းထန်သည့် ငလျင်လှုပ်ခတ်ရာ ၁၄ ဦး သေဆုံးပြီး ၁၆၂ ဦး ဒဏ်ရာရ

*စာမျက်နှာ - ၁၄*


